www.burmeseclassic.com

# မိုးကျော

## ရေခဲမြှင်ပေါ်က တောင်နဂါးကြီး

နှင့်

## ရှားပါးမုဆိုးဝတ္ထုများ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညဏ်ငွ (စက်မှု)

မျက်နှာဖုံးပန်းချီ ရှန်နိုင်ဦး
အဖုံးဓာတ်ခွဲ Best Color
အတွင်းဓလင် တိုဦး
Logo ဒီဇိုင်း ဝန်းချိုကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ မသက်နှင့်ဝေယျာမြေ
စာစီ မောင်သာယာ

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊ တန်ဖိုး (၁၁၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၃၀၅၀၅ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၁၃၀၆၀၇ အရ
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
မျက်နှာဖုံးရိုက်နှိပ်ကာ၊
ဦးလှမိုး(ညဏ်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ဝေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပ-ထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ
ပထမအကြိမ် . . . အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC

ဝေယျာမြေစာစဉ် -(၆၃)

# ဖိုးကျော့

# ရေခဲပြင်ပေါ်ကတောင်နဂါးကြီး

နှင့်

# ရှားပါးမှုဆိုးဝတ္ထုများ

ဝေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း(၁၈)-ပထပ်၊
(၁၇×၁၈)လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း -၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဇူဇကာ၏နှလုံးသား | ၁ |
| ၂။ | ခမောင်းပင်ပေါ်ကတစ္ဆေလင်မယား | ၂၁ |
| ၃။ | သားဇော | ၂၉ |
| ၄။ | သေအောင်ဆော့တဲ့မျောက် | ၄၁ |
| ၅။ | အန္တိမ၏ကာလနောက်ဆုံးမှာ | ၄၉ |
| ၆။ | နောက်ခိုင်းကျောကပ်သီဝရီ သို့မဟုတ် ၃နှင့်၄ | ၅၇ |
| ၇။ | ရေသူမချိုင်၏လျှို့ဝှက်ချက် | ၇၇ |
| ၈။ | ရေခဲပြင်ပေါ်ကတောင်နဂါးကြီး | ၈၃ |
| ၉။ | ဖိုးသင်းမျောက် | ၉၁ |
| ၁၀။ | ကျားသတ်သမား | ၁၀၃ |
| ၁၁။ | ဆင်သမားနှင့်ကျားရဲတစ်ကောင် | ၁၁၃ |
| ၁၂။ | ပျားမုဆိုးတို့၏အန္တရာယ် | ၁၂၇ |
| ၁၃။ | စွန်သတ်ပျား | ၁၃၃ |
| ၁၄။ | ရွှေလီရိုးကဝံဆိုး | ၁၄၁ |
| ၁၅။ | နွားနောဂကြီးနှင့်တောခွေးများ | ၁၅၁ |
| ၁၆။ | ကားစင်မှာ ကျားတင်ထား၏ | ၁၆၁ |
| ၁၇။ | သစ်ဆွဲလမ်းက သစ်ခြောက်ပင် | ၁၇၁ |



BURMESE CLASSIC

# ဇူဇကာ၏နှလုံးသား

ဇာတ်ထွက်ခါနီးမှ ဆိုင်းသံဗုံသံ တူရိယာမျိုးစုံတို့၏အသံက တိခနဲ ပြတ်ပြီးရပ်သွား၏။

ပွဲကြည့်ပရိသတ်များသည် ဘာပါလိမ့်ဟု ဇာတ်စင်ဘက်သို့ အားလုံးငေးကြည့်ကြသည်။ ဇာတ်စင်ရှေ့တွင် နီရဲသော ကတ္တီပါကားလိပ်ကြီး ဖြန့်ချထားသည်ကို အထင်းသားမြင်နေရသည်။

ပွဲတော်မှာ ပိန်းနဲတောင်ရွာ ဘုံကထိန်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲဖြစ်သည်။

ပိန်းနဲတောင် ရွာသားတွေအတွက် သူတို့ မှတ်မိသလောက် တစ်သက်တာတွင် ဤလိုပွဲမျိုး တစ်ခါမှမကျင်းပဖူး။ ဤနှစ်ပွဲသည် ပထမဦးဆုံးပွဲဖြစ်သည်။ ဂုဏ်ယူဝင့်ကြွားစရာကောင်းသော ပွဲပင်။

အဘယ်ကြောင့်ဆိုသော် သူတို့အရပ်သည် ဤနယ်တစ်ဝိုက်တွင် တောအကျဆုံး အခေါင်ဆုံးဖြစ်သည်။

ပေယျာလမြေဇာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာကြည့်ကြည့် အရပ်ရှစ်မျက်နှာတို့တွင် တောနှင့်တောင်တို့ကသာ ဝိုင်းရံဆီးတားထားသော အရပ်ဖြစ်သည်

ကျောင်းကန်ဆို၍လည်း ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းသာရှိ၏။

ဘုန်းတော်ကြီးရှိသည်မှာလည်း ဆယ်နှစ်ခန့်သာရှိသေးသည်။

သူတို့ ရွာသားတွေနှင့်ပတ်သက်၍ အထက်ကျော်ကာရီက ပုံပြင်မဟုတ်သော တကယ့်အဖြစ်အပျက်တစ်ခုလည်း ရှိခဲ့သည်။

ပိန်းနဲတောင်ရွာနှင့် ငါးမိုင်ခန့်ဝေးသော မင်းတက်ပြင်ရွာတွင် ဘုရားပွဲတော်၌ ရုပ်သေးဇာတ်က၏။

ရုပ်သေးဇာတ်၏ ထုံးစံအတိုင်း ဘီလူးဆိုင်းတီး၍ ဘီလူးထွက်လာသောအခါ တကယ်ဘီလူးထွက်လာသည် အထင်နှင့် ပိန်းနဲတောင်ရွာသားအချို့ ထွက်ပြေးကြဖူးသည်ဆို၏။

ဤသည်မှာလည်း ဘယ်နှစ်ခုနှစ်ကဟု တိတိကျကျ မှတ်တမ်းမတင်ထားကြသော်လည်း အဖြစ်အပျက်ကတော့ အမှန်တကယ် အဖြစ်အပျက်ပင်။

ဤသည်တို့ကြောင့်လည်း သူတို့ရွာသားများခမျာမှာ ဘီလူးကိုမယ်နေဘ်ဟု နောက်ပြောင်ခံခဲ့ကြရသည်။

သူတို့နယ်တစ်ဝိုက်တွင် ရွာပေါင်းဆယ့်နှစ်ရွာရှိ၏။

အားလုံး ပိန်းနဲတောင်ထက်ကြီးသောရွာ လူချမ်းသာ ကြေးရတပေါသော ရွာချည်းဖြစ်၏။

ယခင်ကဆိုလျှင် ထိုရွာများတွင် ကထိန်ပွဲ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲတွေက မြိမ့်မြိမ့်သဲ စည်ကားခဲ့ကြသည်။





ယခုနှစ်တော့ ဘယ်ရွာမှ ကထိန်ပွဲ ဆွမ်းတော်ကြီးလောင်းလှူပွဲ အထမမြောက်။ မိုးခေါင်၍ ပွဲဖြစ်ဖို့ ဆိုမထားနှင့် ဝမ်းစာစပါးပင် အနိုင်နိုင်ဖြစ်ကြသည်။

ပိန်းနဲတောင်ရွာကလွဲလျှင် တခြားရွာတွေအားလုံး လယ်သမား၊ ယာသမား၊ ကိုင်းသမားချည်းဖြစ်ကြသဖြင့် သူတို့အားလုံး မိုးဒဏ်ကြောင့် ဤနှစ်ထိခိုက်ကြသည်။

ပိန်းနဲတောင်ရွာမှာကား ယခင်ကပင် လယ်ယာနှင့်အသက်မွေးဝမ်းကြောင်းသောရွာမဟုတ် ဖက်ခြံလုပ်သော ရွာသာဖြစ်၏။

ဤမှာဘက်နှစ်ပိုင်းတွင် သနပ်ဖက်ဈေးတွေကလည်း အဆမတန်တက်လာလေရာ ပိန်းနဲတောင်ရွာသားတွေမှာ ချောင်ချောင်လည်လည်ဖြစ်လာကြသည်။ ကျောင်းကန် ဘုရားများ ပြုပြင်နိုင်လာကြသည်။ ဘယ်ရွာမှမလုပ်နိုင်သော ကထိန်ပွဲနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲကို မြိမ့်မြိမ့်သဲမျှ ကျင်းပနိုင်ကြလေပြီ။

ရွာနီးချုပ်စပ်တစ်ဝိုက်တွင် ဘယ်ရွာမှပွဲမဖြစ်၍ ပွဲငတ်နေကြရာ ပိန်းနဲတောင်ကထိန်ပွဲမှာ မနေ့ညက ကြက်ပျံမကျ စည်ကားခဲ့သည်။ ပွဲဝင်ညဖြစ်သော မနေ့ကပင် ဤမျှစည်ကားခဲ့လျှင် ပွဲလယ် ဤနေ့ညနှင့် ပွဲဆုံးမနက်ဖြန်ညတို့မှာ တိုးမပေါက်အောင် စည်မည့်ပွဲတော်ပင်တည်း။

ထို့ကြောင့်လည်း ပွဲတော်ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြသော ဘုန်းတော်ကြီးနှင့် ရွာလူကြီးတို့မှာ ဂုဏ်ယူမဆုံး တပြုံးပြုံးဖြစ်ခဲ့ကြ၏။ သို့သော် ထိုသို့ အလွန်ဂုဏ်ယူစရာကောင်းသည့် ပွဲတော်ကြီးတွင် ပိန်းနဲတောင်ရွာသားများသည် ကုန်ခဲ့သောညက သူတို့သိက္ခာကို သူတို့ချလိုက်ကြသည်။

www.burmeseclassic.com



ရွှေအထက်ကျော်ကာရီက မင်းတက်ပြင်ရွာဘုရား ပွဲတော်တွင် ဘီလူးထွက်၍ ပိန်းနဲတောင်ရွာသားများ ထွက်ပြေးကြ ည် ဆိုသော ဒဏ္ဍာရီစကား ဥပမာကို ယခုတော့ ဒဏ္ဍာရီမဟုတ်ပါဘူး တကယ်ပါ အဟုတ်ပါ။ ကျွန်တော်တို့ရွာသားများဟာ ပွဲခင်းထဲက ဘီလူးထွက်သည် ထင်၍ ပွဲခင်းထဲက ထွက်ပြေးကြသည်မှာ 'အမှန်ပါခင်ဗျား'ဟု ဝန်ခံလိုက်ကြသလို ဖြစ်သွားခဲ့၏။

BURMESE CLASSIC

ဖြစ်ပုံမှာ . . .

မနေ့ညကထိန်ပွဲတွင် ပန်းတျာရွှေပြည်ဇာတ်အဖွဲ့က ရှေ့ပိုင်းတောင်ပေါ်ပန်းပြဇာတ်နှင့် နောက်ပိုင်းတွင် ဝေဿန္တရာဇာတ်တော်ကို ကပြရာတွင်တော့ ပွဲပျက်လုခမန်း ဖြစ်သွားခဲ့ရသည်။ လူကြီးနှင့် ဘုန်းတော်ကြီးပင် အနိုင်နိုင်ထိန်းလိုက်ရသည်။

ဂဏ္ဍာနှင့်ဇာလီအား ဇူဇကာပုဏ္ဏားနှိပ်စက်ခန်းတွင် ဂဏ္ဍာနှင့်ဇာလီလေးကို နှိပ်စက်ရမည်လားဆိုပြီး ပိန်းနဲတောင်ရွာသားများသည် ဇူဇကာပုဏ္ဏားလုပ်သူ ဦးအောင်ရွှေအား ဇာတ်စင်ပေါ်တက်ရိုက်ကြသဖြင့် ဇူဇကာခမျာ ခေါင်းကွဲသွားသည်။ တမင်ဇာတ်သဘောအရ လုပ်ပြသည်ကို အကယ်ထင်မှတ်ပြီး ဤသို့ပုဏ္ဏားကို တက်ရိုက်ရလေမလားဟု ဘုန်းတော်ကြီးနှင့်သူကြီးတို့မှာ ယမ်းပုံမီးကျ ဒေါသထွက်သွားကြသည်။

ယခင်က ဘီလူး၊ ယခု ပုဏ္ဏား အများသရော်စရာ စကားကြွင်းကျန်တော့မည်ဟု အရှည်လည်းမြင်ကြသည်။

ထို့ကြောင့် ပုဏ္ဏားကိုတက်ရိုက်သောလူများထဲမှ မိမိရရဖမ်းမိလိုက်သူ အသက်လေးဆယ်နှင့် ငါးဆယ်ကြား ရွာသားကြီးသုံးဦးတို့ ဘုန်းတော်ကြီးက "ဟဲ့ ဂဏ္ဍာနဲ့ဇာလီကို ဇူဇကာရိုက်တာထက် နင်တို့ဒါ





ရိုက်တာ ဘယ်သူ့လက်ကပိုပြင်းလဲ မှတ်ထားကြဟဲ့ မှတ်ထားကြ"ဆိုပြီး တစ်ယောက်ကို ကြိမ်အချက်နှစ်ဆယ်စီရိုက်သည်။ သူကြီးက ထိတ်တုံးခတ်ထားသည့်အပြင် ဘုန်းတော်ကြီးကပါ ကြိမ်နှင့် တအားလာရိုက်နေသောအခါ အသက်လေးဆယ်ကျော် မကြီးမငယ် ရွာသားကြီးတွေမှာ ခွေးအော်ဝက်အော် အော်ကြသည်။

"နောက်မလုပ်တော့ပါဘူး ဘုရား၊ တပည့်တော်မှားပါပြီ ဘုရား၊ ကြောက်ပါပြီဘုရား၊ သေရပါတော့မယ် ဘုရား"ဟု ဘုန်းကြီးဒေါသကိုသိ၍ သေမတတ်အော်ဟစ် တောင်းပန်ခဲ့ကြရသည်။

ဂဏ္ဍာနှင့်ဇာလီကို သနားမိ၍ ပုဏ္ဏားလက်ထဲက ကယ်ခဲ့ကြသည်။ ဇူဇကာပုဏ္ဏားကို ဝိုင်းရိုက်ခဲ့ကြသည်။ သို့သော် ယခုတော့ သူတို့ကို ကယ်မည့်သူမရှိပြီ။ တစ်ညနှင့် တစ်ရက်ရှိပြီ။ ယနေ့အထိ ထိတ်တုံးကမထွက်ရသေး။ မဏ္ဍာပ်ရှေ့တွင် ထိတ်တုံးထဲထည့်ထားသော သူတို့သုံးဦးအား ပွဲလာသမျှ ကလေးသူငယ် လူကြီးမိန်းမ ယောကျာ်းလူစုံ လာကြည့်ကြသည်။ သူတို့မှာ ရှက်လည်းရှက်လှပြီ။ ဘုန်းတော်ကြီး တအားဆော်ထားသော ကြိမ်ချက်တွေကလည်း ကျိန်းစပ်နာကျင်လွန်းလှပြီ။

ဘုန်းကြီး စိတ်ဆိုးမပြေသေးဘူးဆိုလျှင် ဤညလည်း တစ်ညလုံး ထိတ်တုံးနှင့် နေကြရလိမ့်မည်။

ဇာတ်ထွက်ခါနီး ဆိုင်းသံဗုံသံတွေ ရပ်သွားသဖြင့် လူတွေမှာ ဘာများဖြစ်ပါလိမ့်ဟု အားလုံးသောမျက်နှာတွေက ဇာတ်စင်ဘက်လှည့်သွားကြသည်။

ထောင်ပေါင်းများစွာသော မျက်လုံးတွေက ဇာတ်စင်ကို စိုက်ကြည့်နေကြသည်။ မနေ့ကအရှိန်ကြောင့် လန့်ဖျပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်သွားသော ကတ္တီပါကားလိပ်ကြီးရှေ့သို့ ဘုန်းတော်ကြီး တစ်ပါး ကြွလှမ်းလာ၏။ ပြောင်လက်နေသောမဟာနဖူးနှင့် တောင့်တင်းကြံ့ခိုင်သောပုံပန်း၊ လက်တစ်ဖက်တွင် တစ်လက်မလောက်ရှိသော ကြိမ်တုတ်ကြီးကို ကိုင်လာကတည်းက ပိန်းနဲတောင်ရွာ ကျောင်းထိုင်ဆရာတော်ကြီးမှန်း မမေးဘဲသိသွား၏။

ဘုန်းတော်ကြီးသည် ပွဲဘက်သို့တစ်ချက်လှမ်းကြည့်ပြီး 'အဟမ်း' ဟု သလိပ်ဟပ်လိုက်သည်။ ဈေးတန်းကလွဲ၍ ပွဲခင်းတစ်ခုလုံးမှာ အပ်ကျသံကိုပင် ကြားရလုမတတ် တိတ်ဆိတ်သွားသည်။

"ကဲ. . မင်းတို့ မြင်ကြပြီမဟုတ်လား၊ မင်းတို့ဆိုတာ လေးစားစရာကောင်းတဲ့ တခြားရွာက ပွဲလာကြည့်ကြတဲ့ ပရိသတ်တွေကို ကျုပ်ပြောတာ မဟုတ်ဘူး၊ ပိန်းနဲတောင်ရွာက လူငနွားတချို့ကိုပြောတာ၊ ဒကာတို့ အားလုံးသိကြတဲ့အတိုင်း ဒီရွာနဲ့ပတ်သက်လို့ ဘီလူးပုံပြင်ဇာရှိပြီးသား ခုတော့ ဒီဘီလူးပုံပြင်ကိုပျောက်အောင်လို့ ကျုပ်နဲ့သူကြီးက ကြိုးစားလိုက်ကြတာ ဖတ်ဖတ်ကိုမောရော၊ ရလာတော့ ဘီလူးပုံပြင် မပျောက်တဲ့အပြင် ပုဏ္ဏားပုံပြင်ကပါ တိုးလာတယ် ကဲ, ကောင်းကြသေးရဲ့လား၊ ပိန်းနဲတောင်ရွာကလူအန္ဓတွေရဲ့ ဇူဇကာလုပ်တဲ့လူကိုများ ဇာတ်စင်ပေါ်တက်ပြီး ခေါင်းကွဲအောင်ရိုက်ကြတယ်လို့ ကြားလို့မှ တော်ကြသေးရဲ့လား၊ ပြောကြပါဦး ခွေးတိရစ္ဆာန်တွေရဲ့ ပြောကြပါဦး တောက်. . ."

ဘုန်းတော်ကြီး မည်မျှစိတ်ဆိုးနေသည်ကို မမေးဘဲသိကြသည်။

ထို့ကြောင့်လည်း အားလုံး ထုတ်ထုတ်မျှမလှုပ်ရဲကြ။ ပိန်းနဲတောင်ရွာသားတွေသာမဟုတ် တခြားရွာနီးချုပ်စပ်က ပွဲလာကြည့်ကြသူ ပွဲကြည့်ပရိသတ်တွေကပါ ငြိမ်ချက်သားကောင်းနေကြသည်။





"ကဲ, ဒီတော့ ညကလိုအဖြစ်မျိုး ဒီညဖြစ်ရင်တော့ မင်းတို့ကျောင်းမှာ ငါမနေတော့ဘူး၊ ဒါ ငါနောက်ဆုံးပြောတာပဲ မှတ်ထားကြ ဒါပဲ"

ဘုန်းတော်ကြီးသည် ကတ္တီပါလိုက်ကာကြီးနောက် ပြန်ကြွပျောက်ကွယ်သွားသည်။

မိနစ်ပိုင်းပင်မကြာ ပိန်းနဲတောင်ရွာသူကြီး ရှုးရှုးရှဲရှဲနှင့် လိုက်ကာကြီးရှေ့ ထွက်လာရပ်၏။

"ကျုပ်ကတော့ စကားလဲ များများမပြောတတ်ဘူး၊ ခင်ဗျားတို့ကို ကျုပ် တိုတိုပဲပြောမယ်၊ ခင်ဗျားတို့ မြင်တယ်မဟုတ်လား၊ မကျုပ်ရှေ့မှာ လူငနွားသုံးကောင် ထိတ်တုံးခတ်ထားတာ၊ အဲဒါ ဘာကြောင့်လဲဆိုတာကို ကျုပ် ပြောဖို့မလိုတော့ဘူး၊ ဒီနေ့ည စန္ဒကုမာရဇာတ်ကို နောက်ပိုင်းမှာ ကပြမယ်၊ သူရိယကုမာရမင်းသားငယ်ကို ငိုရင်ပုလဲ ရယ်ရင်ရွှဲအောင် ပုဏ္ဏားလုပ်သူကို ပွဲပျက်အောင်တက်ရိုက်ရဲတဲ့ သတ္တိခဲတွေကို ဒီညလဲ ထိတ်တုံးနဲ့ ကြိုဆိုနေပါတယ်ဆိုတာ ပန်ကြားလိုက်ပါတယ်၊ ဒါပါပဲ"

ပိန်းနဲတောင် ရွာသူကြီးသည် ရှုးရှုးရှဲရှဲနှင့် လိုက်ကာနောက်ခင်ရောက်ပျောက်ကွယ်သွားပြန်သည်။

နောက်တစ်ယောက် ထွက်လာသည်၊ ခေါင်းမှာ ပတ်တီးဖြူဖြူနှင့်။ သူကာဖလီ။ အသားဖြူဖြူ သွယ်သွယ်လျလျ မျက်နှာကပြုံးထားသည်။ ဒေးရှုတောက်ပြောင်သော မျက်လုံးအစုံနှင့်အတူ သူသည် ပွဲကြည့်ပရိသတ်များဆီသို့ တစ်ချက်ဝေ့ကြည့်သည်။ ပြီး သူ၏ ပတ်တီးစည်းထားသော ခေါင်းကိုဦးညွှတ်၍ အရိုအသေ တစ်ချက်ပြုလိုက်သည်။

"ကြွရောက်လာကြတဲ့ ရွှေပွဲလာဒေည့်ပရိသတ်များခင်ဗျား၊ ယခုပဲ ကျွန်တော်တို့ ပန်တျာရွှေပြည်ဇာတ်အဖွဲ့ကို ကွင်းလုံးပြည့်မျှ လာရောက်



www.burmeseclassic.com

www.burmeseclassic.com



အားပေးကြတဲ့ ပရိသတ်များကို ကျွန်တော်တို့ ပန်တျာရွှေပြည်ဇာတ်အဖွဲ့ ကိုယ်စား ကျွန်တော်က ဂုဏ်ယူပါတယ်၊ ကျေးဇူးလဲတင်ပါတယ်ခင်ဗျား"

ဇာတ်ထဲတွင် လူကြမ်းမင်းသား ပုဏ္ဏားအမြဲလုပ်ရသော ဦးအောင်ရွှေက ပရိသတ်ကို ခဏအကဲခတ်၍ စကားကို ခဏရပ်ထားသည်။

ဘုန်းတော်ကြီးနှင့်သူကြီးတို့ ကြိမ်းသွားကြ၍လားမသိ၊ ပရိသတ်သည် တုတ်တုတ်မျှမလှုပ်ကြ၊ ငြိမ်နေကြသည်။

ဦးအောင်ရွှေသည် ပြုံးပြီး စကားဆက်လိုက်၏။

"ခုလို ကျွန်တော်တို့ဇာတ်ကို လာရောက်အားပေးကြတဲ့ ပရိသတ်များကို ကျေးဇူးတင်သလို မနေ့ညကပွဲမှာ ကျွန်တော့်ကို တံဆိပ်အမှတ်တစ်ခုအဖြစ်နဲ့ ဆုချလိုက်တဲ့ ပိန်းနဲတောင်ရွာက ညီတော်နောင်တော်များကိုလဲ အထူးပဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားလိုပါတယ်၊ ကျွန်တော့်ကို ပိန်းနဲတောင်ရွာသား ညီတော်နောင်တော်များ ပေးလိုက်တဲ့ ဆုအမှတ်တံဆိပ်ကတော့ အများမြင်ကြတဲ့ ခေါင်းကပတ်တီးဖြူဖြူနဲ့ ဒဏ်ရာပါပဲ"

ဘုန်းကြီးနှင့်သူကြီးတို့ ကြိမ်းထား၍ ပဲ့စပ်ပိတ်ကာအောင့်ထားကြသော ပရိသတ်များမှာ ဦးအောင်ရွှေစကားကြောင့် ထိန်းမရတော့ဘဲ ဝါးလုံးကွဲရယ်လိုက်ကြသည်။ ဇာတ်စင်ရှေ့ရှိ ဦးအောင်ရွှေကလည်း ရယ်နေ၏။

"ဒါဟာ ရယ်စရာပြောတာ မဟုတ်ပါဘူးခင်ဗျာ တကယ်ပါ တကယ်ပြောနေတာ၊ ကျွန်တော်ဟာ မင်းသားကြမ်းလုပ်တဲ့ အလုပ်နဲ့ပဲ ပရိယေသနဝမ်းစာ ရှာစားနေရတဲ့ အနုပညာသည်တစ်ယောက်ပါ၊ ဇာတ်သမားတစ်ယောက်ပါ၊ များသောအားဖြင့်တော့ ပုဏ္ဏားလုပ်ပြီး ထမင်းစားနေတဲ့လူပေါ့ခင်ဗျာ၊ ကျွန်တော် ပွဲတစ်ညကို အစိတ်ရပါတယ် . . . .





ဒါက ခုလက်ရှိဈေးနှုန်းပါ၊ ဒီနှစ်ကုန်လို့ နောင်နှစ်နောင်ခါဆိုရင်တော့ တစ်ညကို သုံးဆယ် သုံးဆယ့်ငါးကျပ်ရဖို့ ကိုင်းသေနေပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ညကပွဲမှာ ပိန်းနဲတောင်ရွာက ညီတော်နောင်တော်တွေ ခေါင်းကွဲအောင် မြှောက်စားလိုက်တဲ့အတွက်ပဲ ဖြစ်ပါတယ်"

ပရိသတ်က ရယ်ကြပြန်သည်။

"မရယ်ကြပါနဲ့ခင်ဗျာ တကယ်ပြောတာပါ၊ ပရိသတ်က ဒီလို မြှောက်စားအားပေးမှုကိုရဖို့ ချီးမြှောက်ခံရဖို့ဆိုတာ ပွဲတစ်ရာကလို့ တစ်ပွဲမကြုံရပါဘူး၊ ပရိသတ်များဘက်က ခေါင်းကွဲအောင် အရိုက်ခံရလို့ ကျွန်တော် စိတ်ဆိုးပြီးရွဲ့ပြောတယ်လို့ ထင်ကောင်းထင်ကြပါလိမ့်မယ်၊ တကယ်ပါခင်ဗျာ ဒီလိုချီးမြှောက်ကြတာ ခုထိ ကျွန်တော် တစိမ့်စိမ့်တွေး ပီတိဖြစ်လေ ဝမ်းသာလေပါပဲ၊ ဘုရားစူးရပါစေရဲ့၊ ကျွန်တော်တို့ ဇာတ်သဘင်အနုပညာလောကမှာ ဒါဟာ စံထားလောက်တဲ့ အောင်မြင်မှုပါပဲ၊ ကျွန်တော်,တော်လို့ သရုပ်ဆောင်ကောင်းလို့ ပိန်းနဲတောင်ရွာက ညီတော်နောင်တော်တွေဟာ ဒါက ဇာတ်သဘောအရ ပုဏ္ဏားလုပ်ပြီး သက်သက်ညာဝါးလုပ်ပြနေတာပါလားလို့တောင် မထင်နိုင်ကြတော့ဘဲ ကျွန်တော့်ကို တကယ့်ဇူဇကာအမှတ်နဲ့ တက်ရိုက်ကြတာဟာ ကျွန်တော့်အောင်မြင်မှုပဲ မဟုတ်ပါလားခင်ဗျား၊ အဲသလို ကျွန်တော့်အောင်မြင်မှုရသွားလို့လဲ နောက်နှစ်ဆိုရင် ကျွန်တော်ဈေးတက်သွားပြီး တစ်ညကို သုံးဆယ်လေးဆယ်ရတော့မယ်၊ အဲဒါကြောင့်လဲ ကျွန်တော်က ပိန်းနဲတောင်ရွာက ညီတော်နောင်တော်တွေကို ကျေးဇူးတင်ကြောင်း ထပ်ပြောရခြင်းဖြစ်ပါတယ်၊ ကျွန်တော့်ကို တက်ရိုက်မိလို့ အမှန်မှာ ကျွန်တော်ကလဲ တက်ရိုက်ချင်စရာကောင်းလောက်အောင် သရုပ်ဆောင် တော်သွားတာကိုး . . . . . .



www.burmeseclassic.com

www.burmeseclassic.com



. . . အဲဒီ ထိတ်တုံးခတ်ထားတဲ့ ပုဂ္ဂိုလ်တွေကိုလဲ လွှတ်ပေးဖို့ ကျွန်တော် ဆရာတော်ဘုရားနဲ့ သူကြီးမင်းတို့ကို ပန်ကြားပြီးပါပြီ"

"မလွှတ်နဲ့ မလွှတ်နဲ့၊ ပုဏ္ဏားကိုရိုက်တဲ့လူတွေ မလွှတ်နဲ့"

သူတို့ရွာကို သက်သက်နာမည်ဖျက်သည်ဟု ဒေါ်ကန်နေကြသော ပိန်းနဲတောင်ရွာသားတွေက ဝိုင်းအော်ကြသည်။

"သည်းခံကြပါခင်ဗျာ၊ ဒီနေရာမှာ ကြုံတုန်းကြုံခိုက်မို့ ရွှေပွဲလာ ဧည့်ပရိသတ်များကို ကျွန့်တော် အနည်းငယ်တင်ပြပါရစေ၊ ပြောခွင့်ပြု ကြပါ"

"ပြောပါ ပုဏ္ဏားကြီး ပြောပါ ပြောပါ"

ဇာတ်စင်အောက်ရှိ ဝါးရင်းတုတ်ကိုယ်စီနှင့် လုံခြုံရေးကာလသား တွေ လှုပ်အော်ကြ၏။

"ကျွန်တော်ပြောချင်တာကတော့ ဇာတ်ထဲမှာ ဇာတ်သဘောအရ ပုဏ္ဏားလူကြမ်းလုပ်ပြီး မင်းသားမင်းသမီးတွေကို ရိုက်ရ ပုတ်ရ ငိုရအောင် ရယ်ရအောင် လူတွေ တကယ်ထင်လောက်အောင် သောက်မြင်ကပ်စရာ ဆိုတဲ့အဆင့်ထိရောက်အောင် သရုပ်ဆောင်ရတဲ့ ကျွန်တော်တို့လူကြမ်း မင်းသားတွေမှာလဲ ကြင်နာတတ်တဲ့အသည်းနှလုံး ရှိတယ်ဆိုတာဟာ ပရိသတ်များ သိထားစေချင်ပါတယ်၊ ညက ဂဏှာနဲ့ဇာလီလေးလုပ်တဲ့ ကလေးတွေဟာ ကျွန်တော့်သားလေးနဲ့ ကျွန်တော့်သမီးလေးအရင်းတွေပါ"

ပရိသတ်တွေမှာ ဟာခနဲ/ဟက်ခနဲ ဖြစ်သွားကြသည်။

"အံ့သြသွားကြပါသလားခင်ဗျာ၊ မအံ့သြပါနဲ့ ဒါဟာ အမှန် တကယ်ပါ။ ခုလိုဖွင့်ပြောလိုက်ရလို့ လူကြီးမင်းများ ကြည့်ထားတဲ့ဇာတ် တောင် ရသလျော့ပေါ့သွားရင် ခွင့်လွှတ်ကြပါ၊ ဒီနေရာမှာ ကျွန်တော်တို့





လူကြမ်းမင်းသားတွေရဲ့ အကျပ်အတည်း အခက်အခဲတွေကို အနည်းငယ် တင်ပြပါရစေ၊ ကျွန်တော်တို့ဇာတ်ထဲမှာ ဇာတ်သဘောအရ မင်းသား မင်းသမီးတွေကို ရိုက်တာမြင်ရလို့ နှိပ်စက်တာကို ကြည့်နေကြရလို့ ပရိသတ်က ကျွန်တော်တို့ကို တက်ရိုက်ချင်လောက်အောင် မုန်းကြ ဒေါသ ထားကြသလို အရိုက်ခံရတဲ့ အနှိပ်စက်ခံရတဲ့ မင်းသားမင်းသမီးတွေ ကတော့ ကျွန်တော်တို့ကို မမုန်းဘူးထင်သလား၊ သူတို့ကလဲ မုန်းတာပဲ၊ ဝမ်းရေးအတွက် ခံနေကြ လုပ်ပြနေကြရပေမယ့် တစ်ခါတစ်ခါမှာ သူတို့ ကလဲ ကျွန်တော်တို့ကို မကျေနပ်ကြဘူး၊ လက်လွန်ခြေလွန် ဆိုသလိုများ တစ်ချက်တလေ မတော်တဆထိမိခိုက်မိရင် နေ့လည်ကျ ငါနဲ့စကားများ ထားကြလို့၊ သူ့ကလေးကို ငါပြောမိလို့၊ သူ့မိန်းမနဲ့ ငါနဲ့ ဟိုတလောက စကားများထားကြလို့၊ ငါ့ဆီပိုက်ဆံလာချေးတာ မချေးလိုက်လို့၊ အဲသလို တစ်ခုခု သံသယဝင်ပြီး ပွဲထဲမှာ မတော်တဆလိုလို ဘာလိုလိုနဲ့ သူတို့ကို တကယ်နှိပ်စက်တာ ရိုက်တာလို့ ထင်ကြမုန်းကြတဲ့ မင်းသားမင်းသမီး တွေလဲ အများကြီးပါပဲ၊ ညက မပြောအားလို့ မပြောနိုင်ခဲ့ကြပေမယ့် မိုးထင်းတော့ အဲဒီကိစ္စပါပဲ တစ်ယောက်နဲ့တစ်ယောက် စောင်ကြ စောင်း ကြရာက ရန်ဖြစ်ကြတာလဲ အများကြီးပါပဲ၊ ပုဏ္ဏားကြီးဟာ ထမင်းစားလို့ တောင်မဝင်ပါဘူး၊ အဲဒါကြောင့် ကိုယ့်တူကိုယ့်သားတွေ ဆိုရင်တော့ ပြဿနာ သိပ်မရှိဘူးပေါ့၊ ကျွန်တော်တို့ လူကြမ်းမင်းသားလုပ်စားရတဲ့ လူတွေအားလုံး အမုန်းအငြိုးခံပြီး ထမင်းစားရတဲ့ဘဝမို့ ထမင်းတစ်လုတ် တောင် ဖြောင့်ဖြောင့်မျိုမကျတဲ့ ဘဝပါ၊ အဲဒါကြောင့် ကျွန်တော်တို့ လူကြမ်းလူတန်းစားက သဘောရိုး မနောရိုးနဲ့လုပ်တာကို ဇာတ်သမား အချင်းချင်းဖြစ်တဲ့ မင်းသားမင်းသမီးတွေကတောင် သဘောမပေါက်ကြ



www.burmeseclassic.com

www.burmeseclassic.com



. . . ဘူးဆိုရင် ပွဲကြည့်ပရိသတ် အရပ်သူ အရပ်သားတွေ ညကလို ပုဏ္ဏားကြီးဇူဇကာကို တက်ရိုက်တာဟာ ဆန်းပါသလားခင်ဗျာ၊ အဲဒီလို တက်ရိုက်လို့ ဇူဇကာပုဏ္ဏားကြီးမှာ ခေါင်းကွဲနီးကီးပြီ. . ခေါင်းကွဲနီးကီးပြီ ညကျရင် ဘာကွဲနီးကီးမလဲ မသိသေးဘူး မသိသေးဘူး . . ဝှဲ ဝှဲ ဝှဲ"

ဦးအောင်ရွှေက အတည်ပြောနေရာမှ ပုဏ္ဏားလေသံနှင့်အသော ဖောက်လိုက်သောအခါ ပရိသတ်တွေမှာ ဝါးခနဲဖြစ်သွားကြပြန်သည်။

သူ့ကိုတက်ရိုက်၍ ထိတ်တုံးခတ်ခံထားရသော လူသုံးယောက်ပင် ဦးအောင်ရွှေဟာသကို ပြုံးမိကြသည်။

"ကဲ၊ အဲဒီတော့ ပွဲထွက်ခါလဲနီးပါပြီ၊ ပြောနေရင် ပုဏ္ဏားစကား ကြောရှည်လို့ ထပ်အရိုက်ခံရရင် မကောင်းတော့ဘူး၊ ခုလို ပျော်ပျော်ရွှင် ရွှင်နဲ့ ရွှေပွဲလာဒေသ့ပရိသတ်များ စောင့်စားမျှော်လင့်နေကြတဲ့ 'လောက လူ့ရွာ'ဆိုတဲ့ အော်ပရာလေးကို ဦးစွာရှုစားကြရအောင်၊ ကဲ၊ ရွာစားရေ မှုသားမပါတဲ့ ကျွန်တော့်စကားကို ကောင်းချီးသြဘာလေး တီးခတ်ပေး လိုက်ပါဦးလား ခင်ဗျာ"

ဝီစီခရာသံနှင့်အတူ တူရိယာမျိုးစုံနှင့် ဆိုင်းသံတို့က ရုတ်ခြည်း ဆူညံစွာထွက်ပေါ်လာလေသည်။

⁕

"အမယ်လေး. . သေရပါတော့မယ် ပုဏ္ဏားကြီးရယ်လေ"

"မသေနဲ့ဦး မသေနဲ့ဦး၊ ဇူဇကာ့ပြည်တော်မှာ ပုလဲတွေရွဲ့တွေ ပြည့် မပြည့်သေးဘူး၊ မသေလိုက်နဲ့ဦး မသေလိုက်နဲ့ဦး"

သူရိယကုမာရမင်းသားရှေ့ ပုဏ္ဏားကြီးက ပြည်တောင်းကြီးထိုးခံ နေ၏။





ငိုရင်ပုလဲ ရယ်လျှင်ရွှဲထွက်သော မင်းသားကို ပုဏ္ဏားကြီးက တအားနှိပ်စက်ခန်းရောက်နေသည်။ ပရိသတ်များမှာလည်း အလွန်ပင် စိတ်ဝင်စားပြီး မင်းသားလေးကို သနားလျက်ရှိကြသည်။

"မလှုပ်ကယ်နိုင်ပါတယ် ငှဘ်တုတ်ထိုင် ထူမထနိုင်ဘူး နာလှ ကိုယ်လုံး . . အုံး. . အုံး. . နာလှကိုယ်လုံး"

"အသားမနာကီးချင်ရင် ပုဏ္ဏားကြီးကို ပုလဲတွေရအောင် ငိုပေး စမ်း ငိုပေးစမ်း"

ဝုန်းခနဲ လူအုပ်ကြီးပြိုလိုက်သံ၊ တစ်ယောက်နှင့်တစ်ယောက် လှမ်း ခေါ်ကြသံ၊ အော်သံဟစ်သံတို့နှင့် ပွဲကြည့်စင်၏တစ်ဖက်မှ ပွဲကြည့် ပရိသတ်များသည် ချက်ချင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

"ဟော၊ ဖြစ်ကြပြန်ပြီ တစ်ခုခု. . ."

ဟူသောအတွေးနဲ့ ရွာနီးချုပ်စပ်မှ ပွဲကြည့်ပရိသတ်များ ထိတ်လန့် သွားကြသည်။ သူရိယကုမာရမင်းသားအား ပုဏ္ဏားအသွင်လုပ်ပြီး နှိပ်စက် ပြနေသော ဦးအောင်ရွှေမှာလည်း ရင်ထိတ်သွားသည်။

ဇာတ်နောက်ပိုင်း ပြကွက်မှာလည်း ပုဏ္ဏားကို စိစိညက်ညက်ကြေ အောင် ထုရိုက်သတ်ပစ်ချင်လောက်အောင် အခန်းကဏ္ဍာသို့ ရောက်နေ သည် မဟုတ်ပါလား။

ပုဏ္ဏားဦးအောင်ရွှေအား စိတ်မချသော ဘုန်းတော်ကြီးသည် ဘယ်ကဘယ်လိုကြွလာသည်မသိ၊ ချက်ချင်း ဇာတ်စင်ပေါ် ရောက်လာ၏။

"ဘယ်လို ဖြစ်ကြတာပါလဲ ဘုရား"

"ဘာဖြစ်ဖြစ် ဒကာ ဆက်သာကပြစမ်း၊ ကျုပ်တစ်ယောက်လုံး ဒီမှာရှိတယ် ဘာမှမပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးသည် သူ့လက်ထဲက ကြိမ်လုံးကြီးကိုဝင့်၍ ဇာတ်စင်ပုဏ္ဏားကွယ်မှ လှမ်းပြောရ၏။ မင်းသားကို နှိပ်စက်နေရသော်လည်း ဦးအောင်ရွှေမှာ စိတ်မပါတော့။ ဘာများဖြစ်ကြပြန်ပါလိမ့်ဟု စိတ်ပူနေ၏။

"ဟေး့ ဘာတွေလဲကွ၊ ဘာဖြစ်တာလဲဟင် ဘာဖြစ်တာလဲ"

တစ်နေရာတွင်မူ ရုတ်ရုတ်သဲသဲဖြစ်နေရာသို့ သူကြီးက ချက်ချင်းရောက်သွားသည်။ အကျိုးအကြောင်း မေးသည်။

"ဘာဖြစ်ရမလဲ သူကြီးရယ်၊ မအောင်ကလေးကို စပါးကြီးမြွေမျိုထားလို့တဲ့တော်၊ သူ့ယောက်ျားကိုလဲ သူကြီးတို့က ထိတ်တုံးခတ်ထားတော့ ခုဘယ်လိုလုပ်ကြမတုံး"

"ဟယ်၊ ဘယ်မှာမျိုထားတာလဲဟ နင်တို့ဟာက"

မိန်းမကြီးတစ်ယောက်ကို သူကြီးက ဟောက်သည်။

"ဘယ်မှာမျိုမလဲ အိမ်မှာပေါ့သူကြီးရယ်"

"မအောင်က မရှိဘူးလား"

"မအောင်က ပွဲလာကြည့်နေလို့ပေါ့၊ ခုမှလာခေါ်လို့ လိုက်သွားတယ်"

သူကြီးသည် ဘာမှ ဆက်ပြောမနေနိုင်တော့ဘဲ မအောင်တို့အိမ်ဘက်လိုက်သွားသည်။ အိမ်ပေါ်သို့ ချက်ချင်းတက်ကြည့်သည်။

ရုတ်တရက်မူ သူကြီးပင် လန့်သွားသည်။

စပါးကြီးမြွေကြီးသည်/လသားသာသာရှိသော ကြမ်းပြင်ပေါ်က ကလေးကို ခေါင်းကစ၍မျိုနေသည်။ စပါးကြီးမြွေ၏ ကိုယ်အောက်ပိုင်းကိုမူ မမြင်ရ၊ ခေါင်းပိုင်းလောက်သာ မြင်ရ၏။

"ဘယ်လိုဖြစ်တာလဲ မအောင်ရယ်"





သူကြီးက မအောင်ကို မေးသည်။

"ကျွန်မကလေးကို နို့တိုက်ပြီး သိပ်ထားခဲ့တာ၊ ဒီခေါင်းရင်းက ကြမ်းပေါက်ကို သတိမထားမိဘူး၊ ကလေးအိပ်ပျော်သွားတော့ အိမ်တံခါးပိတ်ပြီး ပွဲတအောင့်သွားကြည့်မယ်ဆိုပြီး ထွက်လာတာ၊ ဘာကြာလို့လဲ ဒေါ်ပုက ပွဲထဲလိုက်လာပြီး အိမ်ပေါ်က ကလေးငိုသံကြားတယ်၊ လူကြီးတွေလဲ မရှိဘူး၊ အိမ်လဲသော့ခတ်ထားတယ်ဆိုတော့ ပွဲသွားကြည့်တယ်ထင်ပြီး ပွဲထဲလာခေါ်မှ သိရတာ"

"ဟုတ်ပတော်၊ ကျုပ်ကလဲဆွမ်းချက်ထလို့ ကလေးငိုသံကြားရတာ နို့မို့ရင် သိတောင်သိမှာမဟုတ်ဘူး၊ သူတို့အိမ်ကလဲ ဖျဉ်စီဖျဉ်ထောင်ဆိုတော့ လုံခြုံတာကိုး"

ဒေါ်ပုမ ပြောသည်မှာလည်း ဟုတ်သည်။ အိမ်က ဖျဉ်စီဖျဉ်ထောင်အကွပ်လုံသည်။ အပေါက်ဆို၍ ယခုကလေးခေါင်းရင်းက ရှာထိုးဖျဉ်မမီ၍ လေးလက်မလောက်လပ်နေသော အပေါက်တစ်ပေါက်သာရှိသည်။ ကလေးမှာ နှစ်လသားအရွယ်ဖြစ်ရာ နို့ညှီနံ့ရသောမြွေကြီးသည် ကလေးခေါင်းရင်းပေါက်မှ ခေါင်းအတင်းဝင်ပြီး ကလေးကိုမျိုရန် ကြိုးစားနေ၏။ သို့သော် မြွေကြီးအနေမှာလည်း အပေါက်ကကျဉ်းသဖြင့် ကျပ်ကျပ်တည်းတည်းဖြစ်ရာ သူ့ကိုယ်အားလုံးမှာ ဖျဉ်ခင်းအောက်ကုန်းယားကို မမီတမီရစ်ပတ်ဖက်တွယ်၍ မျိုနေရ၏။ ထို့ကြောင့် ထင်သလောက် ခရီးမရောက်ဖြစ်နေသည်။ ကလေးကို ကယ်လိုသောလူတွေမှာလည်း အကျပ်အတည်းဖြစ်နေ၏။ မြွေကြီးကိုရိုက်နှက်ကြလျှင် မြွေကြီးက တွန့်လိမ်ရုန်းခါတော့မည်။ မြွေကြီးရုန်းပါလျှင် လသားအရွယ်သာရှိသော ကလေးငယ်၏ဦးနှောက်မှာ မြွေကြီးသွားအစွယ်နှင့်ကိုက်မိ၍ ပေါက်သွားနိုင်သည်။

www.burmeseclassic.com



နာနာကျင်ကျင်နှင့် မြွေကြီးက ကိုက်လိုက်လျှင် ကလေးလေးသည် ဦးနှောက် ဦးခေါင်းခွံပေါက်ပြီး ချက်ချင်းသေသွားနိုင်၏။ ကလေးကို ဤအတိုင်းဆွဲထုတ်လျှင်လည်း မြွေကြီးက ဖိဝါးကိုက်ပစ်လိုက်မည်မှာ မုချပင်။

လူတွေမှာ အကြံအိုက်နေသည်။ သူကြီးပင် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ မြွေကြီးကိုလည်း မရိုက်ရဲကြ။ ကလေးကိုလည်း မြွေပါးစပ် အစွယ်ကြားသွားကြားထဲမှ ဆွဲမထုတ်ရဲ။ အစားကြူးသော စပါးကြီးမြွေကလည်း ဤမျှ လူတွေ မီးခွက်မှန်အိမ်ထွန်းညှိပြီး ဝိုင်းဝန်းအကြံဉာဏ်ထုတ်နေကြသည်ကိုပင် လုံးဝမမှု။ တလက်လက် တောက်ပနေသော မျက်လုံးကြီးနှစ်လုံးကိုပြူးကာ ကလေးကိုမျိုနိုင်ရေးသာ ကြိုးစားနေ၏။ နောက်သို့ လုံး၀မဆုတ်။ တဖြည်းဖြည်းနှင့် ကလေးဦးခေါင်းကျော်ကာ မြွေကြီး၏ပါးစပ်သည် ကလေးမျက်ခုံးနားပင် ရောက်လာပေပြီ။

"ကဲ, ဒီလို ကြည့်နေလို့တော့ မဖြစ်ဘူးဗျို့၊ မြွေကိုသတ်မလား"

"အိုး, မြွေကိုသတ်လို့ ဘယ်ဖြစ်မလဲဗျ။ မြွေကိုသတ်လို့ မြွေကိုက်တာနဲ့ ကလေးခေါင်းခွံကွဲပြီးသေမှာပဲ"

တစ်ယောက်က ကန့်ကွက်သည်။

"ကဲ, ဒီတော့ ကလေးကို မြွေပါးစပ်ထဲက ဖတင်းဆွဲထုတ်မလား"

"ဒါဆိုလဲ မြွေကကိုက်လိုက်မှာပဲဗျ" တစ်ယောက်က ဆိုပြန်၏။

"ကဲ, ဒါဆို ဘယ်လိုလုပ်မလဲ"

"သေသေရှင်ရှင်ပဲ တစ်နည်းနည်းတော့ လုပ်ကြရမယ်"

"ဟုတ်တယ် ဒါပေမယ့် ကာယကံရှင်တွေကို မေးပါဦး"

"ဟဲ့, မအောင် နှင့်ယောကျ်ားကောဟ"





ညက ပွဲကြားကိုတက်ရိုက်၍ သူ့ယောကျ်ားအား သူကြီးကထိတ်တုံးခတ်ထားသည်ကို မသိသော ရွာနီးချုပ်စပ်မှပွဲလာကြည့်သူ မအောင်တို့၏ ဦးကြီးတစ်ယောက်ကမေး၏။ မအောင်၏မျက်လုံးသည် သူ့ရှေ့ကထိုင်၍ သက်မချနေသော သူကြီးဆီ ရောက်သွား၏။ သူကြီးမနေသာတော့ ချက်ချင်းထရပ်၏။

"မောင်ထွေးကို ကျုပ် ခုပဲ သွားခေါ်လိုက်ပါ့မယ်"

သူကြီးသည် ထိတ်တုံးခတ်ထားသော မဏ္ဍပ်ရှေ့က ဦးမောင်ထွေးရှိရာသို့ ချက်ချင်းရောက်လာသည်။ ထိုနေရာတွင် ဘုန်းတော်ကြီးနှင့် ပွဲကြားဦးအောင်ရွှေတို့ကိုလည်း တွေ့ရသည်။ ပွဲကြားဦးအောင်ရွှေမှာ သူ့အခန်း ခဏနားနေချိန်တွင် ဘုန်းကြီးနား လာနေခြင်းဖြစ်သည်။ ဦးအောင်ရွှေကို ဘုန်းကြီးကလည်းပစ်မထားပဲ၊ ပွဲကလည်း ဘာမှန်းညာမှန်းသိဘဲ ရုတ်ရုတ်သဲသဲဖြစ်သွားသဖြင့် ထိတ်တုံးခတ်ထားသူများကိုပင် ကျေနပ်သူတစ်ဦးဦးက ဝင်ရိုက်သွားမှာစိုး၍ ဘုန်းကြီးက ကြပ်မတ်ကြည့်နေသည်။ ဘုန်းကြီးနှင့်ဦးအောင်ရွှေတို့ နောက်တွင်တော့ ဝါးရင်းတုတ်နှင့် ကာလသားအစောင့်ဘာ သုံးယောက်။

"သူကြီး ဘာဖြစ်တာလဲ"

ကုပ်ကုပ်,ကုပ်ကုပ်နှင့် ပြေးလာသောသူကြီးက ဘုန်းကြီးအား အကြောင်းစုံပြောပြ၍ ထိတ်တုံးခတ်ထားသော ဦးထွေးကို ထိတ်တုံးဖြုတ်နှင့် ပန်ကြားလျှောက်ထား၏။ ရွာတွင် အရေးရှိနေပြီဖြစ်သဖြင့် ဘုန်းတော်ကြီးက ထိတ်တုံးခတ်ထားသူ သုံးယောက်စလုံးကို လွှတ်ခိုင်းလိုက်၏။

"အဲဒါ ကျုပ်တို့တော့ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေကြတယ်ဗျို့၊ ကလေးကိုဆွဲထုတ်ရင်လဲ မြွေကတော့ကိုက်ထားမှာပဲဗျ၊ သူ့အစား



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ. . ကျွန်ုပ်တော်လဲ လိုက်ကြည့်ပါရစေဗျာ၊ ကျွန်တော့် အခန်းကလဲ လိုပါသေးတယ်"

ဦးအောင်ရွှေက ပုဏ္ဏားအဝတ်အစားနှင့်ပင် သူကြီးနောက်လိုက် လာသောအခါ ဦးအောင်ရွှေကို စိတ်မချသော ဘုန်းတော်ကြီးကလည်း ပါလာပြန်သည်။ ဘာပဲပြောပြော ဘုန်းတော်ကြီးအနေမှာလည်း ဒကာ သားမြေးအရေး မဟုတ်ပါလား။

*

ဘုန်းတော်ကြီး၊ သူကြီးနှင့် ပုဏ္ဏားဦးအောင်ရွှေတို့ကို အားလုံးက နေရာရှဲပေးကြသည်။ ဦးအောင်ရွှေကိုရိုက်မှုဖြင့် ထိတ်တုံးခတ်ခံခဲ့ရသော ကလေးအဖေဦးထွေးမှာ မကြံတတ် မစေတတ်ဖြစ်နေသည်။ ငိုသံပါကြီး နှင့် "ကျုပ်သားလေးကို ကယ်ကြပါဦး လုပ်ကြပါဦး" နှင့်သာ လူတစ် ယောက် ရောက်လာတိုင်း အကူအညီတောင်းနေ၏။ ယခုလည်း သူ့ခမျာ မှာ သားဖောနှင့် မရှက်နိုင်မကြောက်နိုင်ဖြစ်ကာ "အရှင်ဘုရား ကယ်ပါဦး သူကြီး ကြံစမ်းပါဦးဗျ၊ ဘယ့်နှယ်လဲ ပုဏ္ဏားကြီး အကြံဉာဏ်လေးပေးပါ ဦးဗျ" ဟု အကူအညီတောင်းနေ၏။

ဦးအောင်ရွှေသည် စပါးကြီးမြွေနှင့် ကလေးကို သေသေချာချာ ကြည့်၏။ စပါးကြီးမြွေ၏ပါးစပ်သည် ကလေးမျက်ခုံးနားကိုပင် ထိနေပြီ

ကလေးက တစာစာငိုနေသည်။

ကလေးလေး အလွန်ငိုလွန်း၍ လှုပ်ပင် မလှုပ်နိုင်တော့၊ နှုတ်ခမ်း ပြာ၍ အသံပင်တိမ်ဝင်နေလေပြီ။

"ကဲ. . ကျုပ်အကြံရပြီဗျို့၊ ဘာမှမပူကြနဲ့ ကျုပ်ကို ဓားတစ်ချောင်း ပေး"





"ဟာ ဟေ့၊ ခင်ဗျား မြွေကိုဓားနဲ့ခုတ်မလို့လား၊ မြွေကို ဓားနဲ့ခုတ် ရင် မြွေက ကလေးခေါင်းခွံကို ကိုက်ဖောက်ပစ်လိမ့်မယ်၊ မလုပ်နဲ့ မလုပ်နဲ့"

ပုဏ္ဏားဦးအောင်ရွှေက ဓားတောင်းသည်ကို အဓိပ္ပာယ်တစ်မျိုး ပေါက်၍ ရွာသားကြီးတစ်ယောက်က ဟန့်တားသည်။

"မဟုတ်ပါဘူးဗျာ၊ ကလေး ဘာမှမဖြစ်ရပါဘူး၊ ကျုပ်လုပ်ပါ့မယ် ဓားသာပေးစမ်းပါ၊ အချိန်က ရတာမဟုတ်ဘူး၊ ခုတောင် ကလေးက တော် တော်နွမ်းနေပြီ"

ဦးအောင်ရွှေသည် မာကျောသော ဝါးခြမ်းပြားတစ်ပြားကိုယူကာ ဝါးခြမ်းတုတ်ချောင်းကလေး သုံးလေးခုလုပ်သည်။ ပြီး မြွေကြီးပါးစပ်နှင့် ခုန်းကာ ကလေး၏နားရွက်ရင်း ဟိုဘက်ဒီဘက်တွင် ဝါးတုတ်ချောင်းနှစ် ချောင်းကို ပူးကိုင်ထား၏။ မကြာခင်ပင် ထိုဝါးတုတ်တို့နှစ်ချောင်းသည် မြွေမျိုလာသည်နှင့် မြွေပါးစပ်ကိုထောက်မိသည်။ ပထမတုတ်တို့ နှစ် ချောင်းက မြွေပါးစပ်ကို ထောက်မိနေသောအခါ ဦးအောင်ရွှေသည် ထိုထက် မသိမသာရှည်သော တုတ်နှစ်ခုကို ပထမနည်းတူ ကလေးလေး ခေါင်းနှစ်ဖက်တွင် မှီထောင်ထားပြန်၏။ အစားကြူးနေသော စပါးကြီး မြွေကလည်း ရှေ့သို့သာတိုး၍ မျိုလာ၏။

ဦးအောင်ရွှေ ပူးကပ်ထောင်ပေးထားသော တုတ်ချောင်းနှစ်ချောင်း သည် စပါးကြီးမြွေပါးစပ်ထဲ ထောက်မိသွားပြန်၏။ လူတွေမှာ ဇာတ်ထဲက ပုဏ္ဏားအဝတ်အစား ဖိုးရိုးဖားရားနှင့် ဦးအောင်ရွှေပြုလုပ်နေသည်ကို အသက်ပင်မရှူရဲဘဲ ငေးကြည့်နေကြ၏။ ဦးအောင်ရွှေသည် ဒုတိယ တုတ်တံတစ်စုံထက် မသိမသာရှည်သော တတိယ တုတ်တံတစ်စုံကို ကလေးခေါင်းနှင့် မြွေပါးစပ်ကိုတိုင်းကာ ထောက်ပေးလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးကလည်း ရှေ့သို့တဖြည်းဖြည်း တိုးမျိုလာရာ တတိယ တုလ်နှစ်ချောင်းမှာ မြွေကြီးပါးစပ်ကို ထောက်ခံသွားပြန်၏။ ထိုအခါ ဦးအောင်ရွှေက စတုတ္ထ တုတ်ချောင်းလေးတစ်စုံကို ယခင်နည်းတူပင် မြွေပါးစပ်ထဲသွင်းရန် ကလေးခေါင်းနှစ်ဖက်တွင် တစ်ဖက်တစ်ချောင်းစီ ထောက်လိုက်ပြန်၏။ စတုတ္ထ ဝါးခြမ်းတုတ်နှစ်ချောင်းလည်း မြွေပါးစပ်ထဲ ဝင်သွားပြန်ရာ ဤတစ်ခါတော့ ဦးအောင်ရွှေက ကလေးငယ်အား အသာ လေး မြွေပါးစပ်ထဲက ဆွဲထုတ်လိုက်၏။ မြွေကြီး၏ ပါးစပ်မှာ တုတ် ရှစ်ချောင်း အထောက်ခံထားရပြီး ဂူပေါက်ကြီးလိုဟနေသည်။

"အမယ်လေး ကျွန်မသားလေး အသက်ရှင်ပြီတော့၊ ပုဏ္ဏားကြီး ကယ်လို့ အသက်ရှင်ပါပြီ"

"ပုဏ္ဏားကြီး ကျုပ် အပြစ်ဆယ်ပါး အမှားမကောက်ပါနဲ့ဗျာ၊ ဟိုညက ကျုပ် ရိုက်မိတာ တောင်းပန်ပါတယ်ဗျ၊ ကျုပ်ကို ပြန်ရိုက်ပါဗျ ကျုပ်ခံပါ့မယ်၊ ကျုပ် ပုဏ္ဏားကြီးကို ကျေးဇူးဆပ်ပါရစေဗျ"

သူ့ကလေးကို ကယ်လိုက်နိုင်သည့်အတွက်ကြောင့် ဦးထွေးနှင့် ဒေါ်မအောင်တို့ ကျေးဇူးတင်စကား အော်ပြောသံမှာ ပတ်ဝန်းကျင် တစ်ခိုလုံး ပဲ့တင်ညံသွားလေသည်။

ထိုနေ့မှစ၍ သူတို့ရွာသားများက ပုဏ္ဏားကြီး၏ အသည်းနှလုံး ထဲက အကြင်နာတရားတွေကို သဘောပေါက်ကာ "ဒီကလေးကို ပုဏ္ဏား ကယ်ပေလို့"ဟူသော စကားသည် တစ်ရွာလုံးတစ်နယ်လုံးတွင် ပြောစမှတ် ကျန်ခဲ့လေသတည်း။

(၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ၊ သည်းထိတ်ဖို့မဂ္ဂဇင်း)

❋ ❋ ❋

## ခမောင်းပင်ပေါ်တတစ္ဆေလင်မယား

အချိန်မှာ သက်ငယ်ခေါင်းချချိန်ပင် မရှိသေး။ သစ်ခုတ်ဝါးခုတ် ပြန်သူများပင် ထမင်းစား၍မပြီးကြသေး။ ရွာနှင့်ဝေးသော ယာဆင်းကိုင်း ပြန်အချို့သူများလည်း ရွာထဲရောက်ခါစရှိသေး၏။ စက်နာရီနှင့်တွက်လျှင် ညခုနစ်နာရီကျော်ကျော်သာ ရှိသေးလေသည်။

ထိုအချိန်မှာပင် ကျွန်တော်တို့ ယာတောင်ရွာနှင့် ကွင်းကြီးရွာ အကြားရှိ ခမောင်းချောင်းဘက်ဆီမှ လူတစ်ယောက်သည် ကယ်ပါယူပါ အော်ဟစ်ကာ ရွာထဲဝင်ပြေးလာသည်။

ငယ်သံပါအောင် အော်ဟစ် ဒုန်းစိုင်းပြေးလာသော ထိုသူကို ကျွန်တော်တို့အိမ်နားအရောက်တွင် ဘကြီးထွန်းနှင့် လူကြီးလေးငါး ယောက်က ဝိုင်းဖက်ဆွဲဖမ်းထားကြသည်။ ထိုအခါမှ အော်ဟစ်ပြေးလာ သူမှာ အေးဆောင်မှန်းသိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးဆောင်၏ အထိတ်တလန့် အော်သံကြောင့် တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်ကာ မီးတုတ်ကိုယ်စီ ဓားလှံကိုယ်စီနှင့် ရောက်လာကြသူတွေကလည်း ကျွန်တော်တို့အိမ်နားတွင် ရှုပ်ယှက်ခတ်သွားသည်။ အေးဆောင်အား တစ်ယောက်တစ်ပေါက်လည်း ဝိုင်းမေးကြသည်။

"ဟေ့ကောင် အေးဆောင် ငန်းမြွေလိုက်လို့လား၊ ကျားတွေ့လို့လား ဘာမြင်ခဲ့လို့လဲ"

"ကျား . . ကျားမဟုတ်ဘူး ဘကြီးထွန်း ဟို . . ဟို"

ဘကြီးထွန်း၏အမေးကို အေးဆောင်က ချက်ချင်းအဖြေမပေးနိုင်သေး။ အမောဆို့ဟောဟဲလိုက်ကာ စကားရှေ့မဆက်ဖြစ်နေ၏။ ၎င်းသည်ကို ဘကြီးထွန်းက စိတ်မရှည်။

"ဘာ ဟိုလဲကွ မြန်မြန်ပြောပါဆို၊ မြွေပါးကင်းပါးဆိုလဲ မြန်မြန်နှိမ်နင်းရအောင်ပေါ့ဟ၊ ကျားဆိုလဲ အဲ . . ကျားမဟုတ်ရင် ဘာကောင်လဲ ပြောလေကွာ"

"ခ . . ခမောင်းချောင်းနားက တစ္ဆေလင်မယားဗျ"

"ဟေ"

ရွာတွင်သြဇာအရှိဆုံးဖြစ်သူ ဘကြီးထွန်း၏ပါးစပ်မှ 'ဟေ' တစ်လုံးထွက်သွား၏။ ကျန်လူများကမူ သက်ပြင်းကိုယ်စီ ချလိုက်မိကြသည်။

"ခမောင်းချောင်းက တစ္ဆေလင်မယား မင်းကိုကိုယ်ထင်ပြ . ."

"ကိုယ်ထင်ပြတာ မဟုတ်ဘူး ဘကြီးထွန်း၊ ခမောင်းပင်ထက်က ကျွန်တော့်ခေါင်းပေါ် ပြိုင်တူခုန်ချတာဗျ၊ ကံသီလို့ လွတ်ရုံလေးတင် မျက်နှာတောင်လေဟပ်သွားတော့ ကျွန်တော်လဲ လန့်ပြီးအော်ပြေးလာတာပဲ . . ဟီး"





ယခုထိ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ကာ ချွေးသီးချွေးပေါက်တွေပြန်ပြီး တုန်လှုပ်ချောက်ချားနေသော အေးဆောင်ကို ကြည့်ကာ ဓားထမ်း, လှံထမ်း ပြေးလိုက်လာကြသော လူတွေမှာလည်း ခမောင်းချောင်းက တစ္ဆေလင်မယားဆိုသဖြင့် အားလုံး ကြက်သီးဖြန်းဖြန်းထသွားကြလေသည်။

အေးဆောင်အော်ပြေးလာသည်မှာ သူတို့ထင်သလို မြွေမဟုတ်၊ ကျားမဟုတ်၊ ဝံမဟုတ်။

ထိုအခါ သူတို့မှာ ပို၍ တုန်လှုပ်ချောက်ချားသွားကြပြန်သည်။

အဘယ်ကြောင့်ဆိုသော် ယခင်က ၎င်းသို့ကြမ်းကြမ်းတမ်းတမ်း တစ်ခါမှ မခြောက်ဖူးသော ခမောင်းချောင်းက တစ္ဆေလင်မယားသည် အေးဆောင်အား အဘယ်ကြောင့် ယခုကဲ့သို့ လိပ်ပြာစဉ်မတတ် ခြောက်လှန့်လိုက်ပါလိမ့်။

*

ကျွန်တော်တို့၏ တောင်ယာရွာကြားနှင့် ကွင်းကြီးရွာကြားတွင် ခမောင်းပင်ကြီးတစ်ပင်ကို အစွဲပြုကာ 'ခမောင်းချောင်း'ဟုခေါ်သော ချောင်းငယ်တစ်ချောင်းရှိပါသည်။ ထိုချောင်းငယ်မှာ နွေနှင့်ဆောင်းတွင် ရေခန်းခြောက်နေပြီး မိုးတွင်းဆိုလျှင် ရေရှိသည်။

ကျွန်တော်တို့ ယာတောင်ရွာနှင့် ကွင်းကြီးရွာကို သွားလျှင် ထိုချောင်းကိုဖြတ်သွားရသည်။ ဖြတ်သွားရသော လမ်းပေါ်တွင် ခမောင်းပင်ကြီးတစ်ပင်ရှိသည်။

ထိုခမောင်းပင်ကြီးကို အစွဲပြု၍လည်း ခမောင်းချောင်းဟု ခေါ်ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခမောင်းချောင်း၏ ခမောင်းပင်ကြီးပေါ်တွင် တစ္ဆေလင်မယားနှစ်ကောင်ရှိသည်ဟု ယုံကြည်ထားကြသည်။ လမိုက်ညများတွင် ထိုလမ်းမှ ဖြတ်သွားသူတိုင်း တစ္ဆေလင်မယား စကားတီးတိုးပြောနေကြသံ၊ သီချင်းဆိုနေကြသံ၊ ရယ်မောပျော်ရွှင်နေကြသံ၊ တစ်ဦးနှင့်တစ်ဦး အော်ခေါ်နေကြသံ၊ ရန်ဖြစ်ငိုယိုနေကြသံ စသည်တို့ကိုလည်း ကြားကြရသည်ဟု ဆိုသည်။

ထိုတစ္ဆေလင်မယားမှာ လွန်ခဲ့သော ကျွန်တော်တို့ အဖိုးလက်ထက်လောက်က ကျွန်တော်တို့ ယာတောင်ရွာသား မောင်လှဦးဆိုသူနှင့် ကွင်းကြီးရွာသူမညိုတို့ ဖြစ်ကြသည်။ သူတို့ သမီးရည်းစားနှစ်ဦးသည် နှစ်ဘက်မိဘများ သဘောမတူကြသဖြင့် ထိုချောင်းနားရှိ ခမောင်းပင်ကြီးပေါ်မှ ပြိုင်တူဖွဲ့ကြိုးချကာ သေပွဲဝင်သွားကြသော တစ္ဆေလင်မယားဖြစ်သည်ဟုဆိုသည်။

ယခု ထိုတစ္ဆေလင်မယားက ကွင်းကြီးရွာကို လှုပ်ရှိုလှည့်သွားသော အေးဆောင်၏ကိုယ်ပေါ်ကို လင်မယားနှစ်ယောက်စလုံး ပြိုင်တူခုန်ချပြီး ခြောက်လှန့်လိုက်သည်ဟု ဆိုသောအခါ လူတွေမှာ ပိုရှိတုန်လှုပ်သွားကြသည်။

ယခင်က အသံနှင့်သာခြောက်သော တစ္ဆေလင်မယားသည် ယခု အေးဆောင်၏ကိုယ်ပေါ်ကို ခုန်ချပြီးခြောက်ခြင်းမှာ အေးဆောင်၏ လိပ်ပြာကိုနှုတ်ယူချင်၍ ဖြစ်မည်ဟုလည်း တီးတိုးတီးတိုး ဝေဖန်တိုက်ကြပြန်သည်။ ထိုအခါ ကွင်းကြီးရွာ၌ ချစ်သူရှိနေသူ ကာယကံရှင်အေးဆောင်မှာ ကယောင်ချောက်ချားဖြစ်ပြီး စကားမေးပင် ဖြောင့်ဖြောင့်မရ ဖြစ်နေရှာသည်။





ဤသည်ကိုပင် မိန်းမသူတချို့ကလည်း ဝင်ပူးနေပြီး အေးဆောင်၏လိပ်ပြာကို နှုတ်ယူသွားလျှင် ကွင်းကြီးရွာရှိ အေးဆောင်၏ ရည်းစားနှင်းရီကော လွယ်မလားနှင့် တစ်ယောက်တစ်ပေါက် ပေါက်ပေါက်ဖောက်လိုက်ကြရာ ကျွန်တော်တို့အိမ်နားမှာ အေးဆောင်၏ အစ်မ ညီမများ ငိုသံကပါ ပွက်ပွက်ညံလာသည်။

ထိုအခါ အေးဆောင်ကို ခြောက်လိုက်သော တစ္ဆေလင်မယား၏ ပြဿနာသည် တောင်ပေါ်ရွာမှ ဆေးမြစ်ရောင်းရန် ရောက်နေသော ကျွန်တော်တို့အဘိုးလေးဆီ ရောက်လာသည်။

အဘိုးလေးမှာ တောင်ပေါ်ရွာ၌နေပြီး မုဆိုးအလုပ်ကိုလုပ်သလို ဆေးပင်ဆေးမြစ်လည်းကိုင်သည်။ နွယ်ချို၊ ဂမုန်း၊ သစ်ကြံပိုး၊ တောရှောက်မြစ် စသည်များကိုလည်း ရွာစဉ်လည်ရောင်းချသူဖြစ်သည်။

ထို့ကြောင့် အေးဆောင်တို့မိဘနှစ်ပါးက အဘိုးလေးကို တက်နိုင်လျှင်လုပ်ပါဦး၊ ကျွန်တော် ကျွန်တော်မတို့မှာ ဒီသားလေးတစ်ယောက်ပဲ အားကိုးအားထားရှိပါတယ်၊ တစ္ဆေလင်မယားက ကျွန်မသားလေးကို လိပ်ပြာမနှုတ်သွားနိုင်အောင် လက်ဖွဲ့မန္တန်တွေနဲ့ လုပ်ပေးပါဦးဟုလည်း ရှိခိုးဦးတင်တောင်းပန်ကြသည်။

အဘိုးလေးက "အဲဒီနေရာကို ကျုပ်လိုက်ကြည့်ပါရစေ"ဟုပြောပြီး အဖေ့အား "ဘအောင်မိုးတုတ်ထွန်းစမ်းကွာ၊ အဲဒီနေရာကို ငါကြည့်မယ်" ဟုဆိုသည်။

"အဘိုးလေး ကျွန်တော်လဲ လိုက်မယ်ဗျ"

"တဲ့၊ ဒါ ကလေးအရာလား ခွေးတိရစ္ဆာန်၊ လူကြီးတွေအသုံပ်နင်က ဘာဝင်ရှုပ်ဦးမလို့လဲ"

www.burmeseclassic.com



ကျွန်တော့်ကို အမေကဆူသည်။

အဘိုးလေးကမူ "ငါ့မြေးက အဘိုးလေးခြေရာ နင်းမယ့်လူပဲ လိုက်ပါစေ၊ လာ. . လာ မြေးလိုက်ခဲ့" ဟုခေါ်၏။

အစ်မကမူ တချို့လူကြီးများပင် မလိုက်ဝံ့ဝံ့ လိုက်ဝံ့ဝံ့လုပ်နေကြရာထဲ ဝင်ပါရမလားဟု ကျွန်တော့်ကို ဆဲဆိုကြိမ်းမောင်း၍ ကျန်နေခဲ့၏။

တစ္ဆေလင်မယား အခြောက်ခံရသော အေးဆောင်ကိုမူ နေရာပြရန်အတွက် လူကြီးသုံးလေးယောက် ဝိုင်းဆွဲချုပ်ကိုင်၍ ခေါ်လာကြသည်။

*

"တစ္ဆေလင်မယား ခုန်ချတာ ဒီ . . ဒီနေရာပဲ အဘိုးလေး" ဟု အေးဆောင်က တုန်တုန်ယင်ယင်နှင့် လက်ညှိုးထိုးပြ၏။

အဖေက မီးတုတ်ကိုမြှောက်ပြသည်။

အဘိုးလေးက ထိုနေရာကို သေသေချာချာကြည့်၏။

အဘိုးလေးအနား ကပ်ပါနေသော ကျွန်တော်နှင့် ရွာလူကြီးသုံးလေးယောက်လည်း ဝိုင်းကြည့်ကြသည်။

အေးဆောင်ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

ခမောင်းပင်အောက်ရှိ သဲစုလမ်းဖုန်ဖုန်တွင် ဒယ်အိုးဖင်နေရာထက်ပင်ကြီးသော နေရာအခွက်နှစ်ခုကို တွေ့ရသည်။ နွေလဖြစ်သဖြင့် ခမောင်းရွက်ကြွေများလည်း ကျိုးတိုးကျဲတဲရှိနေရာ တစ္ဆေလင်မယားခုန်ချထားသဖြင့် ခမောင်းရွက်ခြောက်များ ကြေမွကျိုးပဲ့နေသည်ကိုလည်း တွေ့ရသည်။ ဘေးနားရှိ ခမောင်းရွက်ခြောက်များပေါ်တွင် ခါချဉ်ကောင်များကိုလည်း မြင်နေရသည်။

အဘိုးလေးသည် ခမောင်းပင်ပေါ် မော့်ကြည့်၏။





ခမောင်းပင်ကြီးမှာ နှစ်ပေါင်းတစ်ရာနီးပါး သက်ဆိုးရှည်နေသော သစ်ပင်ကြီးဖြစ်သဖြင့် အကိုင်းအခက်တွေမှာ လူတစ်ယောက်ဖက်နိုးမိုးခန့်ရှိသည်။ မိုးရေတွေတိုက်စား၍ ကမ်းပါးပြိုကာ ခမောင်းပင်ကြီးမှာ လမ်းဘက်သို့လည်း ကိုင်းနေလေသည်။

"ငါထင်တာ ဟုတ်ပါပြီ" ဟု အဘိုးလေးကပြော၏။

"တစ္ဆေလင်မယားလား အဘိုးလေး" ဟူသော ကျွန်တော်၏အမေးကို အဖေက "ဟဲ့ကောင် မင်းပါးစပ်ပိတ်ထားစမ်း၊ လူကြီးတွေပြောဖို့မရှားနေရာတကာပါတယ်" ဟု ဟန့်လိုက်သည်။

"တစ္ဆေလင်မယား မဟုတ်ပါဘူးကွာ သင်းခွေချပ် လင်မယားပါ၊ ခု လမိုက်ညဆိုတော့ ဒီကောင်တွေ ခမောင်းပင်ပေါ်က ခါချဉ်ထုပ်တွေကို လာစားကြတာဖြစ်ရမယ်၊ သူတို့ ခါချဉ်လာစားနေတုန်း လူက သစ်ပင်အောက်ရောက်လာတော့ သူတို့လဲ လူကိုကြောက်တာနဲ့ သစ်ပင်ပေါ်က မြိုင်တူခုန်ချပြီး လူကိုခြောက်ကြတာ၊ သင်းခွေချပ်တွေဟာ လူရယ်လို့ မဟုတ်ပါဘူး ဘယ်အကောင်ကိုဖြစ်ဖြစ် မြင်တာနဲ့ သူတို့ကို တစ်စုံတစ်ခု ရန်သတ္တရုပြုဖို့ လာပြီအထင်နဲ့ သူတို့ကိုယ်ကို ကရွတ်ခွေလို ခွေပစ်တတ်တော့ သစ်ပင်ပေါ်ပြန်တက်သွားတဲ့ ခြေရာတွေ့ရတယ်၊ ခု လူသံတွေ မီးရောင်တွေ မြင်ရတော့ ကြောက်ပြီး ဒီခမောင်းပင်ပေါ်က သစ်ခေါင်းတစ်ခေါင်းခေါင်းထဲ ဝင်ပုန်းနေကြတာ ဖြစ်ရမယ်၊ မယုံရင် မင်းတို့ မိုးလင်းတော့ ဒီသစ်ပင်ပေါ်က သစ်ခေါင်းတွေမှာ တက်ရှာကြ၊ သင်းခွေချပ်လင်မယားကို တွေ့ကြရလိမ့်မယ်၊ သင်းခွေချပ်ဆိုတဲ့အကောင်တွေဟာ လူတွေကို အသံနဲ့လဲခြောက်တတ်ကြတယ်၊ အသံမျိုးစုံလဲ မြည်တတ်ကြတယ်၊ တချို့တော့ ကြက်တွန်သံကြားလို့ တောကြက်ကို လိုက်ရှာတတ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ တောကြက်တွန်သံကြားရပြီး သစ်ပင်ပေါ်မှာ တောကြက်ကို မတွေ့တော့ တစ္ဆေခြောက်တယ်ဆိုပြီး ပြန်ပြေးလာကြရတာဟာလဲ သင်းခွေချပ်တွေပဲ၊ လူက ကြက်တွန်သံကြားပေမယ့် သူတို့က သစ်ခေါင်းထဲ နေတာဆိုတော့ ဘယ်မြင်ရမလဲ၊ ခုလဲ မောင်အေးဆောင်က ခမောင်းပင်ကြီးအောက် ရောက်လာတော့ လန့်ပြီးခုန်ချကြတာဖြစ်မယ်၊ ဘာတစ္ဆေလင်မယားမှ မဟုတ်ဘူး၊ ငါ့စကား မင်းတို့မယုံရင် မိုးလင်းတော့ ခမောင်းပင်ပေါ်တက်ရှာကြ၊ သစ်ခေါင်းတစ်ခေါင်းခေါင်းမှာ မင်းတို့ပြောတဲ့ တစ္ဆေလင်မယားကို တွေ့ပါလိမ့်မယ်"

အဘိုးလေး ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

မိုးလင်း၍ ရွာသားကြီးများ ခမောင်းပင်ပေါ် တက်ရှာကြရာ သစ်ခေါင်းထဲတွင် သင်းခွေချပ် အထီးအမနှစ်ကောင်ကို တွေ့ကြရသည်။

အဘိုးလေး၏ ပြောပြချက်အရ လမိုက်ညများတွင် တောင်ခြေမှ သင်းခွေချပ်များသည် ခါချဉ်ထုပ်များရှိသော ခမောင်းဝင်ပေါ်လာပြီး ခါချဉ်စားကြသည်ဟူ၏။

(၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ စစ်ပြန်မဂ္ဂဇင်း)

***

## သားဇော

ယနေ့ ဦးသာမောင်တို့အဖွဲ့ စခန်းပြန်စော၏။ သူတို့သစ်စခန်းသို့ ပြန်လာကြချိန်မှာ အနောက်ရိုးမထဲ နေဝန်းကမငုပ်မလျှိုးသေး။ အခါ သမယမှာလည်း နွေလဖြစ်သဖြင့် လင်းလင်းထင်းထင်းပင်ရှိသေး၏။

ထို့ကြောင့် သူတို့အဖွဲ့သည် သစ်စခန်းတဲထဲ မဝင်ကြသေးဘဲ စမ်းချောင်းနံဘေးတွင် ရေချိုးနေကြ၏။ ထိုစဉ် ဘမောင်တို့အဖွဲ့မှ စောလှသိန်း စခန်းပြန်လာသံကို ကြားကြရသည်။

"မမလေးတိုတဲ့ လိုက်ခဲ့ခေါ်. . ပိန်းမြောက်စဉ်အစီနဲ့ ကရင်နီ ခေါင်ရည်သုံးရှာကြ တောင်ကိုးလိုးပေါ်. . ရှုလိုက်ပြန်သော် ပြည်တော်နဲ့ မနီး . . ဟီး. . ဟီး"

"ဝေး. . ဖထီး နင် ခေါင်ရည်ရလာလို့လား့ဝေး"

တစ်ခါတစ်ခါတွင် သင်းသတ်အပြန်၌ စောလှသိန်း ချင်းရွာထဲ ဝင်ပြီး ခေါင်ရည်တွေ ဆွဲလာတတ်သဖြင့် စံလှက လှမ်းမေးလိုက်၏။

"အေး ရခဲ့တယ် ကြီးကြီးပဲ၊ နင်တို့လေးငါးယောက်တော့ သေး ပေါက်သောက်တောင် မကုန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စောလှသိန်း ချင်းရှာကထွေလာပြီမှန်းသိသဖြင့် အားလုံးဝိုင်းရယ်ကြ၏။ စောလှသိန်းတွင် တကယ်ပင် ခေါင်ရည်အိုးကြီးတစ်လုံးပါလာ၏။

"တို့လဲ ဒီနေ့ စခန်းပြန်စောတာနဲ့ အတော်ပဲကွ၊ လာလာ အမော ပြေတာပေါ့"

စမ်းချောင်းနံ့ဘေးတွင် ချက်ချင်းဝိုင်းဖွဲ့ကြ၏။ စံလှက ဝှါးကျည် လေးသွားဖြတ်သည်။ ခေါင်ရည်အိုးကို အလှည့်ကျစုပ်ကြ၏။ ရေကုန်သွားလျှင် သူတို့ ဘူးခါးရေဘူးထဲမှ ရေထပ်ဖြည့်ကြသည်။

သည်လိုနှင့် သူတို့စခန်းထဲ ပြန်လာကြသောအခါ မှောင်ရိပ်ဖျိုးဖျပင် ရှိနေလေပြီ။ အကယ်၍ ယခုလို မြူခိုးယှက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေဝှေ့တိုက် နွေစရိုက်နွေသမယသာ မဟုတ်ပါက စခန်းသည် မှောင်နှင့် မည်းမည်းပင်ရှိလေမည်။ သူတို့မှာ တောထဲတောင်ထဲ နှစ်ရှည်လများနေကြရသူများပီပီ တစ်ခါတစ်ခါတွင် ဤသို့ပင် ခေါင်ရည်စုပ်ခြင်း တောအရက်သောက်ခြင်းနှင့် အလွမ်းပြေအမောပြေ နေထိုင်တတ်ကြလေသည်။

*

မနေ့ညနေက ခေါင်ရည်ဘယ်လောက်ထွေထွေ သည်မနက်မှာတော့ ဦးသာမောင်တို့အဖွဲ့သည် တောထဲကလာကြရမြန်၏။

စမ်းချောင်းလေးကို ဖြတ်ကျော်ပြီး မနေ့ညနေက ခေါင်ရေဝိုင်းဖွဲ့ခဲ့ကြသောနေရာကို စံလှက သတိတရလှမ်းကြည့်သည်။

'ဟာ'ဟု ပါးစပ်က ရုတ်တရက် အသံထွက်သွား၏။

စံလှအသံနှင့်အကြည့်ကြောင့် ဦးသာမောင်ရော ထွန်းရပါ စံလှနည်းတူ မနေ့ညနေက ခေါင်ရည်ဝိုင်းဖွဲ့ခဲ့ကြသော စမ်းနဖူးသို့အကြည့်ရောက်သွားကြ၏၊ အားလုံး အံ့ဩသွားကြသည်။





အကြောင်းမှာ မနေ့က သူတို့ခေါင်ရည်ဝိုင်း ဖွဲ့ခဲ့ကြသောနေရာတွင် ဒယီးဒယိုင်ဖြစ်နေကြသော ဝက်ဝံသားအမိသုံးကောင်ကို မြင်ကြရသဖြင့် ဖြစ်လေသည်။

"ဟာ, ဝံတွေဗျ၊ ဝံတွေ" ဟုပြောပြီး စံလှက စမ်းနံ့ဘေးရှိ ဝံများရှိရာသို့ပြေးသွား၏။

"ဟော့ကောင် ဝံကုတ်မယ်နော် ဝံကုတ်မယ်"

ဦးသာမောင်နှင့်ထွန်းရတို့ကလည်း စံလှကို သတိပေးအော်ပြောရင်း စံလှနောက်လိုက်ကြ၏။

လူသံကြားသွားသော ဝက်ဝံသားအမိသည် ဒယီးဒယိုင်နှင့် တောထဲဝင်ပြေးကြ၏။ သို့သော် တောအစသို့ပင် မရောက်သေး၊ ဝံမကြီးက သုံးလေးခါလဲ၏။ ဝံကလေးနှစ်ကောင်ကမူ မနေ့ညနေက သူတို့ဝိုင်းဖွဲ့ခေါင်ရည်သောက်ခဲ့ကြသော နေရာနားကိုသာ လှည့်ပတ်ကာ ဒယီးဒယိုင်နှင့် အလဲလဲအပြိုပြိုဖြစ်နေ၏။

သူတို့အနားကို ရောက်သွားကြသောအခါ ဝံမကြီးသည် အလဲလဲအပြိုပြိုနှင့် တောထဲဝင်ပြေးသွား၏။ များစွာမပြေးနိုင်သော ဝံကလေးနှစ်ကောင်ကိုမူ ထွန်းရနှင့်စံလှတို့က အတင်းလိုက်ဖမ်းကြ၏။

ဦးသာမောင်က ဝံမကြီးကို သစ်ခုတ်ဓားနှင့်လှမ်းပစ်သော်လည်း မထိပေ၊ တောထဲ ဝင်ပြေးသွား၏။

"ဦးသာမောင် ကြည့်စမ်းပါဦးဗျ၊ ဒီဝံကလေးနှစ်ကောင် ကစော်ဖတ်မူးပြီး ယိုင်ထိုးနေကြတာ"

စံလှနှင့်ထွန်းရတို့က တစ်ယောက်တစ်ကောင်စီ ဖမ်းကိုင်ထားကြသောဝံကလေးနှစ်ကောင်ကို ဦးသာမောင်အား ပုတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည် ရှင်ဘတ်အဖြူကြားနှင့် ချစ်စရာပင်ကောင်းလှသော ဝံကလေးနှစ်ကောင်မှာ လူတွေကိုင်ထားသည့်ကြားထဲက ယိုင်ထိုးနေကြ၏။

ထွန်းရက သူကိုင်ထားသော အကောင်ငယ်ကို လွှတ်လိုက်၏။ သို့သော် လသားအရွယ်သာရှိသေးသော ဝံကလေးမှာ လေးငါးလှမ်းသာ လျှောက်သွားပြီးလဲကျပြန်၏။

ထွန်းရအကောင် လဲကျသည်ကိုကြည့်ကာ စံလှကလည်း သူ့အကောင်ကို လွှတ်လိုက်ပြန်၏။ စံလှအကောင်ကလည်း ထိုနည်းလည်းကောင်း လေးငါးလှမ်းသာ ဒယီးဒယိုင်လျှောက်သွားပြီး လဲပြန်၏။

ဦးသာမောင်နှင့်ထွန်းရ၊ စံလှတို့မှာ ဝံကလေးနှစ်ကောင်ကိုကြည့်ကာ တဝါးဝါးရယ်နေကြ၏။

"မနေ့ညရနက တို့လွှင့်ပစ်ထားခဲ့တဲ့ ကစော်ဖတ်တွေကို တဝုတ်းပြီး မူးနေကြတာကိုးကွ ဟား..ဟား"

မှန်၏။ သူတို့ပစ်ထားခဲ့သော ခေါင်ရည်အိုးကြီးသည် အစိတ်စိတ်အမွှာမွှာကွဲပြီး ပြန့်ကျဲနေ၏။ ကစော်ဖတ်များမှာ ဝံသားအမိစားပစ်သဖြင့် အစအနသာကျန်တော့သည်။

"ဝံမကြီးကို ရှာရအောင်ဗျာ ဦးသာမောင်၊ ဒီအတိုင်းဆို ဝံမကြီးက ဝေးဝေးလံလံ ပြေးနိုင်မှာမဟုတ်ဘူးဗျ၊ ရရင် ညနေ ဝံသားနဲ့တောအရက်မီးတောက်နဲ့ဆို သိပ်လိုက်ပေါ့"

"အေးဗျာ ဟုတ်တယ်၊ အစ်ကိုကြီးသာမောင် လာဗျာ ဝံမကြီးရှာရအောင်၊ မူးလို့တွေ့ရင် သစ်ခုတ်ဓားနဲ့ အသေသာပိုင်းလိုက်ဗျာ"

စံလှစကားကို ထွန်းရကလည်း ထောက်ခံ၏။ သို့နှင့် ဝံမကြီးဝင်ပြေးသွားရာ တောထဲလိုက်ဝင်၍ရှာကြ၏။





သို့သော် ဝံမကြီးကိုကား ခြေရာပင်မတွေ့ရတော့ချေ။

"သစ်ပင်ပေါ်များ တက်ပုန်းနေလား မသိဘူးကွ၊ အပေါ်ကိုလဲ ကြည့်ကြ"

ဝံကလေးတစ်ကောင်စီကိုပိုက်ကာ ကုပ်ချောင်းကုပ်ချောင်းနှင့် တောတိုးရှာနေကြသော စံလှနှင့် ထွန်းရတို့ကို ဦးသာမောင်ကပြော၏။

"ဝံသိုက်တွေတော့ ဒီနားမတွေ့မိဘူး ကိုကြီးသာမောင်"

သစ်ပင်ကြီးများပေါ် မော့ကြည့်၍ ထွန်းရကပြော၏။

"အသိုက်မဟုတ်ဘူးဗျ သစ်ခေါင်းတွေထဲလဲ ဝင်ပုန်းချင်ပုန်းနေမှာ၊ တစ်ခုတော့ သတိထားနော်၊ ကျုပ်တို့လက်ထဲ သူ့သားတွေရှိနေတော့ သစ်ပင်ပေါ် ကခုန်ချပြီး ကုတ်မှာစိုးရတယ်၊ ဒီလို လသားအရွယ်တွေဆို ဝံမကြီးတွေ သိပ်ရန်လိုတာ"

ဝံမကြီး ဝင်ပြေးသွားသော ပတ်ဝန်းကျင်တောထဲမှာ သူတို့ တစ်မနက်လုံးရှာကြ၏။ ဝံမကြီး၏ ခြေရာလက်ရာကိုပင် မတွေ့ရ။ ဝံဆိုသည်မှာ အပုန်းအရှောင်လည်း အလွန်တတ်ပေရာ ဘယ်လိုမှရှာမရပေ။

"ကဲ၊ ဝံမကြီးကိုတော့ တို့ရှာလို့တွေ့မှာမဟုတ်တော့ဘူးကွ၊ ဝံမကြီးသာ တို့ကို တစ်နေရာရာက ချောင်းကြည့်ချင် ချောင်းကြည့်နေမှာ၊ ဒီတော့ ပြန်ကြမယ်"

"ပြန်တာတာ ဟုတ်ပါပြီ၊ ဒီနှစ်ကောင်ကိုရော"

"အေးကွ၊ လသားလေးအရွယ်ဆိုတော့ မစားလောက် မသောက်သောက်နဲ့၊ ဩော်၊ သတိရပြီကွ၊ တောအုပ်ကြီးဦးမြဆီ သွားပေးကြရင် ကောင်းမယ်၊ သူက တိရစ္ဆာန်တွေဆို သိပ်ချစ်တတ်တာ မွေးထားပါစေလေ၊ ကြီးမှ တောင်းပြီးသတ်စားကြတာပေါ့ ဟား..ဟား"



www.burmeseclassic.com

www.burmeseclassic.com



စံလှစကားကြောင့် ဦးသာမောင်ပင် ပြုံးသွား၏။

"အေးကွ ဆရာမြကို သွားပေးရင် တို့ကို သိ ကျေးဇူးတင်မှာပါ။ ကောင်းတယ် ကောင်းတယ် ဆရာမြကိုသွားပေးလိုက်၊ ရင်ဘတ်အဖြူကြား ထိုးနဲ့ ကောင်လေးတွေကလဲ တကယ့်ချစ်စရာလေးတွေပါကွာ"

စံလှ၏စကားကို ခေါင်းဆောင်ဦးသာမောင်ကပါ သဘောတူသဖြင့် တောအုပ်ကြီးဦးမြတဲ သွားပေးထား၏။ ဦးမြကလည်း အမှန်ပင် သူတို့အား ကျေးဇူးတင်လေသည်။

❋

ညနေချမ်းတွင် ကစော်မှုးပြေသွားသော ဝံကလေးနှစ်ကောင်ကို ဦးမြက တောစာငှက်ပျောသီးတွေကျွေးနေ၏။ လောလောဆယ် သံကြိုး မရှိသဖြင့် အိပ်ရာလိပ်စည်းလာသော ပလတ်စတစ်ကြိုးတစ်ပင်၏ အစ တစ်ဖက်စီတွင် ဝံကလေးတစ်ကောင်စီကို ချည်ထားလေသည်။

ဦးမြကျွေးသော ငှက်ပျောသီးကို ဝံကလေးနှစ်ကောင်က ကောင်း ကောင်းစားလို့မရ၊ ယဉ်ပါးနေသောမျောက်က ဆင်းဆင်းလု၏။

ထိုအခါ ဦးမြက အာနီဟုနာမည်ပေးထားသော မျောက်ကလေးကို သံကြိုးအလေးကြီးနှင့် ခါးကချည်ထားသည်။ အာနီက တခ္ခိခ္ခိအော်နေ၏။ အာနီကား ဤဝံကလေးနှစ်ကောင်ကို စံလှတို့လာပို့သော မနက်ကပင် မျက်စောင်းတခဲခဲ လုပ်နေ၏။

"ခုမှရောက်လာတဲ့ ညီလေးဝံငယ်တွေကို မဆော့နဲ့နော်သား" ဟု ဦးမြက ပြောနေသောအခါ ဟုတ်ကဲ့တစ်ခုသာ ပြောတတ်သေးသော ကြက် တူရွေးက ကြားဝင်၍ ဦးမြအသံကိုကြားသည်နှင့် 'ဟုတ်ကဲ့'ဟု အော်၏။ စံလှနှင့်ထွန်းရတို့က ကြက်တူရွေးကိုကြည့်ပြီး ရယ်ကြသည်။





ကျွန်တော်တို့ ပြန်ပါဦးမယ်ဆရာကြီးဟု စံလှက ဦးမြကိုနှုတ်ဆက် သောအခါ စကားတတ်နေသော သာလိကာက 'အိမ်း. . အိမ်း မိုးမချုပ်ခင် ပြန်ကြ၊ နေတောင်အတော်နည်းသွားပြီ'ဟု ဆိုသောအခါ နှစ်ယောက်စလုံး မှာ အံ့ဩသော်လည်း ရယ်ကြရပြန်၏။ ဦးမြက သူ့သာလိကာကလေးကို ပြုံးပြီး 'ဟဲ့သား ဒါ မနက်ပါသားရယ်'ဟု ပြောရသေးသည်။

ယခုလည်း ဝံကလေးနှစ်ကောင်ကို ငှက်ပျောသီးကျွေးနေသော ဦးမြက 'ကဲ, ငါ့သားလေး နှစ်ကောင်က အချောလေးတွေကွ၊ အာနီနဲ့ တခြားစီပါ၊ ကဲကဲ ငှက်ပျောသီးစားလိုက်ကြဦး'ဟု ဝံကလေးနှစ်ကောင်နှင့် စကားပြောနေ၏။

ဤသည်ကို သူ့ဆီလာသော တောခေါင်းဦးကြည်က 'ဟာ, ဝံပေါက် နေလေးတွေပါလား၊ တောအုပ်ကြီး ဘယ်ကရထားတုံး' ဟုမေး၏။

"မနက်ကပဲဗျ၊ စံလှနဲ့ထွန်းရတို့ လာပေးသွားကြတာ"

စံလှတို့ တောတက်လမ်းဘက်မှ ပြန်လာသော ဦးကြည်သည် ဦးမြ ၏စကားကိုကြားရသောအခါ ညနေက ထိုဘက်တောတန်းဆီတွင် ဝံတစ် ကောင်အော်နေသံ ကြားခဲ့ရသည်ကို ချက်ချင်းသတိရသွား၏။ ဦးသာမောင် တို့ တောတက်လမ်းဘက်တွင် တအီအီအော်နေသော ဝံညည်းသံမှာ ယခု ဦးမြဆီရောက်နေသော ဝံကလေးများ၏အမေ ညည်းသံများလားဟုလည်း တွေးမိလိုက်၏။ သို့သော် ဝံများသည် တစ်ခါတစ်ခါ နေထိုင်မကောင်းလျှင် ညည်းကောင်း၊ မိတ်လိုလျှင်လည်းကောင်း ညည်းတတ်အိတတ်ကြသဖြင့် စကား များစွာစိတ်မဝင်စားခဲ့။ ယခုလည်း အလုပ်ကိစ္စနှင့်လာရသဖြင့် သူတို့ ဤဝံကလေးနှစ်ကောင်ကို မည်သို့မည်ပုံရလာခဲ့ကြကြောင်း ဆက် မမေးမိတော့။ ဦးမြကလည်း အလုပ်ကိစ္စသာစကားဆက်မေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သစ်စိမ်းချောင်းဘက်က ကိစ္စက ဘယ့်နှယ်လဲ"

"ညညဝင်တာတော့ အမှန်ပဲတောအုပ်ကြီး၊ ပုဂ္ဂိုလ်ကဆင်သမားတွေလဲ ပါမယ်ထင်တယ်၊ အဲဒါ ဒီည ထုတ်လုပ်ရေးကလူတွေနဲ့ တိုင်ပင်ပြီး သွားစောင့်ကြမလို့"

"ထုတ်လုပ်ရေးက လူတွေပါရင် ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့၊ အဲဒါ တောအုပ်ကြီးဆီက မောင်သန်းတို့ညီအစ်ကို ကျွန်တော်ခေါ် သွားချင်လို့၊ ဒီမှာ တောအုပ်ကြီးတစ်ယောက်ထဲများဖြစ်နေ"

"ရပါတယ်ဗျာ၊ ဟဲ ဟဲ ကျုပ်က သေနတ်တစ်လက်နဲ့ တစ်သက်လုံး တောထဲနေလာတဲ့သူပါ၊ ခုဆို သားတွေသမီးတွေကလဲ ဒီမှာတစ်ပြုံကြီးပါ၊ ဟော ခု ဒီမှာ သားသမီးနှစ်ယောက်တောင် အင်အားတိုးလာဦးမှာပြီ ဟဲ့ ဟဲ မဟုတ်ဘူးလားကွ ဝံကလေးတို့ရယ်နော် ဟား ဟား"

မွေးထားသော တိရစ္ဆာန်များကို သားတွေသမီးတွေဟုပြောပြီး အမြဲ လိုလိုမူးနေတတ်သော တောအုပ်ကြီးကိုကြည့်ကာ ဦးကြည်က ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ဒါဆို ကျွန်တော်ပြန်မယ် တောအုပ်ကြီး၊ ညနေထမင်းစားပြီးရင် သာ မောင်သန်းတို့ညီအစ်ကိုကို လွှတ်လိုက်ပါ"

သူကြက်တူရွေးက 'ဟုတ်ကဲ့ ဟုတ်ကဲ့'ဟု အော်နေသလို သာလိကာကလည်း ဦးကြည်ပင် စကားဆုံးအောင်မပြောရသေး 'အိမ်... အိမ် ပြန် ပြန် နေတော်နည်းနေပြီ'ဟု ဦးမြ၏ သမရိုးကျ ဆိုရိုးစကားတို မြည်တွန်နေ၏။ ဤသည်ကို သူတို့အဖေကြီးဦးမြကလည်း တပြုံးပြုံးနှင့်

ဦးကြည် မိမိတဲဘက်သို့ ထွက်လာချိန်မှာ တောင်စွယ်တွင် နေ ကွယ်၍ မြူခြေတွေပြပြဆိုင်းကာ မိုးချုပ်စပြုနေလေပြီ။





မိုးချုပ်လာသည်နှင့် တစ်ပြိုင်နက် သစ်တဲဝန်းကျင်မှ ပိုးကောင် မွှားကောင်တို့၏ တစီစီတအီအီ မြည်ကြွေးသံတွေမှာ ဆူညံလာသည်။

သည်နေ့ ဝံကလေးနှစ်ကောင် ရောက်နေသဖြင့် တောအုပ်ကြီး ဦးမြ၏တဲထဲမှာလည်း ဝံကလေးတွေအီသံနှင့် ကြက်တူရွေးသာလိကာတို့ကို ဦးမြ စကားသင်ကြားနေသံတို့က ပို၍ညံနေသည်။ တစ်ချက်တစ်ချက်တွင် မျောက်အာနီကလည်း တခွီးခွီး ထအော်တတ်သေး၏။

သက်ငယ်ခေါင်းချအချိန် မတိုင်မီပင် ဦးမြသည် သူ့သားဝံကလေး နှစ်ကောင်ကို ချည်ကြိုးတန်းလန်းနှင့်ပွေ့ဖက်ကာ အိပ်ပျော်သွားလေသည်။

ဦးမြ လန့်နိုးလာသည်။ ဝံကလေးနှစ်ကောင်က တအီအီညည်းနေ ကြ၏။ အမှန်မှာ ဝံကလေးတွေ ညည်းသံကြောင့် ဦးမြနိုးလာခြင်းမဟုတ်၊ သူအိပ်နေစဉ် သစ်တဲကဲလားကို တစ်စုံတစ်ယောက် လာတွန်းသံလိုလို ကြားသဖြင့် လန့်နိုးလာ၏။ 'အဟမ်း အဟမ်း' ဟု အသံပြုကာ မောင်သန်း တို့လားကွဟု ဦးမြက မေးလိုက်၏။

ဦးမြထင်လိုက်သည်မှာ တောခေါင်းဦးကြည်တို့နှင့် သစ်စိမ်းချောင်း ဘက်လိုက်သွားသော မောင်သန်းတို့ညီအစ်ကို ပြန်လာကြပြီဟု ထင်လိုက် သည်။ သို့သော် အပြင်ကထူးသံမကြားရ။ လူသံသာမဟုတ် စောစောက သူနားထဲကြားမိသော ကဲလားတံခါးကို တစ်စုံတစ်ယောက် လာတွန်းနေ သည်ဟု ထင်ရသောအသံပါ တိတ်သွား၏။ အာနီဆော့တာလားဟူသော အတွေးနှင့် အာနီကိုလှမ်းကြည့်မိ၏။ အာနီသည် ထုတ်တန်းပေါ် ထိုင်ကာ ထရံကိုမှီပြီး ငိုက်မျဉ်းနေ၏။ မျောက်ဆိုသော တိရစ္ဆာန်တွင် လူတွေ နားမလည်နိုင်သော အကျင့်တစ်ခုရှိသည်။ ညညကျလျှင် မြေပြင်ကို ကြောမကြာ ဆင်းစမ်းလေ့ရှိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကမူ ကမ္ဘာမြေကြီးများ ပြိုကျလေသလားဟု စိုးရိမ်စိတ်နှင့် ဆင်းဆင်းစမ်းတတ်ကြသည်ဟု ဆိုကြသည်။

ယခုလည်း မြေပြင်ကိုသွားဆင်းစမ်းသော အာနိသည် သူ့အသံ ကြားသဖြင့် ထုတ်ပေါ်ပြန်တက်ကာ ငိုက်မျဉ်းယောင်ဆောင်နေသည်ဟု ဦးမြကထင်၏။ ယခင်က ဤသို့ဆင်းဆင်းစမ်းသဖြင့် သူ ရိုက်နှက်ဖူး သည်။ ထို့ကြောင့် သူ ပြန်အိပ်၏။

ဦးမြ အိပ်မပျော်တပျော်အချိန်တွင် တဲပြင်က ခြေသံလိုလို ကြား ရပြန်သည်။ ဤတစ်ခါ အာနိပါ တခွီးခွီးထအော်သဖြင့် ဦးမြပါ လန့် သွားသည်။ အာနိသည် ညအချိန်၌ လူစိမ်းသူစိမ်း တစ်ယောက်ယောက် လာလျှင် ဤသို့ပင်အော်၍ သတိပေးတတ်သည်။ ဦးမြ နားစွင့်ထား၏။ အပြင်ကဝါးထရံကို တဖျစ်ဖျစ်နှင့် တစ်စုံတစ်ယောက် လာဖြဲနေသည်။ ဝံကလေးနှစ်ကောင်ကပါ တအီအီအော်၍ ထခုန်နေကြသောအခါ ဦးမြ ပို၍လန့်သွားသည်။ စိမ့်ကြီးမြိုင်ကြီးထဲ ညကြီးမင်းကြီး ချွေးပြန်သွား၏။

ခါတိုင်း ဤသို့ တစ်ခါမှမဖြစ်ဖူး။ ဦးကြည်တို့အဖွဲ့နှင့် သူတို့ နှစ်ယောက်ပါသွားသည်ကိုသိသော မသမာသူများသည် တဲထဲတွင် သူ တစ်ယောက်တည်း နေမှန်းသိသဖြင့် လုပ်ကြံရန် လာချောင်းကြလေ သလား။ သူ့အား နည်းအမျိုးမျိုးနှင့် ချဉ်းကပ်ပေါင်းသင်းကြသော်လည်း အရောမဝင် အဖက်မလုပ်ဘဲနေခဲ့သော မသမာသူများ၏ မျက်နှာများ ဦးမြ၏ အမြင်အာရုံထဲမှာ ချက်ချင်းပေါ်လာကြသည်။ အိပ်ရာဘေး မီးစာမှိန်ထားသော မီးအိမ်ကို ကမန်းကတန်း မီးငြိမ်းပစ်လိုက်ရင်း သေနတ်ကို အလျင်ယူသည်။ လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်နှင့် ကိုင်သည်၊ သို့သော် အသံကြားရာဆီသို့ ချက်ချင်း ထိုးမကြည့်ရဲသေး





မတော်၍ ဓာတ်မီးတန်း အလင်းရောင်အတိုင်း သေနတ်နှင့် တည့်တည့်ချိန်ပစ်လိုက်လျှင် သူ့ကိုထိသွားနိုင်သည်။ ယခင်က မသမာ သူများလက်ချက်ဖြင့် ဤသို့သေဖူးသူများကို သူကြားဖူးထားသည်။

ခေါင်းရင်းထရံနားမှ ခြေသံမကြားအောင် သူရွှေ့လာ၏။ အပြင် အမှောင်ထဲမှ ဝါးထရံကိုဖြဲကာ ချောင်းကြည့်ထားသော မသမာသူများ သည် လုံ့နှင့် တအားစွပ်ထိုးလိုက်မှာလည်း စိုးရိမ်သွား၏။

ထို့ကြောင့် အိပ်ရာမှ အသာအယာဖင်ရွှေ့ကာ ဧည့်ခန်းအလယ် သို့ရွှေ့လာ၏။ မြေစိုက်တဲ၏ မြေပြင်ကိုခြေနင်းမိမှ ဟိုဟိုသည်သည် ကြည့် ရ၏။ အမှောင်ထဲတွင်ဖြစ်သော်လည်း နှစ်ရှည်လများ နေလာခဲ့သော မိမိသစ်တဲဖြစ်သဖြင့် အခက်အခဲမရှိပေ။ အမှောင်ထဲ၌ သူသွားလိုရာသို့ ရှောရှောရှူရှူရောက်လာသည်။

အပြင်မှ ဝါးထရံကို ဖြဲနေသံသည် နေရာရွှေ့သွား၏။ သစ်တဲ ဘေးဘက်မှ ရှေ့ဘက်သို့ရောက်သွားသည်။ မြေစိုက်တဲဧည့်ခန်းကွက်လပ် ထဲရောက်နေသော ဦးမြနှင့်လည်း ပိုနီးလာ၏။

အတွင်းထဲမှ မျောက်အာနိ အော်သံနှင့် ဝံကလေးနှစ်ကောင် အော်သံကလည်း ကျွက်ကျွက်ညံလာ၏။

မသမာသူများသည် သစ်တဲထဲဝင်ရန် အပေါက်ရှာနေကြသည်ဟု ထင်၏။ စောစောကတစ်ခေါက်လည်း မောင်သန်းတို့ညီအစ်ကိုတွေ ပြန် လာကြသည်ထင်၍ မေးပြီးပြီ၊ ခုလည်း တဲထဲကတိရစ္ဆာန်တွေ ဒီလောက် အော်နေကြတာ ငါနိုးနေပြီဆိုတာသိလျက်နှင့် ဒီကောင်တွေ ငါတစ် ယောက်တည်းမှန်းသိလို့ အတင့်ရဲလာကြပြီ ဒီတစ်ခါတော့ သူသေငါသေ သေလုပ်ရတော့မှာပဲဟု ဦးမြ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ပင် တောင်ဘက်တံခါးဝနားမှာ မိုးတွင်းက မိုးပေါ်၍ ရှိနေသောဝါးထရံမှာ ဖြိုးဖြိုးဖြောက်ဖြောက်မြည်ကာ ပွင့်ထွက်လာ၏။ ညအမှောင်ပင်ဖြစ်သော်လည်း အပြင်ကအလင်းကြောင့် မည်းခနဲအရိပ်ကြီးတစ်ခု တဲထဲတိုးဝင်လာသည်။ ဦးမြမှာပို၍ ခေါင်းနားပန်းကြီးသွား၏။

စက္ကန့်ပိုင်းအတွင်းမှာပင် ဦးမြသည် ထိုမည်းမည်းအရိပ်ကြီးကို တဲသေပေတော့ကွာဟု အော်လိုက်ရင်း သေနတ်နှင့် ဒိုင်းခနဲလှမ်းပစ်လိုက်၏။ နောက်တစ်ချက် ထပ်ပစ်ပြီးမှ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ခဲ့သည်။

ထရံအောက်မြေပြင်ပေါ်တွင် သွေးအလိမ်းလိမ်းနှင့် လူးလှိမ့်ညည်းတွားနေသော ဧရာမ ဝက်ဝံမကြီးတစ်ကောင်ကို မြင်လိုက်ရသောအခါ ဦးမြ၏လက်ထဲက သေနတ်မှာ မြေပြင်သို့ ရုတ်တရက် လွတ်ကျသွားလေသည်။

အမှန်မှာ မနက်က စံလှနှင့်ထွန်းရတို့ ဖမ်းဆီးသွားကြသော အူသားငယ်နှစ်ကောင်ကိုရှာရင်း ဝံမကြီးသည် သူ့သားများရှိရာ ဦးမြ၏တဲသို့ ရောက်လာခြင်းဖြစ်၏။ ယခု သားဖေါနှင့်လိုက်လာသော ဝံမကြီးခမျာမှာ ဦးမြ၏ အထင်အမြင်လွဲမှားမှုကြောင့် သေသွားရရှာလေပြီ။

(၁၉၈၅ ခုနှစ်၊ ဇူလိုင်လ၊ ဒဂုန်မဂ္ဂဇင်း)

✻ ✻ ✻

# သေအောင်ဆော့တဲ့မျောက်

ဦးတင်မောင်တို့သားအဖသည် အပတောဘက် လှည့်ခွဲရန်ထွက်လာကြ၏။

သူတို့သားအဖမှာ မျိုးနှင့်ရိုးနှင့် လွှဆွဲ လွှထောင်သမားများဖြစ်ကြသည်။

ဦးတင်မောင်တို့သားအဖ တောထဲဝင်လာကြသည်နှင့် တစ်ပြိုင်နက် သစ်ပင်ပေါ်ရှိမျောက်များသည် ကွိကွိကွကွအော်မြည်ကြတော့သည်။

ဤသည်မှာ တောထဲတောင်ထဲ၌ နေ့စဉ်ကြုံနေ ကြားနေရသော အတွေ့အကြုံမို့ သူတို့သားအဖက မျောက်အော်သံလောက်ကို ဂရုမထားကြတော့ပေ။

လွှစင်ရှိ သစ်လုံးတင်ထားရာဆီသို့ ပုံမှန်ခြေလှမ်းများနှင့် သူတို့သားအဖ လျှောက်လာကြရာ မျောက်များကလည်း သူတို့သားအဖနောက်ကို ဤနေ့မှ ထူးထူးခြားခြားလိုက်လာကြသည်။

www.burmeseclassic.com



"ဒီတောက တယ် မျောက်ပေါပါလား အစ်ကိုကြီး"

သစ်ပင်ပေါ်တွင် တစ်ပင်မှတစ်ပင်ခုန်ကူးကာ သူတို့သွားရာဘက် လိုက်ပါလာကြသော မျောက်များကိုမော့ကြည့်ပြီး ဦးတင့်မောင်၏သား အငယ်တင်မြက ပြောလိုက်၏။

"ဒီတောက မျောက်ပေါတာတော့ မပြောနဲ့ကွ၊ ဖေဖေတို့ငယ်ငယ် ကဆို အင်္ကျီတောင်ချွတ်မထားရဲဘူးတဲ့၊ လွှဆွဲခါနီး အင်္ကျီချွတ်ပြီး သစ်ပင် မှာချိတ်ထားရင် မျောက်တွေက လူအလစ်ယူပြေးပြီး အင်္ကျီတွေလုဝတ် တတ်ကြလို့တဲ့"

"ဟင်, တကယ်လား အဖေ"

သူ့ထက် ထောအတွေ့အကြုံများသော သားကြီးတင်လှပြောသည် ကို သားငယ်တင်မြက မယုံသလိုနှင့် သူ့အဖေကိုမေး၏။

"ဟုတ်တယ် သားရယ်၊ အင်္ကျီတင်မကဘူးကွ အဖေတို့ ပုန်းပေါ် တင်ယူလာတဲ့ လုံချည်တွေဆိုလဲ လွှဆွဲနေရင် ကိုယ့်ခါးမှာ ကိုယ်ပတ်ထား ကြရတယ်၊ မေ့လို့များ လွှစင်နားက သစ်တစ်ပင်ပေါ် တင်မထားလိုက်နဲ့ လူလစ်တာနဲ့ မျောက်တစ်ကောင်ကောင်က လုံချည်ကိုလာယူပြီး လူလို ဝတ်တော့တာပဲ . . .

. . . အဲဒီလုံချည်ကို နောက်မျောက်တွေကလဲ သူဝတ်ဖို့ ငါဝတ်မယ် ဝိုင်းလုကြတော့ ကွမ်းတစ်ယာညက်မကြာခင်မှာဘဲ လုံချည် ဟာ အစုတ်တစ်ရာအပြဲတစ်ရာ ဖြစ်ကုန်တော့တာပဲ၊ အဲဒီလုံချည်စုတ် တွေကို တစ်ကောင်တစ်စစီ ခါးမှာပတ်ပြီး သစ်ပင်ပေါ် ခုန်ပေါက်ပြေးဆော့ နေကြတာ မင်းတို့ကို အဖေပြချင်တယ်၊ မျက်စိလဲနောက် ရယ်လဲရယ်ရ ပေါ့ကွာ"





သားအဖသုံးယောက် စကားတပြောပြောနှင့် လျှောက်လာကြရာ သူတို့သစ်လုံးကြီးတင်ထားသော လွှစင်နားရောက်လာကြလေသည်။

"သား ထမင်းထုပ်နဲ့ရေဘူးကို လွှစင်အောက်မှာပဲ ချိတ်ထားနော်၊ အဖေတို့ လွှထောင်ဆွဲနေကြတုန်း မျောက်တွေယူပြေးသွားလို့ ထမင်းငတ် နေပါဦးမယ်ကွာ"

"ဟုတ် ဟုတ်ကဲ့အဖေ"

သားငယ်တင်မြက သူ့အဖေကိုပြောရင်း သူတို့လွှစင်နားရှိ သစ်ပင် ပေါ်က မျောက်များကို ခဲနှင့်လှမ်းပေါက်သည်၊ သို့သော် ပေါက်ရုံခဏသာ၊ တင်မြလက်ရုပ်သည်နှင့် မျောက်များက သူတို့လွှစင်နား သစ်ပင်ပေါ် ပြန် ရောက်လာကြ၏။

"ဒီတောက မျောက်တွေကို သား ခဲနဲ့လှမ်းပေါက်လို့ကတော့ မင်းသာ လက်ညောင်းသွားပြီး လွှမဆွဲနိုင်ဖြစ်သွားမယ်၊ မျောက်တွေက တော့ ဖြုံမှာမဟုတ်ဘူး၊ သူတို့ဘာသာဘာဝ ဆော့နေကြပါစေကွာ၊ အဖေ တို့လွှဆွဲဖို့ သစ်မျဉ်းချကြမယ်"

သစ်လုံးကြီးတင်ထားရာသော လွှစင်ပေါ်က သူ့အဖေစကားကြောင့် မျောက်များကို ခဲနှင့် လှမ်းပေါက်နေသော တင်မြက နောက်ထပ်ခဲ မကောက်တော့။

တင်လှကတော့ မီးသွေးမျဉ်းကြိုးတစ်ခွေကို ကိုင်ကာ စင်ပေါ် ခုန်တက်လာ၏။

မီးသွေးကိုအမှုန့်ကြိတ်ပြီး ရေဖျော်ကာ အုန်းမှုတ်ခွက်ထဲ နှစ်စိမ် ထားသော မျဉ်းကြိုးတစ်စကို တင်လှက သူ့အဖေဘက် လှမ်းကမ်းပေး လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပဲ့ပုတ်ထားသော သစ်လုံးအပေါ် ဘက်ပြင်ညီတွင် တင်လှနှင့် သူ့အဖေတို့က မျှင်းကြိုးတစ်စစီကို တစ်ယောက်တစ်ဖက်စီဆွဲပြီး မျှင်းသား ရာချကြသည်။

ဤသစ်လုံးမှာ ငါးမူးပျဉ်ချည်း ခွဲတိုက်ဆွဲရမည်ဖြစ်သဖြင့် ပျဉ် အချပ်ရေ မည်မျှထွက်မည်မျှ ရနိုင်သည်ကိုလည်း အဖေဖြစ်သူ လွှထောင် ဆရာကြီးက ခန့်မှန်းတွက်ဆနေသည်။

ထိုသို့ သူ့အဖေနှင့် သူ့အစ်ကိုတို့ အပေါ်ကသစ်လုံးပြင်ပေါ် မျှင်း သား သစ်ထွက်ပျဉ်ထွက် ခန့်မှန်းနေကြစဉ် တင်မြက လွှစင်နားဘ ရေနွေး ကြမ်းအိုးတည်နေ၏။

လွှဆွဲ၍ မောလာလျှင် သူတို့နားကြမည်။

ပြီး ရေနွေးကြမ်းသောက်ကြမည်။

တင်လှ လွှစင်ပေါ် က ဆင်းလာ၏။

သစ်သားလက်ကိုင် တပ်ထားသောလွှအောက်ကို ညီအစ်ကိုနှစ် ယောက် တစ်ယောက်တစ်ဖက်စီ ဝင်လိုက်ကြ၏။

အပေါ်မှ ဝိုင်းဆရာဖြစ်သူ ဦးတင်မောင်က လွှကို လက်ဆပေး လိုက်သည်။

သားနှစ်ယောက်က အလိုက်သင့် လွှကို အပေါ်မြှောက်တင်ပေး လိုက် အောက်ဆွဲချလိုက်နှင့် တရှုရှု လွှတိုက်လွှဆွဲနေကြ၏။

သစ်လုံးကြီးထိပ်မှ မျှင်းကြောင်းအတိုင်း ရွေ့လျားလာသော လွှသွားနှင့်အတူ လွှစာမှုန့်များကလည်း ဖွေးဖွေးကြကျလာ၏။

လွှတစ်လွတ်စာရသွားသောအခါ ဦးတင်မောင်က သစ်လုံးကြီး၏ လွှကွဲကြောင်းပေါ် သစ်သားတစ်စို့ရိုက်သည်။





လွှဝိုင်းလွှထောင်ဆရာ၏ လက်သည် စို့ရိုက်ရာ၌ အချိန်အဆ တော်ရတတ်ရသည်။ သူရိုက်ထားသောစို့မှာ လွှ၏ရှေ့နောက်ကို လွှတ် လွှတ်ကျွတ်ကျွတ်ရှိနေရမည်။ လွှက ရှေ့ဘက်ကိုတိုက်စားလာလျှင် ထိုစို့ကို ပြန်နှုတ်၍ ပြန်ရိုက်ရမည်ဖြစ်သဖြင့် မတင်းလွန်း မချောလွန်း ပြန်နှုတ် လျှင်လည်း အလွယ်တကူရအောင် ရိုက်တတ်ရပေသည်။

ဤသို့နှင့် ဦးတင်မောင်တို့ သားအဖသည် နားလိုက် လွှပြန်ဆွဲ လိုက်နှင့် တစ်နေ့လုံး အပတော်၌ လွှဆွဲနေကြ၏။

နေညိုသွားသောအခါ ကွဲကြောင်းတစ်ဝက်လောက် ခရီးပေါက် နေသော သစ်လုံးကို စို့တစ်ချောင်းရိုက်ထားခဲ့ကြ၏။ နောက်တစ်နေ့မှ ထိုလွှကြောင်းထဲ လွှကို အလွယ်တကူ ရောက်ရောက်ချင်းသွင်းပြီး တိုက် ဆွဲနိုင်အောင် အရံသင့် စို့သွင်းရိုက်ထားခဲ့ကြသည်။

လွှထောင်သိမ်း၍ သူတို့သားအဖ လွှစင်နားမှ ခွာလာကြသည်နှင့် တစ်ပြိုင်နက် မျောက်အုပ်သည် သူတို့လွှစင်ပေါ် အလုအယက်ပြေးတက် ပြီး ဆော့ကျန်ခဲ့ကြသည်။

⁂

နောက်တစ်နေ့။

လွှစင်နား သူတို့သားအဖမရောက်မီ အဝေးလှမ်းလှမ်းကပင် မျောက်များ ကွိကွိကွကွ အော်ဟစ်နေကြသံများကို ကြားရသည်။

တစ်တောလုံး မျောက်သံတွေနှင့် ဆူညံနေသည်။

လွှစင်နားရောက်လာကြသောအခါ သူတို့လွှစင်ထက်၌ မျောက် များခုန်ပေါက်ပြေးဆော့ အော်ဟစ်နေကြသည်ကို လှမ်းမြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်တို့ သားအဖသုံးယောက်စလုံး လှေစင်နား ချဉ်းကပ်ရောက်လာကြ၏။

လှေစင်ပေါ်မှ မျောက်များသည် တကွဲကွဲတကွကွအော်ဟစ်ကာ သစ်ပင်ပေါ် တက်ပြေးသွားကြ၏။

သို့သော် မျောက်အုပ်ထဲတွင် ခေါင်းဆောင်ဟုထင်ရသော မျောက်ထီးကြီးတစ်ကောင်ကမူ ဦးတင်မောင်တို့သားအဖကို လုံးဝဂရုမစိုက်ဘဲ ခွဲလက်စသစ်လုံးပေါ် ခွထိုင်ကာ ဦးတင်မောင်တို့ သားအဖသုံးယောက်ကို မကြောက်မရွံ့ စိုက်ကြည့်နေ၏။

"တော်တော်လူပါးဝတဲ့မျောက် တောက်"

တင်မြက ဆဲဆိုပြီး ရှားခဲတစ်လုံးနှင့် လှမ်းပစ်လိုက်သည်။

လက်သီးဆုပ်နီးပါးရှိသော ခဲလုံးက သစ်လုံးပေါ် ခွထိုင်နေသော မျောက်ကြီးကို တည့်တည့်သွားမှန်၏။

"အုန်း"ခနဲပင် အသံကြားလိုက်ရသည်။

သို့သော် မျောက်ကြီးကား နကုမ္ပတိ မတုန်မလှုပ်သာ။

"ဟာ . . ဒီမျောက်ကြီးက ဘယ်လိုလဲဟ၊ တယ် သတ္တိကောင်းနေပါလား"

ဦးတင်မောင်တို့ သားအဖက လှေစင်နားကို ပို၍ချဉ်းကပ်လာကြသည်။ ထိုအချိန်မှာ စောစောက သူတို့သားအဖကိုမြင်၍ လှေစင်နားရှိ သစ်ပင်များပေါ် တက်ပြေးသွားကြသော မျောက်များက ပို၍ဆူညံစွာ အော်ဟစ်လာကြသည်။

ဦးတင်မောင်တို့ သားအဖသုံးယောက်သည် အံ့ဩတကြီးနှင့် လှေစင်အောက်ဝင်၍ စင်ပေါ်ကို ပြိုင်တူမော့ကြည့်လိုက်ကြသည်။





"ဟာ, မျောက်ကြီးက သေနေတာပဲ အဖေရယ်"။

"အေးဟ, ဘယ့်နှယ် ထိုင်လျက်ကြီးသေနေပါလိမ့်"။

သားအဖသုံးယောက် လှေစင်ပေါ်ပြိုင်တူခုန်တက်၍ မျောက်သေကြီးကို သေသေချာချာ ကိုင်စမ်းကြည့်ကြသည်။

အမှန်ပင် မျောက်ကြီးသေနေပါပြီ။

အသေထူးသောမျောက်ကြီးကို သားအဖသုံးယောက် ကိုင်လှုပ်ဆွဲကြည့်ကြ၏။

သစ်ဝင်ပေါ်မှ သူတို့သားအဖကို ဝိုင်းကြည့်နေကြသော မျောက်များ၏အသံက ပိုညံလာပြန်သည်။

"ဟာ, အဖေ မျောက်ကြီးကပ်ပယ်အိတ်က သစ်ခွဲခြမ်းလှကြောင်းကြားထဲ ဝင်ညပ်ပြီး သေနေတာကိုး ဗျ။ ဟဲ ဟဲ တော်တော်အသေဆန်းတဲ့မျောက်"

တင်လှ ပြောလိုက်သည်မှာ အမှန်ပင်ဖြစ်သည်။

မျောက်ကြီး၏ ကပ်ပယ်အိတ်နှစ်လုံးသည် သစ်လုံးခွဲကြောင်းကြားထဲဝင်ညပ်နေ၏။

၁၁

သစ်လုံးခွဲကြောင်းထဲ တစ်နေ့ညနေက သူတို့သားအဖ ရိုက်သွင်းထားခဲ့သော သစ်သားစို့ချွန်လည်း သစ်ခွဲလှဆွဲကြောင်းထဲ မရှိတော့။

အဖြစ်မှန်မှာ ဤမျောက်ကြီးသည် ဦးတင်မောင် စို့ရိုက်သည်ကိုလည်းကောင်း၊ စို့ပြန်နှုတ်လိုက် တစ်ခါထပ်ရိုက်လိုက်၊ နေသားမကျသေး၍ တစ်ခါထပ်နှုတ်လိုက် ဆွဲချွတ်လိုက်လုပ်နေသည်ကို တစ်နေ့ညကမြင်ထားရာ လူမရှိသောအခါတွင် လူကဲ့သို့ သစ်လုံးပေါ် ခွထိုင်ကာကွဲကြောင်းသစ်လုံးထဲကစို့ကို ဦးတင်မောင်နှုတ်သလို ဆွဲနှုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ကာပ်ပယ်အိတ်နှစ်လုံး သစ်လုံးကွဲကြောင်းထဲ ဝင်နေသည်ကိုမူ လုံးဝမသိရှာ။

ထိုအခါ စိုးကိုဆွဲနှုတ်လိုက်သည်နှင့် ကပ်ပယ်အိတ်ကို သစ်ကြားညပ်၍ ထိုင်လျက်သေနေခြင်းသာ။

(ဤအဖြစ်အပျက်မှာ လွှဆွဲ လွှထောင်သမားများ ပြောပြသော ကိုယ်တွေ့အဖြစ်မှန် ဖြစ်ပါသည်)

(၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဂျီအီးစီရသစုံမဂ္ဂဇင်း)

❋❋❋

# အန္တိမ၏ကာလနောက်ဆုံးမှာ

တစ်နေ့သ၌ ကရဝိက်ငှက်သည် ထူးဆန်းအံ့သြဖွယ်ကောင်းသော သတင်းထူးတစ်ခုကို ပြောကြားလေသည်။

"အို၊ အချင်းတိရစ္ဆာန်အပေါင်းတို့ လူသားများသည် အချင်းတို့ အကျွန်ုပ်တို့ အကောင်အထည်မမြင်ကြရသော ဆုပ်ကိုင်ဖမ်းဆီးထားခြင်းငှာလဲ တတ်နိုင်စွမ်းမရှိသောလေကိုပင် ဖမ်းဆီးချုပ်ကိုင်ကာ သူတို့ဆန္ဒရှိရာသို့ သွားလာနေထိုင်နိုင်ရန် ခိုင်းစေနေကြပါပြီ၊ လေကို ခိုင်းနှစကာ သမုဒ်ပြင်ကျယ်ကို လှေရွက်နာဝါများနှင့် ဖြတ်သန်းသွားလာနေကြသော လူသားများကို အကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်လာခဲ့ရပါပြီ. . .

. . .အို၊ အချင်းတို့ အကောင်အထည် မမြင်ရသော လေကိုပင် လိုချင်သလို ခိုင်းစေနိုင်သော လူသားများသည် တစ်နေ့ကျလျှင် အချင်းတို့ အကျွန်ုပ်တို့ကိုလဲ ဖမ်းဆီးခိုင်းစေလာကြမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါတည်း"

ဧသော့ပ်ပုံပြင်မှ

www.burmeseclassic.com



"အို၊ အချင်းတို့ သို့ပြီးတကား လူသားများ ဖမ်းဆီးခြင်းကိုမခံရမီ အချင်းတို့ အကျွန်ုပ်တို့သည် လူသားများနှင့်ဝေးရာသို့ ပြေးကြပါကုန်စို့ အို . . အချင်းတို့"

သတ္တရဘန် တောင်စဉ်ခုနစ်ထပ်တွင် သွားလာကျက်စားနေကြကုန်သော တိရစ္ဆာန်များသည် ကရဝိက်ငှက်၏စကားကြောင့် ရုတ်ခြည်းလှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ကရဝိက်ငှက်၏ စကားကို သို့လောသို့လောလည်း တွေးတောကြ၏။ သူတို့၏ မျက်စိပသာဒဖြင့်ပင် ကြည့်၍မမြင်ကြရသော လေအလျှင်ကိုနိုင်းစေကာ သမုဒ်ပြင်ကျယ်ကို လေ့နာဝါများနှင့် လူသားများဖြတ်သွားနေကြသည်ဆိုခြင်းမှာ မဟုတ်တန်ရာ မဖြစ်နိုင်တန်ရာ။

ထို့ကြောင့် ကရဝိက်ငှက်၏စကားကို မယုံကြည်သဖြင့် အတောင်ရှိသော တိရစ္ဆာန်များသည် ကရဝိက်ငှက်ကို လမ်းပြအဖြစ်ခေါ်သွားပြီးကြည့်ကြသည်။ မှန်ပေသည်။ လူသားများသည် လေကိုနိုင်းစေကာ ပင်လယ်သမုဒ္ဒရာပေါ် ခြေချသွားလာနေကြပြီ။ အသို့ လုပ်ကြရပါအံ့နည်း။ အကျွန်ုပ်ကို ယခုကပင် လူသားများနှင့် ဝေးရာသို့ ပြေးသင့်မပြေးသင့် တိုင်ပင်မေးမြန်းကြသည်။

ထိုအခါ ခွန်အားဗလကြီးမားသော ဆင်ပြောင်ကြီးက . . .

"အို၊ အချင်းတို့ ကျွန်ုပ်၏ခွန်အားနှင့် အဘယ်လူသားကို ကြောက်ရအံ့နည်း၊ အကျွန်ုပ်လို ခွန်အားဗလကြီးမားသောသူကို အဘယ်လူသားကဖမ်းဆီးနိုင်အံ့နည်း၊ သယ်, သည်တောသည်တောင်မှာ ငါလိုအကောင်သည် လူသားများကိုကြောက်၍ ဟိမဝန္တာသို့ ထွက်ပြေးရမည်ဆိုသည်မှာ ရာဇဝင်ရိုင်းပေမည်၊ အကျွန်ုပ်ကား မပြေး" ဟု ဆိုကာ . . .





လူနှစ်ကိုယ်စာ သုံးကိုယ်စာခန့်ရှိသော သစ်ပင်ကြီးတစ်ပင်ကို ပြေးအောင်းလှဲချ ဒေါမာန်ထပြလိုက်သည်။

ဆင်ပြောင်ကြီး လှဲချလိုက်သော သစ်ပင်ကြီးမြေအခတွင် မြေပြင်တစ်ခုလုံး သိမ့်သိမ့်ခါ တုန်လှုပ်သွားသည်။

ဆင်ကြီးနည်းတူ ဝက်ကြီးကလည်း သူ့အနားမှ သစ်ပင်ကြီးတစ်ပင်ကို ငေါ်ထွက်နေသော သွားစွယ်နှင့် လှမ်းပက်ပြကာ . . .

"သယ်, အကျွန်ုပ်သည်လဲ အဘယ်လူသားကိုမှ မကြောက်၊ အကျွန်ုပ်၏အစွယ်ကြီးနှင့် လှမ်းပက်လိုက်လျှင် မည်သည့်လူသား အူခွေများမဆို ပွတ်ခနဲထွက်ကာ အသက်ဇီဝိန်ကြွေရမည်"ဟု ကြုံးဝါးပြီး သစ်ပင်ကြီး၏ ပင်စည်သစ်ခေါက်များကို အလွှားအလွှားခွာချပြလိုက်လေ၏။

ထိုအခါ ဆင်ကြီး၊ ဝက်ကြီးတို့ကဲ့သို့ ဦးချိုရှိကြကုန်သော တိရစ္ဆာန်တို့သည်လည်း မြေပြင်, သစ်ပင်, ချုံနွယ်ပိတ်ပေါင်းများကို ဦးချိုနှင့်ခတ်ယမ်းဝှေ့ပြ၍ အင်အားပြကြ၏။ အတောင်ရှိကြကုန်သော တိရစ္ဆာန်များသည်လည်း ကောင်းကင်အဇရာ ဝဠာတိမ်ညွန့်ပေါ်ထိတက်၍ အင်အားပြကြကုန်၏။

"အကျွန်ုပ်တို့သည် အဘယ်မည်သော လူသားများ၏ ဖမ်းဆီးခိုင်းစေခြင်းကိုမှ မခံ၊ အာကာမိုးယံ၌လည်းကောင်း၊ မြေပြင်၌လည်းကောင်း အဘယ်လူသားသည် အကျွန်ုပ်တို့အား အန်တုဖက်ပြိုင်၍ရနိုင်ပါအံ့နည်း" ဟု သံပြိုင်ကြွေးကြော်ကြလေ၏။ ထိုအထဲတွင် တိမ်ညွန့်ကိုစား၍ နှစ်ပေါင်းထစ်ထောင်ရှည်ကြာအောင် နေလာခဲ့သော ဇီဝဖိုးငှက်သည်လည်း အခြားအခြားသော ငှက်တကာထက် အမြင့်တက်အစွမ်းရှိပုံကို တိမ်ညွန့်တိမ်လွှာကြားထဲ ထိုးဖောက်ဝင်ရောက်၍ အစွမ်းပြခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါကဲ့သို့သော တိမ်ညွန့်စား တိမ်ပေါ်နေ အသက်ရှည်ငှက်ကို အဘယ်လူသားသည် တိမ်ညွန့်ပေါ်တက်၍ ဖမ်းနိုင်အံ့နည်း အစွမ်းရှိလျှင် လာလှည့်၊ ဖမ်းလှည့်"ဟု ကြွေးကြော်ကာ မိုးပေါ်အဇ္ဈာ အာကာသထဲရှိ တိမ်ညွန့်ပေါ် တက်ဖောက်ပြလိုက်လေ၏။

✳

မှန်ပေသည်။ သူတို့ကား အခြားအခြားသော တောင်ပံရှိငှက်များလို သစ်သီးဝလံ ကောက်နှံစပါး အရွက်အညွန့်များကိုမစား၊ သက်ရှိ တိရစ္ဆာန်များဖြစ်သော ပိုးကောင်မွှားကောင်များကိုလည်း မစား၊ သူတို့ စားသော အာဟာရမှာ လေထဲတွင်လွင့်မျောပါလာသော ပရမာမြူမှုန့် မြူမှုန်များကိုသာ စား၏။

လေထဲတွင်လွင့်မျောပါလာသော ပရမာမြူမှုန့် မြူမှုန်များကိုရရှိ ရန်အတွက် လေဟာနယ်အာကာသထဲကို မြင့်နိုင်သမျှ မြင့်မြင့်ပျံတက်ကာ လေထဲတွင် လွင့်မျောပါနေသော ပရမာမြူမှုန်များကိုသာ စားသောက် လေ့ရှိကြသည်။

ထို့ကြောင့်လည်း လူသားများသည် သူတို့အား ဖမ်းယူခြင်းငှာ ပိုရှိ ခက်ခဲကြပေသည်။

မြင့်မြင့်ပျံတက်နိုင်လေ ပရမာမြူမှုန်များကို များများစားရလေ ဖြစ်သော သူတို့အား လူသားများကမူ တိမ်ညွန့်စားသော ဇီဝဇိုးငှက်ဟု သမုတ်ခဲ့ကြသည်။

ဇီဝဇိုးငှက်၏ အသွေးအသားများနှင့် ဇီဝဇိုးငှက်၏အသိုက်ကို စား သောက်ရလျှင် ခွန်အားဗလတိုး၍ အသက်ရာကျော်ရှည်ကြကာ ကျန်းမာ သန်စွမ်းစွာ နေနိုင်ကြသည်ဟုလည်း လူများကယုံကြည်ထားကြလေသည်။





ဇီဝဇိုးငှက်များသည် နေ့၌လည်းကောင်း၊ ညဥ့်၌လည်းကောင်း မိုးထက်ဝဋ္ဋာ အဇ္ဈာအာကာသ၌သာ အနေများကြသည်။

တိမ်ညွန့်စားသော ငှက်မွှားပီပီ အာကာသ၌လည်း မရပ်မနား ပျံသန်းနေထိုင်နိုင်ကြသည်။

သူတို့သည် တိမ်ညွန့်ကိုစားရင်း မိုးထက်ဝဋ္ဋာမှ အောက်သို့ငုံ့ကြည့် ကြ၏။ ထိုအခါ ငှက်အချို့နှင့် သားရဲတိရစ္ဆာန်အချို့ကို ဦးဆောင်ကာ လူသားများကိုကြောက်ရွံ့ပြီး ဟိမဝန္တာထိပြေးသွားသော ကရဝိက်ငှက်ပြော ခဲ့သလို သမုဒ္ဒရာပြင်ထက်တွင် လေကိုစေခိုင်းကာ ရွက်နာဝါဖွင့်၍ သွား လာနေကြသော လူသားများကို နေ့စဉ်လိုလို မြင်နေကြရလေသည်။

သို့သော် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဤလူသားများသည် သူတို့အား သတ်ဖြတ် ဖမ်းဆီးလာကြလိမ့်မည်ဆိုသည်ကို ယောင်၍မျှပင် မတွေးမိခဲ့ ကြပေ။ ရေပြင် မြေပြင်ကိုသာ အစိုးရသောလူသားများသည် သူတို့သွား လာကျက်စားနိုင်ကြသော အာကာသထဲကို မည်သည့်နည်းနှင့်မျှ ရောက် လာနိုင်ကြလိမ့်မည်ဟု မထင်ခဲ့ကြ။

လေထု လေဟာနယ်ကြားတွင် ပရမာမြူမှုန့်များကို စားသောက် ပျော်ပါးရင်း ဇီဝဇိုးငှက်မများသည် ဇီးရှိလာကြသည်။ ထိုအခါ သူတို့၏ မျိုးဆက် သားငယ် သမီးငယ်များကို ပေါက်ဖွားရန်အတွက် အသိုက်အမြုံ ပြုလုပ်ရန် နေရာရှာကြရလေပြီ။ ဇီဝဇိုးငှက်မများသည် လူသားများ ရောက်မလာနိုင်ဟု ယုံကြည်ထားကြပြီး အပြောကျယ်လှသော မဟာ သမုဒ္ဒရာထဲရှိ ကျောက်ဆောင် ကျောက်တောင်များပေါ် ဆင်းသက်ကြ သည်။ သူတို့သည် ထိုကျောက်ဆောင် ကျောက်တောင်တို့၏ မတ်စောက် သော ဖဲတောင်နံရံကမ်းပါးယံများတွင် အသိုက်တည်ဆောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ တော,တောင်,ရေပြင်,မြေပြင်တို့၌ ကျက်စားသော ငှက်တိရစ္ဆာန်များမဟုတ်လေရာ အသိုက်တည်ဆောက်ရာ၌လည်း အခြားသော ငှက်တိရစ္ဆာန်များနှင့်မတူဘဲ တစ်မူထူးခြားစွာ တည်ဆောက်ကြလေ၏။

သူတို့သည် အခြားအခြားသော ငှက်တိရစ္ဆာန်များလို သူတို့၏ အသိုက်အမြုံကို သစ်ခက်သစ်ရွက် မြက်ကောက်ရိုးတို့ဖြင့် မလုပ်တတ်ကြ။ သူတို့အာခံတွင်းမှ ထွေးထုတ်လိုက်သော အန်ဖတ်အာစေးတို့ဖြင့်သာ အသိုက်လုပ်ပြီး သားသမီးများကို ပေါက်ဖွားလေ့ရှိကြလေသည်။

သူတို့မျိုးနွယ်ဆက်များသည် ဤသို့ဖြင့် သူတို့၏ မျိုးဆက်သစ်များကို ပင်လယ်သမုဒ္ဒရာထဲရှိ ကျောက်ဆောင် ကျောက်တောင်များပေါ်တွင် ပေါက်ဖွားရှင်သန်လျက် နေထိုင်လာခဲ့ကြလေသည်။

✳

တစ်နေ့သ၌ လူသားများသည် ဘယ်ကဘယ်လို ရောက်လာကြသည်မသိ၊ ဇီဝဇိုးငှက်များ အသိုက်ဖွဲ့ထားကြသော ပင်လယ်ပြင်ထဲမှ ကျောက်တောင် ကျောက်ဆောင်များပေါ် ရောက်လာကြ၏။

လူသားများ ဤကျောက်ဆောင် ကျောက်တောင်များပေါ်ကို အဘယ်ရည်ရွယ်ချက်ကြောင့် ရောက်လာကြသည်ကို အစကသော် ဇီဝဇိုးငှက်များ သတိမထားမိကြသေး။

သို့သော် မကြာခင် လူသားတို့၏သရုပ်သည် ပီပီပြင်ပြင်ပေါ်လာတော့သည်။

လူသားများသည် ဝေသီမြင့်ခေါင်သော ကျောက်တောင် ကျောက်နံရံများပေါ် တွယ်ကပ်ပြုလုပ်ထားကြသော သူတို့၏ အသိုက်များကို ကတ်သီးကတ်သတ် တက်ခွာယူကုန်ကြသည်။





လူသားတို့၏ပမာဏဖြင့် လေးလက်မခန့်သာရှိသော ဇီဝဇိုးငှက်သိုက်မှာ ဇီဝဇိုးငှက်မများ နေ့ရက်ပေါင်းများစွာ အာခံတွင်းမှ ထွေးအန်ထုတ်လုပ်ထားသော အသိုက်များဖြစ်လေသည်။

သူတို့ အနေ့နေ့ အရက်ရက် ထွေးအန်ထုတ်လုပ်ထားကြသော သိုက်မြုံကို လူသားများသည် နေ့စဉ်ရက်ဆက် ခိုးယူဖျက်ဆီးနေကြလေပြီ။ ဇီဝဇိုးငှက်မများ အသိုက်လုပ်ထွေးအန်နေကြချိန်တွင် လူသားများသည် ကျောက်ဆောင်အကြိုအကြားတွင် ပုန်းကွယ်လျှို့ဝှက်၍ နေနေကြ၏။ ဇီဝဇိုးငှက်မများ နောက်ထပ်တစ်ဖန် ထွေးအန်နိုင်ရန်အတွက် ကောင်းကင်မိုးယံထက် ပျံတက်ပြီး ပရမာမြူမှုန်များ စုစည်းလိုက်ဖမ်းနေကြချိန်တွင် လူသားများသည် သူတို့၏အသိုက်ကို ခိုးယူဖျက်ဆီးသွားကြလေသည်။

ဥချရန် ရက်နီးကပ်လာလေလေ ဇီဝဇိုးငှက်မများမှာ အသိုက်အမြုံကို အားညှစ်အန်ထွေး၍ လုပ်ကြရလေပင်။ သူတို့အာခံတွင်းထဲမှ အန်ထွေးညှစ်ထုတ်လုပ်ထားသော အသိုက်များကို လူသားများသည် တစ်ခါပြီးတစ်ခါ တစ်နေ့ပြီးတစ်နေ့ ခွာယူဖျက်ဆီးနေကြသည်။ ဇီဝဇိုးငှက်မများမှာ ကြာသော် အသိုက်ပြုလုပ်ရန် အန်ထွေးညှစ်ထုတ်ရလွန်း၍ ခံတွင်းထဲမှ သွေးများပင် ပါလာရတော့သည်။

သို့သော် လူသားများကား သူတို့အပေါ် ညှာတာသနားရမှန်းမသိဘဲ ထိုသို့ သွေးစသွေးနစေးကပ်နေသော အန်ဖတ်အသိုက်များကိုပင် ပို၍တန်ဖိုးထားကာ ကျောက်ဆောင် ကျောက်နံရံများပေါ် တွယ်ကပ်တက်လာကြပြီး ခွာယူနေကြ၏။

လူသားများ ခိုးယူဖျက်ဆီးသွားကြတိုင်း ဇီဝဇိုးငှက်မများမှာမူ မဥမပေါက်ရလျှင် မနေနိုင်ကြသော အာဝေဏိကဒုက္ခကြောင့် ရင်ထဲမှ . . .



www.burmeseclassic.com

www.burmeseclassic.com



. . . အာစေးအန်ဖတ်တွေကို မနေမနားထွေးထုတ်ကာ သားဇော၊ သမီးဇောနှင့် အသိုက်လုပ်ရင်း ရင်ကွဲနာကျပြီး တဖြုတ်ဖြုတ်သေကုန်ကြရလေသည်။

သို့သော် ဇီဝဖိုးငှက်သိုက်ရှာကြသော လူသားများကား သူတို့၏ အသိုက်ကို ဖျက်ယူရင်းက ရင်ကွဲနာကျ၍ သေနေကြသော ဇီဝဖိုးငှက်သေကောင်များကိုပင် သူတို့၏ အသက်ရာကျော် ရှည်ကြာရေးအတွက် ဖုတ်ကင် စားသောက်နေကြပြန်သည်။

အမြော်အမြင် ကြီးမားသော ကရဝိက်ငှက်၏ စကားကို နားမထောင်မိခဲ့ကြသော ဇီဝဖိုးငှက်များမှာ နောက်ဆုံးတော့ လူသားတို့၏ အစာသာ ဖြစ်နေကြရလေသည်။

အမှန်ကတော့ ဇီဝဖိုးငှက် တစ်မျိုးတည်းသာမဟုတ်ဘဲ မိုးပေါ် ပျံတက်နိုင်သော ငှက်အပေါင်းတို့နှင့်တကွ ခွန်အားဗလကြီးမားသော ဆင်ကြီးသည်လည်းကောင်း၊ အစွယ်အားကိုးသော ဝက်ကြီးသည်လည်းကောင်း၊ ဦးချိုကိုအားကိုးသော ဦးချိုရှိတိရစ္ဆာန်များသည်လည်းကောင်း အားလုံးအားလုံးကုန်သော တောတိရစ္ဆာန်များသည် အန္တိမ၏ကာလ နောက်ဆုံးတွင် လူသားတို့၏ အစာ၊ လူသားတို့၏ ခိုင်းစေရာကိုသာ ခံသွားကြရရှာလေသည်။

(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ငွေတာရီမဂ္ဂဇင်း)

❋ ❋ ❋

# နောက်ခိုင်းကျောကပ်သိဝရိ သို့မဟုတ် ၃ နှင့် ၄

အလုပ်က ပြန်လာသည်။

အိမ်ပေါ်လှမ်းအတက်မှာ "ကိုကို ဒီနေ့ စောသားပဲ" ဟူသော သင်းသင်း၏အသံကြောင့် လှည့်ကြည့်မိသည်။

အလိုလို မျက်မှောင်ကြုတ်မိသွား၏။

ခါတိုင်းနေ့တွေ၌ ဤလိုအချိန်တွင် မီးဖိုဆောင်ထဲ ရောက်နေတတ်သော သင်းသင်းကို 'ဗာမင်' အနား၌ တွေ့ရသည်။

ဗာမင်ဒိုမျိုးဆိုလား၊ ဗာဒိုမင်မျိုးဆိုလား မသိ၊ အမြီးငုတ်တိုနှင့် အင်မတန်ကျက်သရေယုတ်ပြီး ခွေးရုပ်မပေါက်သော ဗာမင်သည် အိမ်ပြန်လာသော ကျွန်တော့်အား ခါတိုင်းနေ့များလို မျက်ထောင့်နီကြီးနှင့် မလိုမုန်းတီးစွာ လှမ်းကြည့်နေသည်ကို ဤနေ့၌မမြင်ရ၊ သူ့နေရာတွင် ခွေခွေလေးအိပ်နေ၏။

www.burmeseclassic.com



ကျွန်တော်၏အကြည့်ကို မျက်ကြည်အိမ်လွှဲပြီး သင်းသင်း မီးဖိုဆောင်ထဲ ဝင်သွားသည်။

"ကို သွားစရာရှိသေးလို့ ထမင်းစောစောစားမယ် သင်း"

"ကိုကို ရေမချိုးတော့ဘူးလား"

"ပြန်လာမှ ချိုးတော့မယ်ကွာ"

"ဟုတ်ကဲ့"

ထမင်းစားပြီး အပြင်သို့ထွက်လာသည်။

လှေကားအဆင်းတွင် ဗာမင်ဘက်တစ်ချက် လှမ်းကြည့်လိုက်၏။

သင်းသင်းက . . .

"ဗာမင် နေမကောင်းဘူး ကိုကို၊ နေ့လည်က ဆေးသွားထိုးပေးထားတယ်"

ဟု ပြောသည်။

ည အိမ်ပြန်လာပြီး ရေချိုးအိပ်ရာဝင်သည်ထိ သင်းသင်းအိပ်ခန်းထဲရောက်မလာသေး၊ အပြင်မှ ဗာမင် ဝူးဝူးဝါးဝါးအော်နေသံကို ကြားရသည်။

ဗာမင်ကို ဆေးတိုက်နေကြသည်ဟု သိလိုက်၏။

ဗာမင့်အသံကို ကြားနေရသလို ချော့မော့ဆေးတိုက်နေကြသော လူသံများကိုလည်း ကြားနေရသည်။

ဗာမင် နေမကောင်းဖြစ်နေသည်ကို တစ်ချက်ကလေး မေးဖော်မရ၊ လာကြည့်ဖော်မရကောင်းလားဟု အော်ချနပ်ကြမည်မဟုတ်။

အထူးသဖြင့် ယောက္ခမနှင့် မိန်းမက ပို၍မကျေမနပ်ဖြစ်ရှာနိုးမည်။

ကျွန်တော်ကား ဗာမင်ကို ဘယ်တော့မှ ကြည့်၍ရခဲ့သူမဟုတ်။





တခြားခွေးများနှင့်စာလျှင် အမြီးပြတ်နှင့် ကျက်သရေယုတ်လှသော ဗာမင်ကို ကျွန်တော် ကြည့်မရဖြစ်နေသည်မှာလည်း ယခုမှမဟုတ်၊ သင်းသင်းဦးနှင့် လူငယ်တို့ဘာဝ ချစ်ကျွမ်းဝင်ကြကတည်းကပင် ဖြစ်လေသည်။

※

သင်းသင်းကို ကျွန်တော်ခိုးပြေးလာ၍ တစ်ပတ်လောက်အကြာမှာ သင်းသင်းအမေအဖေတို့ကို ကျေအေးရာကျေအေးကြောင်း တောင်းပန်ဝန်ချ၍ မီသားဖသားပီပီ သင်းသင်းကို ပြန်အပ်ရသည်။

ထိုနေ့က သင်းသင်းတို့အိမ်ပေါ် သို့ တက်လာကြသော ကျွန်တော်နှင့်အရွယ်ပါင်းအဖော်များအား ဗာမင်သည် အစိမ်းလိုက် ဝါးစားပစ်ချင်သော မျက်လုံးနီနီကြီးဖြင့် စိုက်ကြည့်၍ တဝေါင်းဝေါင်းဟောင်နေ၏။

ဤနေ့ကစ၍ ဗာမင်နှင့်ကျွန်တော် ရန်စပျိုးခဲ့ကြသည်ဟုဆိုရမည်။

ကျွန်တော်တို့ကို စိုက်ကြည့်၍ တဝေါင်းဝေါင်းဟောင်နေသော ဗာမင်အား "ဟေ့, ဗာမင်"ဟု သင်းသင်းက အသံပေးလိုက်မှ ဗာမင်သည် ကျွန်တော်တို့အား စိုက်ကြည့်၍ဟောင်မနေတော့ဘဲ တစ်ပတ်ကျော်လောက် ပျောက်နေသော သူ့သခင်မသင်းသင်းဆီကိုပြေးပြီး သင်းသင်း၏ခြေသလုံးကိုနမ်းခဲကာ အမြီးတနန့်နန့်နှင့် ကျီစယ်ကလူ နှုတ်ဆက်လာသည်။

ဤသည်မှာ ဗာမင်၏သဘောကို ပထမဦးဆုံး ကျွန်တော် စောကြောမိလိုက်ခြင်း ဖြစ်သည်။

သင်းသင်းနှင့်ကျွန်တော် လူသိရှင်ကြား မင်္ဂလာဆောင် လက်ထပ်ပြီးကြသောအခါ ကျွန်တော့်မှာ သင်းသင်းတို့ အိမ်သို့ပင် လိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းနေ့လည် သင်းသင်းအနားကိုသွားကပ်၍ ညားခါစဇနီးမောင်နှံတို့၏ သဘာဝအတိုင်း သင်းသင်းအား ကျွန်တော်က ဖက်လား၊ နမ်းလား၊ ဆွဲလား၊ ကိုင်လားလုပ်လျှင် ပထမတစ်ရက်၊နှစ်ရက်တွင် ဗာမင်သည် ကျွန်တော့်အား လိုက်၍ပင်ကိုက်တတ်သည်။ အမြင်ကတ်လွန်း၍ သုံးလေးခါလိုက်ရိုက်ပစ်တော့မှ ဗာမင် မကိုက်ရဲတော့။

သင်းသင်းအနားကို ကျွန်တော်သွားကပ်လျှင် လိုက်ရိုက်မှာစိုး၍ လိုက်မကိုက်ဝံ့သော်လည်း မနီးမဝေးတွင် ဆောင့်ကြောင့်ထိုင်ပြီး စူးစမ်းသော မျက်လုံးနီနီကြီးဖြင့် စိုက်ကြည့်ကာ တဝေါင်းဝေါင်း ဟောင်နေတတ်သည်။

နောက်တော့ ဗာမင်ရှေ့မှာဆိုလျှင် ကျွန်တော်သည် သင်းသင်းအနားကိုပင် ရဲရဲတင်းတင်းမကပ်ဝံ့ ဖြစ်ခဲ့ရသည်။

သင်းသင်းကို မွှေးမွှေးပေးနေတုန်း နောက်ကနေ ဗာမင် လာဆွဲမှာလည်း ကြောက်ရသည်။ သင်းသင်းကတော့ ဤသည်ကိုပင် သဘောကျ၍ တခစ်ခစ်ရယ်နေတတ်သည်။

ကျွန်တော့်မှာတော့ ခွေးဆိုးရန်တစ်မှောင့်ကြောင့် ညားခါစဇနီးမယားလေးနားကို ကပ်ရမှာပင် စနောင့်စနင်းဖြစ်ခဲ့ရသည်။

"ကိုကိုက ဗာမင်ကိုဘာမှတ်လဲ၊ ဗာမင်က လူထက်သိတတ်တာ၊ ကိုကိုက သင်းအနားကိုချည်း ကပ်ကပ်နေတော့ ဗာမင်မျက်စိရှက်တာနေမှာပေါ့၊ အဲဒါကြောင့် ဗာမင်က ကိုကို့ကို လိုက်လိုက်ရန်ရှာနေတာ"

ဗာမင်မည်သော ခွေးတိရစ္ဆာန်သည် သင်းသင်း ပြောသလို တကယ်ပင် မျက်စိရှက်တတ်လေသလားဟု ကျွန်တော် သံသယဖြစ်မိသည်။





သူဌေးသူကြွယ် မျက်နှာကြီး လူကုံထံများဆိုသော ငွေရှင်ကြေးရှင်မနေရှင်များသာ မွေးစားနိုင်သော ဤခွေးတိရစ္ဆာန်မျိုးသည် သင်းသင်းပြောသလို တကယ်သိတတ် လိမ္မာလွန်းလှပါလားဟုလည်း စိတ်ထဲကမချိုးကျူးဘဲ အမြင်ကတ်နေမိ၏။

"အေးကွ၊ သင်းသင်းတို့အိမ်ကခွေးဟာ သိတတ်လိမ္မာတာတော့ တကယ်ပဲ သင်းသင်းရယ်၊ ဒါပေမယ့် အင်း . . ."

"ဒါပေမယ့် ဘာဖြစ်လဲဟင် ကိုကို"

"ကြည့်ရတာ ငါ့မိန်းမကိုများ ဒီခွေးတိရစ္ဆာန်က ပိုးပန်းနေသလားလို့ပါ"

ကျွန်တော်က အတည်ပြောသည်ကို သင်းသင်းကသဘောကျ၍ တခစ်ခစ်ရယ်ပြန်သည်။

"ဟုတ်မယ် ကိုကို ဗာမင်က သင်းကိုကြိုက်နေတာ၊ သင်း ကိုကိုနဲ့ လိုက်ပြေးသွားတော့ ဗာမင်က သင်းပျောက်လို့ စိတ်ပူနေတာတဲ့၊ အစာမစားဘဲ နှစ်ရက်တောင်ကြာတာတဲ့၊ သင်းကိုလဲ တစ်ချိန်လုံးလိုက်ရှာနေတယ်လို့ မေမေကပြောတယ်"

ကျွန်တော့်မှာ သင်းသင်းပြောသမျှ ခေါင်းညိတ်မိရ၏။

သင်းသင်းတို့အိမ်ရောက်၍ ဗာမင်၏အနေအထိုင်ကို မြင်ရတော့ အံ့ဩလာရသည်။ သင်းသင်းနှင့်ဗာမင်က လက်ပွန်းတတီး ကျီစယ်ကာလူမြူ၍ချော့၍၊ လိုက်တမ်းပြေးတမ်းကစား၍ နေနေချင်သည်ကိုလည်း သတိပြုလာမိရသည်။ နေ့တွင် ထိုသို့နေချင်သလို ညဆိုလျှင်လည်း အိပ်ခန်းတံခါးသာ ပိတ်မထားမိလျှင် ဗာမင်သည် သင်းသင်းဆီသို့ မချရောက်လာလိမ့်မည်ထင်သည်။

www.burmeseclassic.com



ဤအိမ်တွင် ဗာမင်ကို မုန်းတီးနေသူ၊ ရန်ရှာနေသူ၊ မလိုလားသူ၊ အမြင်ကတ်နေသူဆို၍ ကျွန်တော်တစ်ယောက်သာ ရှိနေသည်ကိုလည်း ဗာမင် သိနေသလိုပင်။ သင်းသင်း အမေအဖေတို့က ဗာမင်ဆိုလျှင် ကျွန်တော့်ထက်ပင် အရေးပေးကြသလားဟုလည်း တစ်ခါတစ်ခါသံသယ ဝင်မိသည်။

မနက်ထ ကော်ဖီသောက်ကြလျှင် ကျွန်တော်နှင့်သင်းသင်းတို့မှာ နံပြားနှင့်ပဲပြုတ်ကိုသာ စားကြရသော်လည်း ဗာမင်ကား နွားနို့ပျစ်ပျစ်နှင့် ကိတ်မုန့်ကိုသာစားသည်။

ကျွန်တော်တို့မှာ တစ်နေ့တလေ ချဉ်ရည်ဟင်း၊ ကုလားဟင်းတို့နှင့် လွေးကြရသော်လည်း ဗာမင်ကား အမဲနှပ်ပေါင်မုန့်၊ ဆိတ်ရိုးစွပ်ပြုတ်တို့နှင့်။

တစ်နေ့လျှင် ဆပ်ပြာမွှေးနှင့် ရေနှစ်ခါချိုးပေးရသော ဗာမင်နှင့် စာသော် အလုပ်မအားလပ်၍ ဆပ်ပြာတိုက်ကာ စိမ်ပြေနပြေရေချိုးရန်ကိုပင် အချိန်မပေးနိုင်သော ကျွန်တော်က အရေးနိမ့်နေရပြန်၏။

ကျွန်တော့်မှာ စနေ တနင်္ဂနွေဆိုလည်း အိမ်၌မရှိ။

အလုပ်အရေးကြီးလျှင် ကြီးသလို ဆိုက်တွေကိုလိုက်ကြည့်နေရသဖြင့် နေ့ခင်းနေ့လည်တွင် ဗာမင် မည်သည့်အစားအစာတွေနှင့် ပွဲတော်တည်သည်ကိုတော့ မသိ။

သင်သင်းကို တစ်ခါမေးကြည့်တော့ . . .

"ကိုကိုကလဲ ဗာမင်ပဲ ရန်လုပ်နေတာ၊ တကောင်ရည်းစားလုဘာတွေကျနေတာပဲ ဟဲ. . ဟဲ" ဟု

နောက်သလို ကျီစယ်သလို လုပ်ပစ်သည်။





ဝွတ်မောနင်းပေါင်မုန့် ပေါ်ခါစကတစ်ခါ ကျွန်တော်ဝယ်လာသည်။ ဗာမင်ကိုကျွေးတာ မစားဟုပြောသည်ဆိုတော့ အံ့ဩမိ၏။

သင်းသင်းအမေအဖေတို့သည် ဟင်းလျာဝယ်ရာ၌ပင် ဗာမင်ကြိုက်တတ်သောဟင်းလျာများကိုသာ တမင်ရွေးဝယ်ကြလေသလားဟု ထင်သည်။

ယခုလို သားဈေးကြီးချိန်တွင် ငါးမစားသော ဗာမင်အတွက် ဘစ်နေ့ကုန်ကျစရိတ် နည်းမည်မဟုတ်၊ ဈေးမဝယ်ရသော်လည်း သိနေသည်။

ဗာမင်သည် တိုင်းတစ်ပါးမှ မျိုးဆက်ယှက်နွယ်လာသူမို့ မဟာမြန်မာတို့၏ အစားအစာကို ကြိုက်သူမဟုတ်။ ထို့ကြောင့် လူထက်လိမ္မာရေခြားလည်းရှိလှပါသည်ဆိုသော ဗာမင်ကို အစားအစာနှင့်ပတ်သက်လျှင် ဘာမှမပြောကြစတမ်းဟု သင်းသင်းကပင် သူ့အမေစကားကို သံယောင်လိုက်၍ ပြောဖူးသည်။

လူကမွေးထားသော ခွေးတိရစ္ဆာန်တစ်ကောင်သည် လူစားသည့် အစားအစာကို မစားနိုင်၍ မစားချင်၍ တိရစ္ဆာန်အား သီးသန့်ချက်ပြုတ်ကျွေးမွေးနေကြရသည်ကို ကြာတော့ ကျွန်တော့်စိတ်ထဲ ဆူးတွေပေါက်လာသည်။

⁕

လဆန်းပိုင်းဖြစ်သော တနင်္ဂနွေတစ်နေ့တွင် ဖြစ်သည်။

ကျွန်တော် စီမံချက်ရေးပေးလိုက်သော ကုမ္ပဏီစာရင်းဇယားစာအုပ်တစ်အုပ်ကို အသေးစိတ်လေ့လာဖတ်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သင်းသင်းနှင့် သူ့အမေအဖေတို့ ဆွေမျိုးတစ်ဦးအိမ်ကို နားရေးကိစ္စနှင့် သွားနေကြ၏။ စာရင်းဇယားများကို တစ်နာရီလောက် လေ့လာပြီးသောအခါ ရေအိမ်တက်ချင်သဖြင့် နောက်ဖေးဘက်ထွက်လာသည်။ ဖတ်လက်စစာအုပ်ကို ခုံပေါ်တွင် မှောက်လျက်သားတင်ထားခဲ့၏။

ရေအိမ်ကပြန်လာတော့ ကျွန်တော် မျက်လုံးပြူးသွားသည်။

ဇာမင်သည် ကျွန်တော် တင်ထားခဲ့သော စာအုပ်ကို ၁၀ရွက်တစ်တွဲ၊ ၅ရွက်တစ်တွဲ ကိုက်ဖဲ့ဆုတ်ဖြဲထားလေပြီ။

စာရွက်တွေမှာ ဇာမင်၏ အစွယ်ပေါက် သွားရာတွေနှင့် ညှော်ခန်းတစ်ခုလုံး ပြန့်ကျဲနေသည်။

မမြင်စဖူး မြင်ရသော ဤမြင်ကွင်းမှာ တကယ်မှ အံ့ဩစရာပင်ဖြစ်သည်။

ကျွန်တော် ဤအိမ်သို့ရောက်နေသည်မှာ တစ်နှစ်နီးပါးရှိပြီဖြစ်သော်လည်း ဇာမင်သည် လူ့အသုံးအဆောင် ပစ္စည်းပစ္စယများကို ကိုက်ဖျက်တတ်သည်ကို မမြင်ဖူး မတွေ့ဖူးပေ။

အကယ်၍ ဇာမင်သာ ဤသို့ ဖျက်ဆီးကိုက်ဆုတ်တတ်လျှင်လည်း ဤအိမ်တွင် အဝတ်အဆင်ဆို၍ လူတွေဝတ်ရောပင် ကျန်တော့မည်မဟုတ်။ ဇာမင်ကား မည်သည့်အခန်းမဆို မွှေနှောက်ဝင်ရောက်နေသူဖြစ်သဖြင့် မည်သည့် ပစ္စည်းပစ္စယကိုမဆို ကိုက်ဖြတ်ဖျက်ဆီးလိုကဖျက်ဆီးနိုင်သည်။

သို့သော် ယခင်က ဇာမင် မည်သည့် ပစ္စည်းပစ္စယတွေကိုမျှ ဖျက်ဆီးကိုက်ဆုတ်ပစ်သည်ကို တစ်ခါမျှ မတွေ့ဖူးပေ။





ယနေ့ ငါးမိနစ်ကျော်ကျော် အချိန်ကလေးအတွင်းမှာ ကျွန်တော့်စာအုပ်ကို ရစရာမရှိအောင် လျှပ်တစ်ပြက် ကိုက်ဖျက်ပစ်ခြင်းသည် ကျွန်တော့်ကို တမင်မုန်းတီးနေ၍ပင် မဟုတ်ပါလား။

လူ့ထက်ပင်လိမ္မာပါသည်ဟု သူ့သခင်များကပြောသော ဇာမင်သည် ကျွန်တော့်ပစ္စည်းမှန်းသိ၍ တမင်ကိုက်ဖျက်ပစ်ခြင်းသာ ဖြစ်ရမည်။

ကျွန်တော်မုန်းတီးနေသလို ကျွန်တော့်ပစ္စည်းကို ဖျက်ဆီးပစ်သော ဇာမင်အား ကျွန်တော်သနားရမည်လား။ ဤမျှဆိုးသွမ်းသော ခွေးတိရစ္ဆာန်ကိုလျစ်လျူရှု၍ အသင့်အတင့်နှလုံးသွင်းရန် ကျွန်တော့်တွင် ပါရမီတော်ခံမရှိချေ။

ထို့ကြောင့် ကျွန်တော်သည် ပြန့်ကျဲနေသော စာရွက်တွေကို ငုံ့စိုက်ကြည့်ကာ ဒေါသပေါက်ကွဲသွားသည်။ ဤမျှ ဆိုးသွမ်းရမ်းကားနေသော ခွေးတိရစ္ဆာန်ကို ဤတစ်ခါတော့ မှတ်လောက်သားလောက်ပညာပေး ဆုံးမလိုက်ဦးမည်ဟု စိတ်ကိုဆုံးဖြတ်ကာ အိမ်ရှေ့တံခါးကို အလျင်သွားပိတ်ထားလိုက်သည်။

ဝုန်းဒိုင်း တံခါးပိတ်လိုက်သံ ကြားတော့မှ ဇာမင်သည် သူ၏သမားရိုးကျပုံစံအတိုင်း မျက်လုံးနီနီကြီးနှင့် စာအုပ်ကို ကိုက်ဖျက်နေရာက ကျွန်တော့်အား တစ်ချက် မျက်စောင်းထိုးကြည့်သည်။

ကျွန်တော်သည် ဤခွေးဆိုးအား ရိုက်ပုတ်နှိပ်စက်ချင်နေသည်မှာ ဤအိမ်ရောက်ကတည်းကပင် ဖြစ်သော်လည်း အခွင့်မသာခဲ့။

ယနေ့ကား ဇာမင်ကို ရိုက်ပုတ်နှိပ်စက်ရန် အခွင့်အခါသင့်သွားလေသည်။

"ခွေးတိရစ္ဆာန် ဒီနေ့တော့ မင်းနဲ့ငါ တွေ့ကြရောပေ့ါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဟာမင်အား ပြောဆိုကြုံးဝါးပြီး နံရံတွင်ချိတ်ဆွဲထားသော သင်းသင်းအမေ ကျောင်းအုပ်ဆရာမကြီး၏ ကြိမ်လုံးကို လှမ်းဆွဲလိုက်သည်။ သို့သော် ဟာမင်ကား ကျွန်တော့်ကို လုံးဝမမှုသလိုပုံစံနှင့် သူကိုက်ဆုတ်နေသော စာရွက်များကို သူနေရာသို့ပင် ကိုက်ချီယူသွားလိုက်သေးသည်။ ဤမျှမခန့်လေးစားလုပ်ဖြသွားသော ဟာမင်ကို ကျွန်တော်သည် သူ့သခင် ကျောင်းအုပ်ဆရာမကြီး၏ ထားဝယ်ကြိမ်နှင့် တဖြောင်းဖြောင်း လိုက်ရိုက်ပစ်လိုက်သည်။

ဟာမင်သည် အသံသေးအသံကြောင်နှင့် ရန်ရှာမာန်ဖီကာ ဟိုပြေးသည်ပြေးနှင့် ဆောက်တည်ရာမရ ဖြစ်နေ၏။ သခင်ကို ရန်ပြုလာလျှင် ထိုရန်ပြုလာသူအား မျက်ခွက်ကို တည့်တည့်မတ်မတ် တက်ကိုက်တတ်သည်ဆိုသော ဟာမင်သည် ကျွန်တော့်ရိုက်ချက်ကို မြည်းစမ်းလိုက်ရသောအခါ ကျွန်တော့်မျက်နှာပေါ် ခုန်အုပ်တက်ကိုက်ရန် မဆိုထားနှင့် သူ့ကိုယ်သူပင် သူဘယ်နေရာသွားပုန်းရမှန်း မသိတော့ဘဲ စားပွဲခုံအောက်ဝင်ပြေးလိုက် မလုံခြုံသောအခါ ပြန်ထွက်ပြေးလာလိုက်နှင့် တစ်အိမ်လုံး ဆောက်တည်ရာမရ လှည့်ပတ်ပြေးနေသည်။ ဤသည်ကိုမြင်ရလေ ကျွန်တော်ကလည်း ဝမ်းသာအားရနှင့် ဖိရိုက်လေပင်။

"ကဲ, ဖျက်ဆီးဦးကွ . . ဖျက်ဆီးဦး၊ ဒီတစ်ခါတော့ ငါ့အကြောင်း မင်းကောင်းကောင်းသိရပြီပေါ့ ဟုတ်လား၊ စိတ်မာန်ကြီးပြီး ရန်သူတို့အသေခံတိုက်ခိုက်တတ်တယ်ဆိုတဲ့ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်၊ ကဲ, ရှိ တိုက်ခိုက်လေကွာ၊ ငါ့မျက်နှာကို ခုန်အုပ်လိုက်စမ်းပါ၊ မင်းသခင်မကြီး . ."

"ဟဲ့ . . ဟဲ့ မောင်မြင့် မောင်မြင့် . . ဘယ်လိုဖြစ်နေကြတာလဲဟ ခွေးကိုလိုက်ရိုက်နေတာလား၊ တံခါးဖွင့်စမ်း"





ကျွန်တော့်စကားမဆုံးခင်မှာပင် ငှက်ဆိုးထိုးသံဟာမျှ ကျယ်လောင်လှသော သင်းသင်းအမေ၏ အမင်္ဂလာအသံက ကျွန်တော့်နှုတ်နှင့် ကျွန်တော့်လက်ကို ရုတ်ခြည်းရပ်တန့်သွားစေသည်။

ဟာမင်ကို မဲ၍ရိုက်နှက်နေရာက အိမ်ရှေ့သို့လှမ်းကြည့်လိုက်သောအခါ သင်းသင်းအမေသည် မှန်ပြတင်းပေါက်မှ ဒေါသအလျှောက် ကျွတ်ထွက်မတတ်သော မျက်လုံးပြူးကြီးနှင့် ကျွန်တော့်ကို စိန်းစိန်းဝါးဝါးကြီး စိုက်ကြည့်ကာ ချက်ချင်းတံခါးဖွင့်ခိုင်းနေ၏။ သူ့နောက်တွင် သင်းသင်းနှင့် သူ့အဖေကိုလည်း တွေ့လိုက်ရ၏။ သူတို့သည် နာရေးသတင်းမေးရာက ပြန်လာကြပြီဖြစ်သည်။

ချစ်လှစွာသော ခွေးလိမ္မာလေးအား သေလုမျောပါး ရိုက်နှက်ထားမှုကြောင့် သူ့အမေဆီမှ အဆိုအပြောခံရတော့မည်ကို အတတ်သိသော သင်းသင်းက ကျွန်တော့်အား အပြစ်တင်သောမျက်လုံးရွဲကြီးနှင့် စိုက်ကြည့်လျှက်ရှိသည်။

သင်းသင်းအမေသည် ဒေါသနှင့် ဆောင့်ကြီးအောင့်ကြီး အိမ်ထဲပြေးတက်လာကာ ကျွန်တော့်ကို ကျောင်းအုပ်ဆရာမကြီး လေသံနှင့် မေးခွန်းထုတ်ပါလေသည်။

"ကဲ, မင်းက ဘာဖြစ်လို့ ဟာမင်ကို ဒီလောက်တောင် မညှာမတာ ရိုက်နှက်နေရတာလဲ"

"ဘာဖြစ်လို့လဲဆိုတာ အန်တီ ဟိုမှာပဲကြည့်တော့"

စုတ်ပြတ်ပြန့်ကျဲနေသော စာရွက်များဆီ ကျွန်တော်က ဒေါသနှင့် လက်ညှိုးထိုးပြလိုက်၏။

"အဲဒါ ဘာဖြစ်လဲ"

www.burmeseclassic.com



"အိုး, ဘာဖြစ်ရမှာလဲ၊ အန်တီ့ခွေးလိမ္မာကြီး ဗာမင်ပေါ့ ကျွန်တော် ရေအိမ်ခဏသွားဝင်နေတုန်း ကုမ္ပဏီစီမံချက်စာအုပ်ကို ကိုက်ဆုတ်ဖျက်ဆီးထားတာလေ"

"ဗာမင် ကိုက်ဖျက်ပစ်ရအောင် မင်းစာအုပ်က ဘယ်မှာထားလဲ၊ မင်းကကော စည်းနဲ့ကမ်းနဲ့ ထားတတ်လို့လား"

"ဘယ်မှာထားရမှာလဲ ဖတ်လက်စမို့ စားပွဲပေါ်တင်ထားခဲ့တာပေါ့ ခွေးကိုကသောင်းကျန်းလွန်းတော့ စားပွဲပေါ်ကစာအုပ်တောင် တက်ကိုက်ဖျက်ဆီးတာ"

သင်းသင်း၏အမေသည် အံ့ဩကြီးစွာနှင့် ဗာမင်ဘက်ကိုတစ်ချက် လှမ်းကြည့်သည်။ ဗာမင်သည် ကျွန်တော်ပြောလိုက်ရိုက်ထားသဖြင့် တောဟဲဆိုက်ကာ စားပွဲခုံအောက်ဝင်ဝပ်နေသည်။ သူသခင်မကြီးအသံကိုကြားသော်လည်း ရှတ်တရက်ထွက်မလာဝံ့လောက်အောင် ကြောက်သွားပုံရ၏။

"သမီးတို့က အန်ကယ်ပေါလုတို့အိမ်မှာ ကြာသွားတော့ ဗာမင်ကို နေ့လည်စာကျွေးချိန် လွန်သွားတာနဲ့ စိတ်ဆိုးပြီး ဗာမင် ကိုက်တာ. . ."

ဗာမင်ကိုက်ဖျက်ထားသော စာရွက်များကို ကောက်သိမ်းနေသော သင်းသင်းက သူ့အမေကို လှမ်းပြောသော်လည်း သူ့အမေမျက်စောင်းကြောင့် စကားမဆုံးလိုက်ရ။ သူ့အဖေ မယားကြောက်ကမူ ဘာမျှမပြောဘဲ ဝရန်တာဘက်ထွက်သွား၏။

"ဗာမင်ဟာ ဒီလို လူ့အသုံးအဆောင်တွေကို ဖျက်ဆီးကိုက်ဆုတ်ပစ်တယ်ဆိုတာ တစ်ခါမှမတွေ့ရ မကြားဖူးပါဘူး။ ဗာမင် တို့နဲ့နေလာတာ ရှစ်နှစ်ကျော်ပြီ၊ ခု ဒီနေ့မှ မင်းစာအုပ်ကိုရွေးပြီး ကိုက်ဖျက်ပစ်တယ်ဆိုတော့ မင်းက တမင်သက်သက် ဗာမင်ကို အပြစ်ရှာချင်နေတာ"





"ဟာ, အန်တီတို့ ဗာမင်ကို ကျွန်တော်က ဘာလို့ တမင်သက်သက် အပြစ်ရှာချင်ရမှာလဲဗျ၊ အန်တီမယုံဘူးလား ဟိုမှာ ကြည့်လိုက်လေ၊ ကျွန်တော်က အလုပ်ကိစ္စအရေးကြီးတဲ့ ကွန်ထရက်ရှင်တစ်ခုလုံး စီမံကိန်းကြီးကို ဆွဲဆုတ်ပစ်ပါ့မလား၊ ဗာမင်ကိုက်ချီသွားတာ သူ့နေရာမှာတောင် စာရွက်တွေရှိနေသေးတယ်လေ"

ကျွန်တော်က ဗာမင်ကိုက်ချီသွားသော သူ့နေရာမှ စာရွက်များကို ဒေါသနှင့် လက်ညှိုးထိုးပြလိုက်ပြန်သည်။

"တို့ကလဲမရှိတော့ မင်းပြောသလိုပဲနေမှာ၊ ဗာမင်ဟာလူ့ထက်တောင် လိမ္မာတာအော့၊ တို့ပစ္စည်းဆိုရင် ဘယ်တော့မှမဖျက်ဆီးဘဲ ခု မင်းစာအုပ်ကျမှ ကိုက်ဖျက်ပစ်တယ်ဆိုတော့ မင်းလို ဆောင့်ကြွားကြွားဂျစ်ကန်ကန် အကောင်မျိုးကို ဗာမင်က အမြင်ကတ်လို့နေမှာပဲ"

သင်းသင်းအမေ၏စကားက ကျွန်တော့်ဒေါသကို ထိန်းမရတော့။

"ဪ, ဟုတ်မယ် ဟုတ်မယ်၊ ကျွန်တော့်ကို အမြင်ကတ်လို့ ကျွန်တော့်ပစ္စည်းကို ဖျက်ဆီးရင် ကျွန်တော်ကလဲ ဖျက်ဆီးတဲ့အကောင်ကို အမြင်ကတ်လို့ ရိုက်တယ်ဗျာ. . ဒါပဲ"

"ဟင်, ဘာပြောတယ်၊ အမြင်ကတ်တိုင်း ကွဲရိုက်နွားရိုက် လိုမ့် ရိုက်ရအောင် ဗာမင်ကို နင်က မွေးထားတာလား"

"ကျွန်တော်မမွေးထားပေမယ့် ကျွန်တော့်လုပ်အားနဲ့ မှီစားနေတဲ့ ခွေးဆိုးကို ကျွန်တော် ရိုက်နှက်ဆုံးမနိုင်ရမယ်၊ ခွေးဆိုတာ လူကမွေးထားတာ၊ လူက ထမင်းစားရင် ခွေးက ထမင်းရည်ပဲသောက်ရမယ် . . .

. . . ခုတော့ ဒီအိမ်မှာ ဒီလိုမဟုတ်ဘူး၊ လူက ကော်ဖီနဲ့ နံပြားစားရင် ခွေးက အဆော့တစ်ကီတ်နဲ့ ဟောလစ်, အိုဗာတင်းမှ . . .



www.burmeseclassic.com

www.burmeseclassic.com



. . . ဒီကြားထဲ လူအသုံးအဆောင်တွေကို ဖျက်ဆီးသေးတယ်၊ ကျွန်တော်တို့အမျိုးမှာ ခွေးကို အိမ်ဦးခန်းတင်ပြီး ကိုးကွယ်ထားတာ. . ."

"ဘယ်ရှိမလဲ နင်တို့အမျိုးက ခွေးလောက်မှမလိမ္မာတာ၊ ဗာမင်ကို မကြည်ဖြူရင် တို့ကိုမကြည်ဖြူတာနဲ့ အတူတူပဲ"

"ဪ၊ ဒီလိုဆိုရင် ခင်ဗျားတို့က ဗာမင်နဲ့အတူတူပေါ့"

"ဟုတ်တယ်ဟဲ့ အတူတူ အတူတူ နင်က ဘာပြောချင်သေးလဲ ဒီဗာမင်ကို မကြည်ဖြူရင် နင်တို့ဘာသာနင်တို့ တခြားသွားနေကြ၊ ခွေးလောက်မှ မလိမ္မာတဲ့အကောင် ခွေးနဲ့ဖက်ပြီး ရန်ဖြစ်တယ်လို့ ကြားပဲ မကြားဖူးပါဘူးတော်"

"ကျွန်တော်တို့အမျိုးက ခွေးနဲ့အတူနေတဲ့အမျိုး မဟုတ်ဘူးဗျ ခွေးနဲ့အတူနေတဲ့ ခင်ဗျားတို့ အ. . ."

"ဖိုး. . . ကိုကို"

သင်းသင်းက ကျွန်တော့်ကို လာဆွဲသည်။

ယောက္ခမအထီးကြီးကမူ . . .

"မင်းတို့ဟာကလဲကွာ၊ လူကြားမကောင်း သူကြားမကောင်း" ဟု လောက်သာ လှမ်းပြော၏။

"အောင်မာ နင်က တို့ကိုလုပ်ကျွေးနေရတယ်ဆိုတဲ့ မာနနဲ့ပေါ့လေ နင့်လုပ်စာ မစားရရင်လဲ တို့ငတ်မသေဘူးဟဲ့ ရှေ့နေသား ပန်းရန်ကူလီ ခေါင်းကလူပါးဝလို့၊ သင်းသင်း ဆင်း ဆင်း . . နင်တို့ ငါ့အိမ်ပေါ်က ခုဆင်းစမ်း"

"အန်တီ ဒီစကားမပြောနဲ့၊ လူတစ်ယောက်ဟာ ခုချက်ချင်းဆင်းလို့ရမလား၊ နေစရာဆိုတာ လူလိုနေရင် လူလိုပြင်ဆင်ရဦးမှာဗျ"





ကျွန်တော်လည်း စိတ်ပေါက်ပေါက်နှင့် တအားကျိုးပြောပစ်လိုက်သည်။

"နင်က သူဌေးအောက်ဆွဲပဲ၊ ဘယ်တိုက်ခန်းတက်နေနေ ရတယ်ဆို"

"အိုး၊ မင်းကလဲကွာ၊ ကဲ၊ တော်ကြတော့"

ကျွန်တော် ဗာမင်ကိစ္စနှင့် အိမ်ပေါ်က ချက်ချင်းဆင်းလာရသည်။

*

တစ်လလောက်ကြာတော့ သင်းသင်းအဖေကြီး အိမ်ရောက်လာသည်။ အမေအဖေတို့က သင်းသင်းအဖေရှေ့၌ပင် "ခွေးနဲ့ဖက်ရန်ဖြစ်တဲ့ကောင်"ဟုဆိုကြ၏။ နှမငယ်တွေက ပြုံးစိစိလုပ်နေကြသည်။ အမေအဖေတို့က သင်းသင်းတို့အိမ်ပြန်ပို့ကြ၏။

သင်သင်းတို့အိမ်ကို ပြန်ရောက်သည့်နေ့ကစပြီး ယနေ့အထိ သုံးနှစ်တာကာလတွင် ဗာမင်နှင့်ကျွန်တော် မပတ်သက်အောင်နေသည်။ သင်းသင်းကိုလည်း ပြောထား၏။ သည်ခွေးတိရစ္ဆာန်နှင့် ပတ်သက်လာလျှင် မိမိကို ဘာမျှမတိုင်ပင် မပြောကြားရန်။ ထို့ကြောင့်လည်း ယနေ့ ဗာမင်နေမကောင်းဖြစ်နေသည်ကို သိသော်လည်း မမေးမစမ်းဘဲ ဥပေက္ခာပြုနေလိုက်သည်။ သင်းသင်းလည်း အိပ်ခန်းထဲရောက်မလာသေး။

"ဗာမင်တော့ ဆုံးသွားရှာပြီ ကိုကိုရယ်"

မနက်အထဲမှာ သင်းသင်းက လာပြော၏။ ကျွန်တော်မှန်းတီးနေသော ဗာမင်သေပြီဟုသိရသောအခါ လောကီသားပီပီ ဝမ်းသာဖို့ကောင်းသည်။ သို့သော် အဘယ်ကြောင့်ဟုမသိ၊ စိတ်ထဲမှာ ဝမ်းမသာသည့်အပြင် ရင်ထဲမှာလည်း တစ်စုံတစ်ခုလာပြီး တစ်ဆို့နေသလိုပင်။ အိမ်သားတစ်ယောက် သေဆုံးသွားသလိုလည်း ချက်ချင်းခံစားမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် မြင်နေတွေ့နေရသော ဇာမင်ကို ယခုချက်ချင်း ကြည့်ချင် မြင်ချင်စိတ်လည်း ရုတ်ခြည်းဖြစ်ပေါ်လာသည်။

ဇာမင်ကိုကြည့်ရန် အပြင်သို့ ချက်ချင်းထွက်လာမိသည်။

ဇာမင်အလောင်းကို မြင်ရသောအခါ အရက်ရက် အလလက မှန်းတီးလာသော ကျွန်တော့်စိတ်မှာ ဘယ်ဆီလွင့်ပျောက်သွားသည်မသိ ရင်ထဲမှာ ဝမ်းနည်းသလို ကြေကွဲသလို ငိုချင်လာမိသည်။

ကျွန်တော် စဉ်းစားမိသည်။ သူတစ်ဦးတစ်ယောက်အား အစဉ်ထာဝရ မုန်းတီးနေသော်လည်း အမုန်းကုန်ဆုံးသွားသောအခါ သနားကြင်နာခြင်းသို့ပင် စိတ်က ကူးပြောင်းသွားတတ်လေသလား။

ချစ်ခြင်းမုန်းခြင်းဆိုသည်မှာ ဇာမုန်က ၃ နှင့် ၄ လိုကျောချင်းကပ်နီးလျက်နှင့် ဝေးနေကြခြင်း တစ်မျိုးလား။ အချစ်၏အဆုံးသည် အမုန်းဖြစ်သလို အမုန်း၏အဆုံးမှာလည်း အချစ်ပင်ဖြစ်လေမည်။

ယခု ကြည့်ပါဦး။

ကျွန်တော် အစဉ်ထာဝရ မုန်းတီးလာသော ဇာမင်ကို ယနေ့ ကျွန်တော်သနားမိ ချစ်မိနေလေပြီ။ သင်းသင်းအပေါ်တွင် ဇာမင်၏ချစ်ခင်တွယ်တာနေမှုကို သတိရမိလိုက်သောအခါ ကျွန်တော့်မျက်ကြည်အိမ်နှစ်ဖက်မှ မျက်ရည်များစီးကျလာလေသည်။

သို့သော် ကျွန်တော့်မျက်ရည်များကို သင်းသင်းအမေ မမြင်အောင်တော့ အချိန်မီ သိမ်းဆည်းလိုက်ရလေ၏။

(၁၉၉၉ ခုနှစ်၊ ဧပြီလ၊ မြဝတီမဂ္ဂဇင်း)

❋ ❋ ❋

## ရေသူမချိုင်၏လျှို့ဝှက်ချက်

ဓနိတောလမုတန်းဆီက ဘုတ်အီသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ဘုတ်ငှက်များသည် ဒီရေတက်ချိန် ဒီရေကျချိန်ဆိုလျှင် နေ့စဉ်အချိန်မှန်မှန်အီတတ်သည်။ ဤသည်မှာ ဘုတ်ငှက်တို့၏သဘာဝ၊ တောသူတောင်သားများ၏သင်္ကေတ။

ဘုတ်အီသံ ကြားလိုက်ကတည်းက စံရ ကနုကမာငုပ်သွားရန်ပြင်ဆင်သည်။ တက်တစ်ချောင်းနှင့် နန္ဒင်းပုတီးတို့ကိုယူကာ ချောင်းပေါက်ဘက်ဆင်းလာသည်။ အုန်းဆိပ်တွင် စံရ၏လှေငယ်ရှိသည်။

"သည်နေ့ ငါ နောက်ကျနေပြီလား"ဟူသော အတွေးကြောင့် သူ ခြေလှမ်းကသွက်နေသည်။ အုန်းဆိပ်နား ရောက်လာ၏။ လှေငယ်ကို ကြိုးဖြေကာ မြစ်ပေါက်ဘက် တအားလှော်ခတ်လာသည်။

ငှက်ရဲကျောက်ဆောင်နား ရောက်သောအခါ စိတ်မောလှုမောဖြစ်သွားသည်။ ငှက်ရဲကျောက်ဆောင်နားတစ်ဝိုက်တွင် သူထက်ဦးစွာ ရောက်နေကြသူများကို အနှံ့အပြားမြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



နေရာကောင်းမှန်သမျှ ကနုကမာငုပ်၍ရနိုင်သော ကျောက်တန်းကျောက်ပြင်မှန်သမျှ စောစောရောက်နှင့် နေသူများက အပိုင်စီးထားကြလေပြီ။

မြစ်ပေါက်မှ ဝင်လာသောလေကို အဆုတ်ထဲ တအားရှူသွင်းလိုက်ပြီး ရှည်လျားသောသက်မကို ပင်ပန်းကြီးစွာ ချပိလိုက်သည်။

အကြည့်ကမူ ငှက်ရဲကျောက်ဆောင်နားတစ်ဝိုက် ဝေ့လည်နေ၏။ ဟိုနေရာ သည်နေရာ အကြည့်ရောက်သည်။

သူ ယခင်နေ့တွေက ရှုဖူးငုပ်ဖူးသော တစ်နေရာရာများ ကျန်နေသေးသလားဟု ကြည့်ခြင်းဖြစ်သည်။ ဘယ်နေရာမျှ မကျန်တော့။

အားလုံးသော နေရာကောင်းတွေမှာ သူလိုပင် ကနုကမာငုပ်လာသူတွေနှင့် ပြည့်နှက်နေလေပြီ။

ရေသူမချိုင်ဘက် ဆက်တက်ရလျှင် ကောင်းလေမလားဟု စံရတွေးသည်။ ရေသူမချိုင်မှာ သွားငုပ်လျှင် ကနုကမာအနည်းနှင့်အများရမည်တော့မုချပင်။

သို့သော် . . .

စံရရင်ထဲ နည်းနည်းထိတ်ချင်လာသည်။

ရေသူမချိုင်တွင် တော်တော်တန်တန် အတွေ့အကြုံရှိသူများ ကနုကမာသွားမငုပ်ရဲကြ။ ဒေသအခေါ် နတ်ကြီးသည်မှာ အားလုံးတဖသိအမှတ်ပြုထားကြသည်။ ရေသူမချိုင်တွင် ကနုကမာငုပ်ရဲသူမှာ သူတို့ရွာက ပညာကြီးဦးကော်လီ တစ်ယောက်သာရှိသည်။

စံရနှင့်စာသော် ဦးကော်လီမှာ အတွေ့အကြုံကြီးမားသော ဝါရင့်ကနုကမာငုပ်သမားကြီး။





စံရမှာကား ယခုမှ အသက်ကလေး တစ်ဆယ့်ကိုးနှစ်သာ ရှိသေးသည်။

ရေသူမချိုင်တွင် ကနုကမာ နှစ်တိုင်းငုပ်သူ ဦးကော်လီနှင့် ပတ်သက်၍လည်း အမျိုးမျိုးသောသတင်းကို စံရကြားဖူးသည်။

ဦးကော်လီတို့ အဘေးသည် ကနုကမာငုပ်ယင်း ဤရေသူမချိုင်တွင် ငါးမန်းစားခံလိုက်ရသည်။ အစိမ်းသေသော ဦးကော်လီ၏ အဘေးသည် ရေသူမချိုင်စောင့် သရဲဖြစ်နေသည်။ ထို့ကြောင့် ရေသူမချိုင်တွင် တခြားကနုကမာငုပ်သူများကို လက်မခံ။ သူ့မြေးဖြစ်သော ဦးကော်လီတစ်ယောက်ကိုသာ ခွင့်ပြုသည်။ ဦးကော်လီကလွဲပြီး တခြားတစ်ယောက်ယောက်လာငုပ်လျှင် သူ့ဘေးသရဲကြီးက ငါးမန်းတွေနှင့် တိုက်လွှတ်သည်။

ဤသည်မှာလည်း သူတို့ရွာသားအတော်များများ ကြုံ[illegible]သော အတွေ့အကြုံပင်။

နောက်တစ်ခု ထူးခြားသည်မှာ ရေသူမချိုင်၌ ဦးကော်လီ ကနုကမာငုပ်နေခြင်း မရှိလျှင်တော့ တခြားကနုကမာငုပ်နေသူဆီ ဘယ်ငါးမန်းမှမလာ။ ကနုကမာများကို ကောင်းစွာရနိုင်သည်။ ဦးကော်လီသာရှိလျှင်တော့ တခြားကနုကမာငုပ်နေသူဆီ ငါးမန်းကြီးများသည် ချက်ချင်းရောက်လာကြသည်ဆို၏။

ထိုအခါ ကနုကမာငုပ်သူတွေမှာ သံစို့ တူရွင်း ခြင်းကိုပါ မယူနိုင်တော့ဘဲ ရေထဲမှ ချက်ချင်း လှေပေါ် ပြေးတက်ကြရသည်ဆိုသည်။

စံရသည် ရေသူမချိုင်ကို သွားရကောင်းနိုး မသွားဘဲအိမ်ပြန်ရကောင်းနိုးနှင့် ချီတုံချတုံဖြစ်နေလေသည်။ ဤငှက်ရဲကျောက်ဆောင်တွင်တော့ ဘယ်လိုငုပ်ငုပ် ကနုကမာမရနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"သည်နေ့ ဦးကော်လီကြီး ရှိချင်မှရှိမှာပါ၊ ငါသွားကြည့်ဦးမှ"

ဟူသော အတွေးနှင့်အတူ စံရသည် သူ့လှေကို ရေသူမချိုင်ဘက် ဦးလှည့်လိုက်လေသည်။

'သည်နေ့ ဦးကော်လီကို ရေသူမချိုင်ထဲ ကနုကမာငုပ်တာ မတွေ့ပါစေနှင့်'ဟုလည်း တစ်လမ်းလုံး ဆုတောင်းလာလေ၏။

⁂

စံရ၏ ဆုတောင်းမပြည့်ပါ။

ရေသူမချိုင်ထဲ လှေကွေ့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဦးကော်လီနှင့် ပက်ပင်းတိုးတော့သည်။ ကနုကမာငုပ်ရန် ရေထဲမဆင်းမီ လှေထဲ မီးဖိုနေသော ဦးကော်လီက စံရကို အံ့ဩသောအကြည့်နှင့် ခေါင်းမော့ကြည့်သည်။ ပြီး သူ ရေထဲကတက်လာလျှင် နားကိုမီးကင်ရန် မွှေးနေသော မီးဖိုကို ဒေါသတကြီးနှင့် တဖူးဖူးမှုတ်နေသည်။ မီးခိုးတွေ လှေပေါ်မှ အူထွက်လာ၏။

စံရသည် မဝံ့မရဲနှင့် ဦးကော်လီအနား သူ့လှေကို ကပ်လော့သွား၏။

"အဘ သည်မှာ ကနုကမာဟင်းစားလောက် ငုပ်ချင်လို့ပါ"ဟု မဝံ့မရဲ ပြောလိုက်၏။

စံရ၏သဘောမှာ ကွင်းပိုင် ချောင်းပိုင်များကို တောင်းပန် အသိပေးသည့်သဘော၊ ခွင့်ပြုချက်တောင်းခံသည့် သဘော။

ဤသည်ကိုပင် ပသျှူးကြီးဦးကော်လီက သူ့ကို တမင်အရွဲ့တိုက်ပြောသည်ထင်သလားမသိ၊ "ငုပ်ပေါ့ကွာ"ဟု တုံးတိတိဖြေ၏။

ပြီးမှ "မင်း ဟိုထားဝယ်ကောင့်သားလား"ဟု ထပ်ဆို၏။





စံရ၏အဖေမှာ ထားဝယ်သားဖြစ်သဖြင့် "ဟုတ်ကဲ့ အဘ"ဟု ပြောလိုက်ရသည်။

စံရသည် ဦးကော်လီလှေနှင့် ဝါးနှစ်ရိုက် အကွာလောက်တွင် လှေကို ကျောက်ကြိုးချပြီး မီးမွှေးသည်။ မီးငြိမ်းမသွားနိုင်မှန်း အတပ်သိမှ နန္ဒင်းပုတီးကို လည်ပင်းဆွဲကာ ကျောက်ဆူးကြိုးကိုကိုင်ပြီး ရေထဲဆင်း ^ိုက်သည်။ နန္ဒင်းပုတီးမှာ မိတျောင်းများရှိလျှင် လူကိုရန်မရှာနိုင်အောင် ဖြစ်လေသည်။

စံရ ရေထဲဆင်းလာချိန်မှာ ဦးကော်လီကား လှေပေါ်၌ပင် ကျန်နေခဲ့သေး၏။ သူရေထဲဆင်းရန် တစ်စုံတစ်ခုလိုနေသေးသလိုနှင့် လှေပေါ်၌ပင် ကျန်နေခဲ့သေး၏။

ရေအောက်ရောက်နေသော စံရသည် ရေအောက်ရှိကျောက်ဆောင် ကျောက်နံရံဘေး တွယ်ကပ်နေသော ကနုကမာများကို လက်နှင့်လျှောက်စမ်းသည်။ ကံအားလျော်စွာပင် ကျောက်နံရံတစ်ခုဘေးတွင် ပန်းကန်လုံးကြီးတစ်လုံးခန့်ရှိသော ကနုကမာလုံးတစ်လုံးကို တွေ့ရသည်။ ကနုကမာစွဲကပ်နေသော ကျောက်နံရံနှင့် ကနုကမာကောင်၏ ကိုယ်လုံးကြားကို သံဆူးနှင့်ထိုး၍ ကလော်ကြည့်သည်။ အလုံးကြီးသဖြင့် တင်းပုတ်နှင့်ထုခွာမှ ရမည်မှန်းသိသဖြင့် တင်းပုတ်နှင့်ထုခွာနေ၏။

ကနုကမာတစ်လုံးရ၍ နောက်တစ်လုံးအတွေ့မှာ သူ့ကိုယ်ကို ရေလုံးလာရိုက်သည်။ ရုတ်တရက်လန့်ပြီး လှည့်ကြည့်လိုက်ရာ ရေထဲတွင် မဲမဲသဲသဲအရိပ်များကို မြင်ရသည်။ ဦးကော်လီဘေးသရဲ ငါ့ကို ငါးမန်းနှင့် တိုက်လေပလားဟူသော အတွေးမဆုံးခင်ပင် ရေတွေပလုံစီလာပြီး သူ့အနားကို ငါးမန်းတစ်ကောင် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးမန်းမှာ လက်မောင်းတစ်ဆုံးလောက်သာရှိ၏။ လူကို အန္တရာယ်ဖြစ်နိုင်လောက်အောင် အကောင်မကြီး။

သို့သော် နောက်ရေပုလုံစီနေသော ရေပုလုံတန်းတွင်မူ လူတစ်ရပ်ထက်ပင်ရှည်သော ငါးမန်းကြီးတစ်ကောင်၏ အစွယ်ကို နေရောင်အောက်ကရေထဲ ဖွေးခနဲမြင်လိုက်ရသည်။

ရေသူမချိုင်တွင် ယခင့်ယခင်က ကနုကမာငုပ်သူများနည်းတူ စံရလည်း ကမာခြင်းနှင့်တူ, ဆူးကော်, တင်းပုတ်တို့ကိုပင် မယူနိုင်တော့ဘဲ ကမန်းကတန်း လှေပေါ် ပြေးတက်လာရလေသည်။

လှေပေါ်ရောက်တော့ မောမောနှင့် ပသျှူးကြီးဦးကော်လီလှေကို ရှာကြည့်သည်၊ လုံးဝ မမြင်တော့။ ဦးကော်လီ လှေရပ်ထားခဲ့သောနေရာတွင် ရေပွက်များ တဖွေးဖွေးထနေသည်ကိုသာ လှမ်းမြင်ရသည်။

စံရသည် ရေထဲမှခြင်းကို ပြန်ဆွဲတင်ကာ စောစောက ဦးကော်လီ၏လှေရပ်ထားခဲ့သောနေရာက ဖြတ်ပြန်လာရသည်။ သူလှမ်းကြည့်စဉ်တရေပွက်များဖွေးဖွေးထ၍ မြင်ရသည်မှာ ငါးမန်းများသောင်းကျန်းနေကြခြင်းသာ။

စံရသည် ပြောမယုံကြုံမှသိဆိုသလို ယခု ကိုယ်တွေ့ကြုံလာရပြီဖြစ်ရာ တွေးမိတိုင်းကျောချမ်းပြီး အိမ်ပြန်လာခဲ့ရလေ၏။

*

စံရအိမ်ရောက်ပြီး ကွမ်းတစ်ယာညက်ပင်မကြာလိုက်၊ အိမ်ရှေ့သို့ ဆံလုံကြီးဦးထော်ကြီး ရောက်လာ၏။

အဘိုးကြီးမှာ အသက်ခုနစ်ဆယ်ကျော်ပြီ၊ ခါးလည်း ကုန်းနေပြီ။ ဘယ်သွားသွား တောင်ဝှေးထောက်၍ သွားလာရ၏။





ဤအဘိုးကြီးမှာ ယခင်က ကနုကမာငုပ်ရာတွင် နာမည်ကြီးရေငုပ်သမား။ ယခုတော့ အသက်ကြီးပြီဖြစ်သဖြင့် ကနုကမာမငုပ်နိုင်တော့။ ကနုကမာ သွားငုပ်သည်ဟု သတင်းအနံ့ရသော အိမ်တိုင်းကိုလိုက်ပြီး ဟင်းစားတောင်းတတ်သူ။

ယခုလည်း သူ ကနုကမာ သွားငုပ်သည်ကြားသဖြင့် ဟင်းစားတောင်းရန်လာပြီဆိုသည်ကို စံရ မမေးဘဲသိလိုက်၏။ စံရကို မြင်သည်နှင့် အဘိုးကြီးကလည်း တောင်းနေကျအတိုင်း "လူလေး ကနုကမာသွားငုပ်တယ် ကြားတယ်၊ အဘကို ဟင်းစားလေးမျှပါကွယ်"ဟု ဆိုလာ၏။

"ကနုကမာ သွားငုပ်တာတော့ တုတ်ပါတယ် အဘရယ်၊ သည်နေ့ငှက်ရဲကျောက်ဆောင်နား တခြားလူတွေ နေရာဦးထားကြလို့ ရေသူမချိုင်ထဲ သွားငုပ်ပါတယ် ဦးကော်လီကြီးအဘေးက ငါးမန်းနှင့်တိုက်လွှတ်လို့ တစ်လုံးမှမရခဲ့ဘဲ ပြန်ပြေးလာခဲ့ရတယ်ဗျ"

"ဟယ်, လူလေးကို ဦးကော်လီ့ဘေးသရဲက ဘယ်လိုတိုက်လွှတ်လို့တုံးကွဲ့"

"ကျွန်တော် ရေသူမချိုင်ထဲ ရောက်တော့ ဦးကော်လီကိုလဲ ကနုကမာငုပ်ဖို့ တွေ့တယ်အဘရယ်၊ ကျွန်တော်က သူ့ကိုခွင့်ပန်ပြီး ဆင်းငုပ်တော့ ငါးမန်းတွေလိုက်လာလို့ တက်ပြေးလာခဲ့ရတယ်"

"အဲသည် လိုက်လာတဲ့ငါးမန်းတွေက ဦးကော်လီကိုကော မကိုက်ဘူးလားကွဲ့"

"ကျွန်တော် ရေထဲကတက်လာတော့ ဦးကော်လီကို မတွေ့ရတော့ဘူး အဘ၊ သူ ကနုကမာငုပ်နေခဲ့တဲ့ နေရာမှာလဲ ငါးမန်းတွေဘဲတွေ့တော့တယ်၊ သူ့ဘေးသရဲကြီးက ကျွန်တော့်ကို . . ."



www.burmeseclassic.com

www.burmeseclassic.com



စံရစကားမဆုံးခင် ဆလုံကြီးက သွားကျိုးလေထွက်ရယ်၏။

"လူလေးကို ငါးမန်းနှင့်တိုက်လွှတ်တာ ဦးကော်လီဘေးသရဲမဟုတ်ဘူးလူလေး၊ ဦးကော်လီကိုယ်တိုင် လူလေးကို ငါးမန်းကိုက်အောင်လို့ တမင်လုပ်တာ"

"ဟင်, ဦးကော်လီကိုယ်တိုင် လုပ်တာလားအဘ"

စံရက အံ့အားတသင့်မေးလိုက်၏။

"ဟုတ်တယ်ကွဲ့ လူလေးရယ်၊ ကနုကမာငုပ်တဲ့လူအချင်းချင်း မညီညွတ်ကြရင် ညစ်လို့ရတယ်၊ ခုလဲ လူလေး ကနုကမာငုပ်နေတုန်း ဦးကော်လီဟာ သူငုပ်နေတဲ့ ကနုကမာတစ်လုံးကို ထုခွဲပစ်ပြီး လှေပေါ်ပြန်တက်လာပါလိမ့်မယ်၊ ကနုကမာကောင်တွေရဲ့ အနံ့ဟာ အင်မတန်ညှီတယ်၊ ကနုကမာနံ့ရရင် ငါးမန်းတွေလဲ ချက်ချင်းလိုက်လာတတ်တယ်၊ ဒါကိုသိတော့ ဦးကော်လီဟာ ရေသူမချိုင်မှာ ဘယ်သူမှ ကနုကမာလာမငုပ်ရဲအောင် သည်နည်းနဲ့လုပ်ထားတာ ဖြစ်ရမယ်"

"ဟာ, ဟုတ်ပြီ အဘရေဟုတ်ပြီ၊ နေ့လယ်က သည်နည်းနဲ့ သူ့ကျွန်တော့်ကိုလုပ်သွားတာ၊ ကျွန်တော်ရေထဲကတက်လာတော့ ဦးကော်လီကို ရေသူမချိုင်ထဲ မတွေ့ရတော့ဘူး၊ ကနုကမာကောင်တွေထုခွဲပြီး သူလစ်မှာပေါ့၊ မနက်ဖြန် ကျွန်တော်သွားဦးမယ် အဘ၊ သည်အဘိုးကြီးနဲ့ ကျွန်တော် မနက်ဖြန်တော့ တွေ့ကြရောပေါ့"

"ရန်တွေဘာတွေတော့ မဖြစ်ကြပါနဲ့ကွယ်၊ ကနုကမာငုပ်တယ်ဆိုတာ အသက်စွန့်ပြီးလုပ်ကြရတာ တိုင်တိုင်ပင်ပင်ဘဲ လုပ်ကြပါ"

ဆလုံကြီးက ဤမျှသာပြောပြီး ပြန်သွားလေသည်။

❋





သူထက်ဦးပြီး ရေသူမချိုင်တွင် စံရကိုတွေ့ရတော့ အဘိုးကြီးဦးကော်လီ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။

"သည်ကောင့်ကို ခုထိ ငါးမန်းကိုက်ပြီး မသေသေးဘူးကိုး"ဟူသောအကြည့်နှင့် မျက်လုံးစွေကြည့်၏။

"မင်း မနေ့က ကနုကမာ တော်တော်ရရဲ့လား"

ငေါ့သံနှင့် မေး၏။

"ရမလားဗျ၊ ခင်ဗျားက ကနုကမာကောင်တွေကို တူနှင့်ထုခွဲထားခဲ့တော့ ကနုကမာညှီနံ့ရပြီး ငါးမန်းတွေလိုက်လာလို့ ပြေးခဲ့ရပါပကောလား၊ သည်မှာအဘိုးကြီး သည်နည်းနဲ့ ခင်ဗျား ကျုပ်ကိုညစ်ရင် ခင်ဗျားကိုလဲ ကျုပ် ပြန်လုပ်ရလိမ့်မယ်၊ ခင်ဗျားကတော့ ရေသူမချိုင်ထဲ ကနုကမာလာငုပ်သူတိုင်းကို ခင်ဗျား သည်နည်းနဲ့လုပ်နေတာဘဲ မဟုတ်လား"

"မင်းကို ဘယ်သူပြောလဲ"

ဟု ရယ်ကျဲကျဲနှင့်ပြန်မေး၏။

"ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက်လဲ ကနုကမာငုပ်လာခဲ့တဲ့ လူတွေပါဗျ၊ သိတာပေါ့"

အဘိုးကြီး ဦးကော်လီ ခဏငိုင်သွား၏။ ပြီးမှ . . .

"အေး မင်းသိရင်ပြီးရော၊ နောက် ရွာကလူတွေ ဘယ်သူ့မှလျှောက်မပြောနှင့်နော်၊ သည်ကိစ္စ မင်းနဲ့ ငါနဲ့ နှစ်ယောက်ပဲသိပါစေ၊ တို့နှစ်ယောက်ငုပ်ကြတာပေါ့ကွာ၊ တခြားလူတွေ သည်လျှို့ဝှက်ချက်ကိုသိသွားရင် ရေသူမချိုင်မှာ နေ့ချင်းညချင်း ကနုကမာငုပ်သူတွေနဲ့ ပြည့်သွားလိမ့်မယ်၊ ငါက ငါ့ဘေးသရဲကြီးနဲ့ ဘယ်သူမှ မလာရဲအောင် ခြောက်လှန့်ထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ အဘ ကတိသာတည်ပါစေ၊ ကျွန်တော့်ဘက်က စိတ်ချပါ။ ကဲ၊ သည်နေ့ ကျွန်တော်နဲ့အဘ အတူငင်ကြအောပ"

"အေးပါကွာ" ဟုပြောပြီး အဘိုးကြီးဦးကော်လီ သူ့လှေပေါ်က ရေထဲဆင်းသွားသောအခါ စံရမှာလည်း ကနုကမာငုပ်ရန် သူ့လှေပေါ်က ရေထဲ ချက်ချင်းဆင်းလိုက်ရလေသတည်း။

(ရေမှုဆိုးများ ပြောသောပုံပြင်များမှ)

(၁၉၈၇ ခုနှစ်၊ ဇွန်လ၊ မြဝတီမဂ္ဂဇင်း)

* * *

## ရေခဲပြင်ပေါ်က တောင်နဂါးကြီး

ဆောင်းနှောင်းကာလ၏ နေရောင်ခြည်သည် အိမ်ရှေ့ထင်းရှူးတောပေါ် ထိုးကျနေသည်။

တစ်ဆောင်းလုံး ဆီးဖတ် ဆီးမြှုပ်တွေထဲ နှစ်မြှုပ်နေခဲ့ကြသော ခြံက်ရိုင်းပင်များသည် နွေဦးနှင့်အတူ ခေါင်းထောင်စပြုလာကြသည်။

ဤအချိန်သည် အရှေ့မြောက်ဖျား မုဆိုးများအတွက် အမဲလိုက်ရာသီဖြစ်သည်။ ထို့ကြောင့်လည်း 'ဘွန်ကော'သည် ကတိုးလိုက်ရန် အတွက် ရေခဲတောင်ပေါ်ဘက် ထွက်လာ၏။

ကတိုးကောင်များသည် ပေရှစ်ထောင်ကျော်မြင့်သော ရေခဲတောင်ပေါ်၌သာ ကျက်စားလေ့ရှိရာ ရေခဲချောင်း ရေခဲတောင်များကို တစ်ခုပြီးတစ်ခု ဘွန်ကော ကျော်ဖြတ်လာရလေသည်။

*

ဘွန်ကောသည် မုဆိုးတောင်ခြေကိုလွန်လာ၏။ ကျားရဲတောင်နှာ ခေရာက်တွင် ခြေလှမ်းတန့်သွားသည်။

www.burmeseclassic.com



ပါးစပ်ထဲအမြုပ်တစီစီနှင့် ပြေးလာကြသော မြေခွေးအုပ်တစ်အုပ်ကို ငေးကြည့်နေသည်။ ဒီကောင်တွေ ဘာများ ဖြစ်လာကြပါလိမ့်ဟု သူတွေးသည်။

မြေခွေးအုပ်ထဲတွင် သားသည်အမေများလည်း ပါသည်။

လသားအရွယ် မြေခွေးငယ်လေးတစ်ကောင်ကို ကုပ်ဆက်ထ ကိုက်ချီပြေးလာသော မြေခွေးမကြီးတစ်ကောင်မှာ ဒယိမ်းဒယိုင်နှင့် ဘွန်ရှေ့အကိုပင် ဝင်တိုးမိမလိုဖြစ်သွား၏။ ကျန်ကလေးများကိုမူ ဘယ်မှာ ပစ်ထားခဲ့သည်မသိ။

မြေခွေးဆိုသော တိရစ္ဆာန်များမှာ လူနှင့်မနီးလွန်းမဝေးလွန်းသော အရပ်၌နေတတ်သည်။ ဝံပုလွေ, တောခွေး, ခွေးအ, သစ်ခွေးစသည့် အမျိုး လေးပါးနှင့်လည်း ရန်သတ္တရုပြုရဲကြသော တိရစ္ဆာန်များမဟုတ်ကြ။

မြေခွေးများသည် လိမ္မာပါးနပ်စွာနှင့်ပင် သူတို့အမျိုးလေးပါးနှင့် သင့်တင့်အောင် နေထိုင်ကြသူများဖြစ်သည်။

တစ်ခါတစ်ရံတွင် ရေခဲပြင်တောစပ်၌ ရေခဲငှက်များကို လိုက် ချောင်းနေတာကိုတွေ့ရ၏။ တစ်ခါတစ်ခါမှာမူ ဝံပုလွေများ စားကြွင်း စားကျန်များကို အချိန်ကြာမြင့်စွာ စောင့်မျှော်နေတာကို တွေ့ရတတ်၏။ တောခွေး, ခွေးအတို့အနား၌မူ မြေခွေးများကို မတွေ့ရတတ်ပေ။ တောခွေး နှင့်ခွေးအတို့မှာ အစားကြူးသော တိရစ္ဆာန်များဖြစ်သဖြင့် မြေခွေးများ အတွက် စားကြွင်းစားကျန် မချန်ထတ်၍လည်းဖြစ်ပေသည်။

ဤသို့သော မြေခွေးများသည် အဘယ်ကဲ့သို့သော အန္တရာယ်ကြောင့် ယခုကဲ့သို့သေပြေးရှင်ပြေး ပြေးလာကြရသည်ကို ဘွန်ကော မတွေး တတ်အောင် ဖြစ်သွားလေသည်။





မြေခွေးအုပ်လွန်သွားသောအခါ ဘွန်ကောသည် ဝံပုန်းတောင် ဘက်တက်လာလေသည်။

✻

အိမ်ကယူလာသော ထမင်းထုပ်ကို ဝံပုန်းတောင်ထိပ်တွင် ခရီး တစ်ထောက်နားရင်း စားသည်။ ထမင်းစားပြီးသည်နှင့် မြေခွေးသင်ပြင် ဘက်ဆင်းလာ၏။ မြေခွေးလွင်ပြင်ဘက်တွင် နွေဦးရွက်နုတို့ ခြင်ပေါ်စပြု လောက်ပြီ။ မြက်တောမြက်ဖုတ်များကြားရှိ ချုံများတွင် ပန်းမွှေးများလည်း ပွင့်ကြရောမည်။ ဘွန်ကောသည် ပန်းမွှေးကြိုက်သော ကတိုးကောင်များကို ယခင့်ယခင်နှစ်များက မြေခွေးလွင်ပြင်တွင် ပစ်နေကျ ရနေကျ။

ထို့ကြောင့်လည်း ရေခဲငုတ်ဆီးမြုပ်တွေကို ပုံမကျအောင်ရှောင်ကာ မြေခွေးလွင်ပြင်ဘက် ထွက်လာသည်။ အရွက်ပြုန်းနေသော ထင်းရှူးပင် များပေါ်တွင် နှင်းကျီးပေါင်းများ ဖွေးဖွေးလှုပ်နေကြသည်။ လေစာ ပိုထန် လာသည်။ ဆပ်ပြာမြုပ်ထနေသော နှင်းကျီးပေါင်းများ လေထဲလွင့်မျော နေကြသည်။ နေညိုလာချိန်မှာ အအေးပိုလာ၏။ ရေခဲတောင်ပေါ်တွင် ဆောင်းမကုန်သေး။

ဘွန်ကောသည် သူနှစ်စဉ်နှစ်တိုင်း စခန်းချနေကျ ကျောက်ဂူရှိ ရာဆီ မှန်းလျှောက်လာသည်။ ရေခဲလွင်ပြင်ရှိ ကျောက်ဆောင်ကျောက်တုံး များပေါ်တွင် နှင်းဖတ်ဆီးမြုပ်များ ဦးပေါင်းဆောင်းထားကြသည်။

နွေရှင့်ရက်မရောက်သေးသဖြင့် တောင်ပေါ်တွင် ရေခဲတို့ ဦးပေါင်း ဆောင်းနေကြတုန်းပင်။ ထင်းရှူးတောတစ်ခုလုံးမှာ အရွက်ခြွေထားသဖြင့် မြေခွေးလွင်ပြင် ကမျှော်ကြည့်လျှင် ဝံပုလွေချိုင့်ဝှမ်းထိ ဖွေးဖွေးထနေသော ဆီးနှင်းလွင်ပြင်ကြီးကို မြင်နေရ၏။

www.burmeseclassic.com



နှစ်စဉ်နှစ်တိုင်း ကတိုးလိုက်ရင်း စခန်းချနေကျဖြစ်သော တော

ဂူနားအရောက်မှာ သားကောင် တစ်ကောင်ကောင်၏ အထိတ်တ

အော်လိုက်သံကြောင့် ဘွန်ကောပင် ရုတ်တရက်လန့်သွားသည်။

'ဘယ်နေရာကပါလိမ့်'ဟု နားစွင့်မိလိုက်၏။

တစ်ခါတစ်ခါ နှင်းမုန်တိုင်းများကျလာလျှင်လည်း ဝံပုလွေမျ

ဝက်ဝံကြီးများမှာ သူ စခန်းချနေကျဂူထဲ ဝင်အောင်းနေတတ်သဖြင့်

စခန်းချရမည့်ဂူဘက် လှမ်းငေး၍ နားစွင့်ကြည့်နေ၏။

သားကောင်၏ တစ်ချက် တစ်ချက်အော်သံက ပိုနီးလာသည်

သူစခန်းချရမည့် ကျောက်ဂူဘက်ကတော့မဟုတ်၊ ဝံပုလွေချိုင့်ဝှမ်း တော

စပ်ဘက်မှဖြစ်သည်။ ကျောက်ဆောင်တစ်ခုပေါ် ရုတ်တရက်ခုန်တ

လိုက်ကာ အသံကြားရာဘက် လှမ်းကြည့်နေ၏။

တောင်ဆိတ်နီတစ်ကောင်သည် ဝံပုလွေချိုင့်ဝှမ်းတောစမှ ရေ

ပြင်ပေါ် ဆင်းပြေးလာ၏။ ရေခဲပြင်တွင် သွားလာကျက်စားလေ့မရှိသော

တောင်ဆိတ်နီသည် ရေခဲပုံကျွံကာ ခြေနတ်လက်နတ်လေးသွားသည်။

ထိုအချိန်မှာပင် တောစမှထွက်လာသော ဝံပုလွေကြီးသုံးကော

သည် တောင်ဆိတ်နီဆီ ပြေးခုန်လိုက်လာကြသည်။

အမဲလိုက်ကျွမ်းကျင်ပြီးသား ဝံပုလွေသုံးကောင်သည် ချက်ချင်း

ပင် တောင်ဆိတ်နီကို ဝိုင်းထားလိုက်ကြသည်။

တောင်ဆိတ်နီကြီးသည် သူ့ရှေ့ကို ခုန်အုပ်လိုက်သော ဝံပုလွေ

တစ်ကောင်ကို သူ၏ ချွန်ထက်သောဦးချိုနှင့် လှမ်းခွေ့လိုက်၏။

ဝံပုလွေကြီးမှာ တောင်ဆိတ်နီကြီး၏ဦးချိုကို ကွေ့ရှောင်လိုက်စဉ်

ရေခဲပြင်ပေါ် ချော်လဲသွားသည်။





ထိုအချိန်တွင် တောင်ဆိတ်နီနောက်ဖ်ရောက်နေသော ဝံပုလွေကြီး တစ်ကောင်က တောင်ဆိတ်နီကြီး၏ တင်ပါးကို ဝင်ခဲသည်။

နောက်တစ်ကောင်ကလည်း တောင်ဆိတ်နီကြီး၏ ဦးခေါင်း အလှည့်တွင် ရှေ့လက်ပြင်ကို ဝင်ခဲသည်။ ခေါစောက ရေခဲပြင်ပေါ် ချော်လဲသွားသော ဝံပုလွေကြီးမှာ သူ့အဖော်များ ဝိုင်းကိုက်နေကြသည်ကို မြင့်သောအခါ တအားတက်သွားပြီး တောင်ဆိတ်နီကိုယ်ပေါ် ခုန်အုပ် လိုက်သည်။ တောင်ဆိတ်နီကြီး ရေခဲပြင်ပေါ် လဲအကျတွင် ကုပ်ဆက်ကို မိမိရရ ကိုက်ထားလိုက်လေသည်။

အမဲလိုက်ကျွမ်းကျင်သော ဝံပုလွေသုံးကောင်၏ လုံးထွေးကိုက်ခဲ ခြင်းကိုခံနေရသော တောင်ဆိတ်နီကြီးမှာ ဝမ်းခေါင်းသံကြီးနှင့်အော်ကာ ရေခဲပြင်ပေါ်တွင် ဆန့်ငင်ဆန့်ငင်ဖြစ်နေလေသည်။

ဘွန်ကောသည် ချက်ချင်း အကြံရ၏။

ဝံပုလွေသုံးကောင်ကို ခြောက်လှန့်ပြီး တောင်ဆိတ်နီကြီးကို လုယားလိုက်ရလျှင် တစ်ပတ်နှစ်ပတ်စာ ရိက္ခာဖူလုံသွားပေမည်။

ဝံပုလွေများသည် လူကိုတော့ ရင်ဆိုင်ရဲကြမည်မဟုတ်။

သူသည် ယခင်ကလည်း ရေခဲပြင်ထဲတွင် ကတိုးလိုက်ရင်း ဝံပုလွေ လေးငါးကောင် ခုပ်နှင့် ကြုံဖူးသည်။ ဝံပုလွေများက လူကို အား မတင်ရဲ၊ ရဲရဲငံ့ငံ့ အနားမကပ်ရဲ။ တစ်ခုတော့ ရှိ၏။ ဝံပုလွေများ လက်ထဲက တောင်ဆိတ်နီကြီးကို သူလုယူလာလျှင် သူ့နောက်ကိုလိုက်လာကြမည်မှာ တော့အမှန်ပင်။ ရေခဲပြင်ပေါ်တွင် မပုပ်မသိုးသော တောင်ဆိတ်နီကို ဘွန်ကော ဘယ်နေရာ၌ထားခဲ့သည်ကို ဝံပုလွေများလိုက်ချောင်းကြမည်။ ဘွန်ကောလစ်သည်နှင့် ခိုးပြေးကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေများ မသိ မရိပ်မိသော တစ်နေရာရာတွင် ဝှက်ထားရမည်။

ကတိုးလိုက်ရန်လာသော ဘွန်ကောမှာ ဤတောင်ဆိတ်နီကြီးကို အမြဲထိုင်စောင့်မနေနိုင်။ ဝံပုလွေများအလစ်တွင် ကျောက်ဆောင်ဘေးရှိ ရေခဲပြင်တစ်နေရာရာကို တူးပြီးမြှုပ်ဝှက်ထားရမည်။ တစ်နေ့စာ ကုန်ရုံ သလောက်လှီးဖြတ်၍ အိမ်ကယူလာသော ခေါ်ပျဉ်နှင့်သားပြွမ်းထမင်း ချက်စားရမည်။ နှင်းမုန်တိုင်းကျ၍ ကတိုးရှာမထွက်နိုင်သောနေ့တွင် ဂူထဲ၌ ကင်ဖုတ်စား၍ရသည်။

ဤအတွေးနှင့် ဘွန်ကော ကျောက်ဆောင်ပေါ်က ခုန်ချလိုက်သည်။ 'ဟေး . . ဟီး'ဟု အော်သံပေးကာ ဝံပုလွေများ ကိုက်ဖွဲ့စားနေကြသော တောင်ဆိတ်နီကြီးရှိရာသို့ ပြေးသွားသည်။ သားစားကြူးသော ဝံပုလွေသုံးကောင်သည် တောင်ဆိတ်နီတစ်ကောင်အား နာရီပိုင်းအတွင်း ကုန်သွားအောင် စားနိုင်ချေရှိသည်။

ဘွန်ကော လမ်းခုလတ်အရောက်တွင် ဝံပုလွေချိုင့်ဝှမ်း အစရှိ ရေခဲတောင်ပေါ်မှ ဝေါခနဲအသံတစ်ခုကို ကြားရသဖြင့် ချက်ချင်းလှမ်း ကြည့်လိုက်၏။ ရေခဲတုံး အပွဲ့အစများ၊ ရေခဲအမှုန့်အမွှားများနှင့် လုံးထွေး လိမ့်ဆင်းလာသော သတ္တဝါကြီးကို ဘွန်ကောက ဘာကောင်မှန်းမသိ မည်းမည်းလုံးလုံးသာ မြင်လိုက်ရ၏။

ဓားခနဲတန့်သွားသော ခြေလှမ်းနှင့်အတူ ဘွန်ကော နောက်သို့ ခြေတစ်လှမ်းဆုတ်မိလိုက်သည်။

ဘွန်ကောသည် ဤရေခဲတောင်ပေါ်တွင် ကတိုးသားကောင်လိုက် လာသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ၊ သို့သော် ဤလို သားရဲတိရစ္ဆာန် မျိုးကို သူတစ်ခါမှ မတွေ့ဖူးမကြုံဖူး။





မြင်စကမှ မြွေကြီးတစ်ကောင်လားဟုထင်ခဲ့သော တိရစ္ဆာန်ကြီး သည် ဝံပုလွေသုံးကောင် ဝိုင်းကိုက်ဖွဲ့စားနေကြသော တောင်ဆိတ်နီကြီး ရှိရာ ရေခဲလွင်ပြင်ပေါ်သို့ နောက်ထပ် ဝေါခနဲတစ်ချက် လျှောချလိုက် သည်။ ဝံပုလွေသုံးကောင် လန့်ဖျပ်အံ့အားသင့်နေစဉ် တစ်ကောင်သော ဝံပုလွေကို ထိုတိရစ္ဆာန်ကြီးသည် အမြီးနှင့်လှမ်းရိုက်လိုက်သည်။

တိရစ္ဆာန်ကြီး၏ အမြီးရိုက်နှက်မှုဒဏ်ကြောင့် ဝံပုလွေကြီးသည် ရေခဲပြင်ပေါ် လဲကျသွား၏။ ပြန်ထလာသောအခါ တအိုင်အိုင်အော်ပြီး တိရစ္ဆာန်ကြီးနားမှ ထပြေး၏။ တိရစ္ဆာန်ကြီးသည် ကျန်သောဝံပုလွေ နှစ်ကောင်ကို သူ့အမြီးနှင့် လှမ်းရိုက်ပြန်သည်။ ဝံပုလွေများကို မထိဘဲ ရေခဲပြင်ပေါ် သွားကျသော သူ့အမြီးကြောင့် ရေခဲပြင်ပေါ်မှ ရေခဲတုံးရေခဲ ပွဲ့များအပေါ် လွင့်စဉ်ကုန်သည်။ ဝံပုလွေကြီးသုံးကောင် တဟဲဟဲအော်ကာ ချိုင့်ဝှမ်းတောဝဘက် ထွက်ပြေးသွားကြသည်။

ဝံပုလွေသုံးကောင် ထွက်ပြေးသွားကြမှ ဘွန်ကောလည်း သတိ ပြန်ဝင်လာသည်။ ကျောက်ဆောင်နားတစ်ခုကို ပြေးကပ်ကာ ထိုတိရစ္ဆာန် ကြီးကို ချောင်းကြည့်နေသည်။ တိရစ္ဆာန်ကြီးသည် တောင်ဆိတ်နီကြီးကို ကိုက်ချီကာ ရေခဲပြင်ပေါ် တွားသွားနေသည်။ ဘွန်ကောသည် အံ့သြ ထိတ်လန့်စွာ တိရစ္ဆာန်ကြီးကို မှင်တက်မိ ငေးကြည့်နေမိသည်။

ဖွတ်ကြီးတစ်ကောင်နှင့် ပုံပန်းသဏ္ဍာန်ချင်း တူသော ဤလို တောတိရစ္ဆာန်ကြီးကို ယခင်က ဘွန်ကော တစ်ကြိမ်တစ်ခါမှ မကြုံဖူး မတွေ့ဖူးပေ။ သို့သော် ဘိုးစဉ်ဘောင်ဆက် မုဆိုးကြီးများပြောပြသော ရေခဲပြင်ထဲမှ တောင်နဂါးကြီးဆိုသည်မှာ ဤတိရစ္ဆာန်ကြီးပင်ဖြစ်ရမည်ဟု ဘွန်ကော တွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွန်ကောသည် ထိတ်ထိတ်လန့်လန့်နှင့် တောင်နဂါးကြီးကို မေ့ကြည့်ကာ သူ ကတိုးလိုက်ရန်ထွက်လာစဉ်က ကျားရဲတောင်နားတွင် တွေ့ခဲ့ရသော မြေခွေးအုပ်တစ်အုပ်ကို သွားသတိရသည်။

ထိုမြေခွေးအုပ်သည် ဤတောင်နဂါးကြီး၏ရန်မှ တိမ်းရှောင်ပြေးလာကြပုံရသည်။ ယခုအခါ တောင်နဂါးကြီးကို ကြောက်ရွံ့သဖြင့် ဝံပုလွေများလည်း ပြေးကုန်ကြပြီး ဤဝံပုလွေချိုင့်ဝှမ်းတွင် ဤတောင်နဂါးကြီး ရှိနေလျှင် မည်သည့်တောတိရစ္ဆာန်မှ နေဝံ့ကြတော့မည်မဟုတ်။

ဘွန်ကော ဖမ်းဆီးရန် လိုက်ရှာနေသော ကတိုးကောင်များဆိုသည်မှာလည်း ဤတောင်နဂါးကြီးရန်ကို ကြောက်သဖြင့် ဤဝံပုလွေချိုင့်ဝှမ်းမှ တိမ်းရှောင်ပြေးကြပြီးဖြစ်မည်။

ဤဝံပုလွေချိုင့်ဝှမ်းတွင် ကြာကြာနေလျှင် ဤတောင်နဂါးကြီးနှင့် တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြရလိမ့်မည်ဟူသော အတွေးကို တွေးမိသောအခါ ဘွန်ကော၏ မုဆိုးခြေလှမ်းမှာလည်း အလိုလို ပြန်ပြေးမိပြီးသား ဖြစ်သွားလေသည်။

(မုဆိုးပြောသော ဇာတ်လမ်းများမှ)

(၁၉၉၃ ခုနှစ်၊ ဧပြီလ၊ ကလျာမဂ္ဂဇင်း)

❋❋❋

## ဖိုးသင်းမျောက်

မိုးနှောင်းကာလတစ်နေ့၏ နံနက်ရှစ်နာရီခန့်တွင် ဖြစ်သည်။

အဖေနှင့်အမေတို့သည် မနက်စောစောကပင် လယ်ကွင်းဘက် ထွက်သွားကြသည်။ အမေ့လက်ထဲတွင် ခရုမျက်ပြူတူးရန် တူးရွင်းတို တစ်ချောင်းနှင့် ခြင်းငယ်တစ်လုံးပါသွားသည်။ အဖေ့လက်ထဲတွင်မူ ပေါက်တူးတစ်လက်ပါ၏။ ငိုက်မျဉ်းစပြုနေပြီဖြစ်သော စပါးကွင်းထဲတွင် ရေမရှိဘဲ ခြောက်သွေ့နေမှ စပါးမှည့်သောအခါ ရိတ်သိမ်းရာ၌ ခရီးပေါက်သည်။ ထို့ကြောင့် စပါးမှည့်ခါနီး လယ်ကွင်းထဲကရေများကို ဖောက်ချရန် အဖေက ပေါက်တူးယူသွားခြင်းဖြစ်သည်။

အမေနှင့်အဖေတို့ လယ်ကွင်းဘက်ထွက်သွားကြပြီး မကြာခင်မှာပင် ကျွန်တော်တို့လယ်တဲနှင့် တစ်ခေါ်သာသာဝေးသော တောစပ်ကွင်းနားတဲမှ ဦးလေးသာအောင် ရောက်လာသည်။

ဦးလေးသာအောင်၏ လက်ထဲတွင် ဓားမတစ်စင်းပါသည်။

ရောက်ရောက်ချင်း ကျွန်တော်တို့ တဲပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော်ကြည့်ပြီး "မင်းတို့ ဗိုကျားကောကွ"ဟု မေး၏။

www.burmeseclassic.com



ဒုံဘုရားမှာ ကျွန်တော်တို့အိမ်က ခွေးဖြစ်သည်။ အလွန်တော အောင်းသည်ဟု မုဆိုးများကပင် ချီးကျူးထားသောခွေးဖြစ်၏။

"ရှိမှာပေါ့ ဦးလေး၊ ဘာလုပ်မလို့လဲ"

အစ်ကိုကြီးက ပေါ့ပေါ့ပင် ပြန်မေးလိုက်၏။

"ဒီလိုကွ ထွန်းကျော်ရာ၊ ဒီနေ့မနက် ဦးလေး ညောင်ပင်တာ အောက်က ရေအိုင်ကြီးတစ်အိုင်ကို ရေသွားဖောက်တော့ ရောမစပါးကြီး မြွေတစ်ကောင် ရေစိမ်နေတာတွေ့တယ်၊ အဲဒါနဲ့ ပေါက်တူးနဲ့ကလဲ ပေါက် သတ်လို့မဖြစ်တော့ ဓားနဲ့အပိုင်ခုတ်သတ်မလို့ တဲပြန်ပြီးဓားသွားယူနေ ချိန်မှာ ထွက်ပြေးသွားတယ်၊ လူကြံမှန်းရိပ်မိလို့ ရေထဲကတက်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ နည်းနည်းနောနောအကောင်ကြီး မဟုတ်ဘူး ငါ့ပေါင် လုံးလောက်ကိုရှိတာ၊ ရသာရလိုက်ရင် သည်းခြေရောင်းရတာနဲ့ကို တို့ ပလေကပ် တစ်ယောက်တစ်ကွင်း ဝယ်နိုင်မှာ . . .

. . ဒီကောင်ကြီး ဘယ်များထွက်သွားလဲလို့ ငါ ခြေရာခံလိုက်ကြည့် တော့ တို့ယာဟောင်းဖုံးဆိုးတောထဲ တက်သွားတဲ့ ခြေရာစွပ်ကြောင်းတွေ့ ထားတယ်၊ အဲဒါ တောကောင်းတဲ့ မင်းတို့ဗိုကျားနဲ့လိုက်ရင် ချက်ချင်း မိမှာပဲကွ၊ ဒီလောက်ကြီးတဲ့ စပါးကြီးမြွေဟာ ချက်ချင်းတော့ ဝေးဝေး လံလံကို ထွက်သွားမှာမဟုတ်သေးဘူး၊ ရေစိမ်ပြီးရင် ဒါမှမဟုတ် ဒီရေအိုင် မှာ ငါးရှာဖားရှာမရရင် လယ်ကွင်းထဲက နောက်တစ်အိုင်အိုင်ကို မကြာခင် ဆင်းဦးမှာပဲ၊ အဲဒါ ဦးလေးနဲ့ မင်းတို့လဲလိုက်ခဲ့ကြ၊ ဒီစပါးကြီးမြွေကိုသာ တို့တူဝရီးတွေရလိုက်ရင် ပွပေါက်ပဲကွ"

ဦးလေးသာအောင်၏ စကားကြောင့် ကျွန်တော်တို့ ညီအစ်ကိုသုံး ယောက်မှာ ချက်ချင်းလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။





ကိုလတ်က ဘယ်ရောက်နေမှန်းမသိသော ခွေးဗိုကျားကို "အို့ အို့" ဟု အသံပေးကာခေါ်နေ၏။ အစ်ကိုကြီးက တဲထဲဝင်ပြီး ဒူးလေးယူသည်။ ကျွန်တော်က ဝါးစပြောင်းတစ်လုံးကိုဆွဲ၏။ ဗိုကျား အမြီးနှံ့ပြီး တဲရှေ့ပြေး ထွက်လာသောအခါ ကိုလတ်က စပါးကြီးမြွေထိုးရန် လှံရှည်တစ်ချောင်း ကိုဆွဲထုတ်လာပြန်သည်။ သို့နှင့် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် ခွေးဗိုကျားနှင့် ဦးလေးသာအောင်တို့သည် စပါးကြီးမြွေကိုရှာရန် ညောင်ပင် ကွင်းဘက် အလောသုံးဆယ် ထွက်လာကြလေသည်။

လမ်းတွင် ကိုလတ်က "ဦးလေး စပါးကြီးမြွေရလို့ သည်းခြေရောင်း ပြီးရင် ကျွန်တော်တို့ကို ဝေစုလေးစုပေးရမယ်နော်"ဟုပြောလိုက်၏။

"ဟာ, မင်းတို့ဟာ လေးစုတောင် ပေးရမယ်ဆိုတော့ မများဘူး လားကွ"

"မများဘူးလေ ဦးလေး ဒါ ထုံးစံပဲ၊ မြို့တောင်မှာ ဆတ်ပျောက်လို့ ကျွန်တော်တို့နဲ့ ဗိုကျားလိုက်ရှာပေးရတုန်းကလဲ ဒီလိုပဲ လေးစုရတာပဲ၊ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်က သုံးစု ဗိုကျားက တစ်စုလေ၊ ဒါ မုဆိုးတို့တောထုံးပဲ၊ မယုံရင် ဦးလေးမုဆိုးကြီး ဘိုးဘာဟိုးတို့သားအဖ မေးကြည့်ပါ"

အစ်ကိုလတ်၏စကားကို ကျွန်တော်ကလည်း လူတတ်ကြီးလုပ်၍ သက်သေ သက်ကာယနှင့်ဝင်ပြောလိုက်၏။ မြို့တောင်၌ ဆတ်ဖားကြီး တစ်ကောင်ရခဲ့သည်မှာ လပိုင်းသာရှိသေးသဖြင့် ဦးလေးကလည်း မငြင်း သာတော့။

"ကောင်းပြီ ငါ့တူတို့ကို ဦးလေးတစ်ခုပြောမယ်၊ ငါ့တူတို့ကို ဦးလေးက လေးစုပေးမယ်၊ ဦးလေးက နှစ်စုယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ, ဦးလေးကလဲ မဟုတ်တာ၊ လေးစုထဲက ဦးလေး နှစ်စုယူတော့ ဦးလေးနဲ့ကျွန်တော်တို့ တစ်ယောက်တစ်ဝက်စီပဲ ဖြစ်သွားပြီပဲ၊ ဒါ ဘယ်လာတရားပါ့. . ."

"မဟုတ်ဘူးလေကွာ ငါပြောတာက ဒီလိုပါ၊ ခု ငါတို့ စပါးကြီးမြွေကိုရပြီဆိုပါတော့ ဝေစုခြောက်စုခွဲမယ်၊ လေးစုကို မင်းတို့ကိုပေးမယ် နှစ်စုကို ငါယူမယ်၊ ဒါလဲ မင်းတို့က ထုံးစံဆိုတဲ့စကားကို ပြောလို့ပါ၊ ငါက ပထမဦးဆုံး သားကောင်တွေ့သူ (မြွေတွေ့သူ)အဖြစ် တစ်ဖို့တစ်စုယူမယ်၊ ခု မင်းတို့နဲ့ပေါင်းပြီး ရှာရတဲ့အတွက်က တစ်ဖို့တစ်စုလေ၊ ဒီတော့ ငါက နှစ်ဖို့နှစ်စုယူတာ မတရားဘူးလား ကဲ, ပြော"

စပါးကြီးမြွေက ဘယ်ဆီနေမှန်းမသိသေး လမ်းတွင် ဝေစုခွဲစကားဆိုလာကြ၏။ ဦးလေးနှင့် တူများပင်ဖြစ်သော်လည်း ဦးလေးသာအောင်မှာ ကတ်ဖဲ့လုပ်တတ်ရာ၌ ရွာတွင်နှစ်မှောက်မရှိသဖြင့် ကိုလတ်က ပြတ်ပြတ်သားသားပြောထားခြင်းဖြစ်သည်။

"ဦးလေးစကားအရဆိုရင် ရေအိုင်ထဲက ပျောက်သွားတဲ့မြွေနော်၊ ခု ကျွန်တော်တို့ချည်း ရှာကြလို့လဲ ဘယ်လိုမှ ရနိုင်ခြေမရှိဘူး၊ ဒီတော့ ကျွန်တော်တို့ထဲ ဘယ်သူက အရေးအပါဆုံးလဲ၊ ဒီကိစ္စက ဗိုကျားပါမှ ရမယ့်ကိစ္စဆိုတော့ ဦးလေးက နှစ်ဖို့နှစ်စု ယူမယ်ဆိုရင် ဗိုကျားကိုလဲ နှစ်ဖို့နှစ်စု ပေးရမှာပဲ၊ စကားပုံတောင် ရှိတယ်မဟုတ်လား ရေအဆုံး ကုန်းတစ်ဝက်တဲ့၊ အဲဒီတော့ ဗိုကျား. . ."

"ဟေ့ကောင် တော်တော့၊ မြွေက ဘယ်ဆီနေမှန်း မသိသေးဘူး ခုကတဲက သောက်ဝေစုစကားများနေပြီ၊ ဦးလေးသာအောင်က သူ နှစ်စုနှစ်ဖို့ယူမယ် တို့ကို လေးဖို့လေးစုပေးမယ်ဆို တော်ရောပေါ့"





လူဖြောင့်စိတ်တိုဖြစ်သူ အစ်ကိုကြီးက အော်လိုက်သောအခါ ဦးလေးသားချင်းမှာလည်း အစ်ကိုကြီးနှင့်ရွယ်တူဖြစ်သလို ကိုလတ်ကလည်း အစ်ကိုကြီးကို ပြန်မပြောဝံ့။ ပြန်ပြောလျှင် "မင်း သိပ်သောက်စကားများတယ်၊ ခု တောထဲတောင်ထဲသွားကြမှာ ပြန်ပြန် ခုပြန်ကွာ"ဟု ပြောလာတော့မည်။ အစ်ကိုကြီးက အစ်ကိုလတ်အား တောနားရောက်ပြီးမှ စကားများသဖြင့် ပြန်လွှတ်ထားဖူးသော သာဓကများရှိထားဖူးရာ ဤတစ်ခါတော့ ကိုလတ်မှာ ချက်ချင်းနှုတ်ပိတ်သွားလေသည်။

✳

ဦးလေးသာအောင်ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ လယ်ကွင်းထဲရှိ ရေအိုင်ကို ဦးလေးကအရင်ပြ၏။ ရေအိုင်ထဲက စပါးကြီးမြွေတက်သွားသော ဝမ်းဗိုက်ချပ်ရာစွပ်ကြောင်းကို မြေပျော့ပျော့တွင် အထင်သားတွေ့နေရသည်။ ထိုနေရာမှ မြွေကြီးသည် စပါးပင်တွေကို တိုးတိုက်ကာ လယ်ကွင်းဘေးရှိ ဖုံးဆိုးယာပေါင်းတောထဲ တက်သွားရာကိုတွေ့ရသည်။

"ဗိုကျားလိုက်စမ်း လိုက်စမ်းကွာ၊ အနံ့ခံကြည့်စမ်း ဗို့ဗို့ အို့အို့. . ."

ဗိုကျား၏နားရွက်ကိုဆွဲပြီး အစ်ကိုကြီးကအနံ့ခံခိုင်း၏။ အစ်ကိုကြီးပါးစပ်က စုတ်ထိုးသံ၊ စုတ်သပ်သံ၊ အနံ့ခံခိုင်းသံတွေ အစုံထွက်နေသလို ဗိုကျားပါးစပ်ကလည်း တဟင့်ဟင့် တအင်းအင်းအသံထွက်၍ အနံ့လိုက်ခံနေ၏။ မကြာပါချေ. . စပါးကြီးမြွေတက်သွားသော ဝမ်းဗိုက်စွပ်ကြောင်းရာကို ချောင်းသီးနှင့်ထိုးပြီး အနံ့ခံနေသောဗိုကျားသည် တအင့်အင့် တအစ်အစ်အသံပေးကာ ယာပေါင်းဖုံးဆိုးထဲ ပြေးတက်သွားလေ၏။

"တွေ့ပြီဦးလေး တွေ့ပြီ၊ စပါးကြီးမြွေနဲ့ ဗိုကျား တွေ့သွားပြီ၊ ဘယ်လိုမှ ပြေးမလွတ်တော့ဘူး လာ လာ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုကျားနောက်ကို ဦးလေးနှင့်ကျွန်တော်တို့ ချက်ချင်းပြေးလိုက်ကြသည်။ အစ်ကိုကြီးကမူ 'ပြောလည်းပြော ပြေးလည်းပြေး'သဖြင့် ကျွန်တော်တို့ရှေ့ကိုပင် ရောက်နေသည်။

"အေးကွ ဟဲ ဟဲ အဲဒါကြောင့် မင်းတို့ဗိုကျား နာမည်ကြီးတာကိုး"

"ခြေရာတွေ့လို့ကတော့ ဟိမဝန္တာထိ 'ပြေးမလား ပြေးချင်သလောက်ပြေး' ဗိုကျားနှာခေါင်းထဲ အနံ့မပျောက်စေရဘူးလေ ဦးလေး။ အဲဒါကြောင့်လဲ မုဆိုးတွေက စပါးတင်းတစ်ရာငါးဆယ် ပေးမယ်လို့ လာဝယ်ကြတာပေါ့ဗျာ"

"အေးကွ မင်းတို့ဗိုကျားက တကယ့်ခွေးကောင်းပဲကွ၊ ဒီလို တောလိုက်ကောင်းတဲ့ခွေးက တို့နယ်မှာ ဆယ်နှစ်တစ်ကောင် ပေါ်ဖို့မလွယ်ဘူး၊ မြို့တောင်မှာ ဆတ်ပျောက်တုန်းကများ မုဆိုးတွေတောင် လက်ချထားတဲ့ဆတ် လွယ်လွယ်နဲ့ပြန်တွေ့မယ်လို့ ဘယ်လူမှမထင်ကြတာ၊ ဗိုကျားလဲ တောထဲဝင်သွားရော ဘာကြာလို့လဲ ကွမ်းတစ်ယာတောင်ညက်မှာမဟုတ်ဘူး အသံပေးတော့တာကိုး"

"ဟုတ်တယ်လေ ဦးလေး၊ ခုလဲ နားထောင်စမ်း ဗိုကျား အသံပေးပလား"

မှန်သည်။ စပါးကြီးမြွေနံ့ကိုခံပြီး ရှေ့က ပြေးလိုက်သွားသော ဗိုကျား၏အသံသည် အစ်ကိုကြီးစကားအဆုံးမှာပင် ပေါ်လာလေပြီ။

"ဝေါင် ... ဝေါင်"

"ဟာ, သေချာပြီဦးလေး၊ ဒါ ဒါ ဗိုကျား သားကောင်တွေ့လို့ လူတွေကို အချက်ပေးတဲ့အသံပဲ၊ စပါးကြီးသည်းခြေက ဦးလေးပြောပုံလောက်ဆို ပလေကပ်လုံကွင်း သုံးလေးထည်တော့ ကျိန်းသေ ..."





"သေချာတာပေါ့ မောင်ထွန်းရာ ငါ့ပေါင်လုံးလောက်ကိုရှိတဲ့ အကောင်ကြီးကွ၊ သည်းခြေက အနည်းဆုံးဂုံညင်းဒိုးတော့ အသာလေးပေါ့"

ဦးလေးပြောစကားအရ သည်းခြေရလျှင် ပလေကပ်လုံချည် အသစ်ဝတ်ရတော့မည်ဟူသော လောဘဇောနှင့် ကျွန်တော်တို့ညီအစ်ကို သုံးယောက်မှာ ချက်ချင်းဗိုကျားထိုးဟောင်နေရာသို့ အပြေးရောက်သွားကြသည်။

ဗိုကျားထိုးဟောင်နေသော နေရာမှာ ဖုံးဆိုးတောထဲက တောင်ပို့တစ်လုံးအောက်ရှိ ကျင်းခေါင်းတစ်ခေါင်းကို ထိုးဟောင်နေခြင်းဖြစ်သည်။ ထိုကျင်းပေါက်ကြီးမှာ ခွေးအများစွန့်ပစ်ထားခဲ့သော ကျင်းပေါက်လား၊ မြွေကောင်များကို မုဆိုးတို့ထောင်ဖမ်းသွား၍ ဗလာချည်းကျန်ခဲ့သော ကျင်းပေါက်လား ဆိုသည်ကိုတော့ အတိအကျမသိကြ။ ကျင်းပေါက်ကြီးမှာ ဗိုကျားကိုယ်ပင် ဆံ့နိုင်လောက်သည်။

သို့သော် ဗိုကျားသည် တောကောင်းသောခွေးပီပီ လူအလာကို စောင့်ကာ အသံပေးနေသေး၏။ ကျွန်တော်တို့အားလုံး ဗိုကျားနားရောက်လာကြသောအခါ ဗိုကျားသည် လူအားကိုးနှင့် ကျင်းထောင်သွား၏။ ဤသည်ကို အစ်ကိုကြီးက အတင်း ခါးကိုဖမ်းဆွဲထားသည်။

"ဟော့ကောင် လွှတ်လိုက်လေကွာ၊ ဘာလို့ဆွဲထားလဲ"

"ဟာ, ဦးဓလေးကလဲ ဒီကျင်းထဲ စပါးကြီးမြွေရှိနေပြီဆိုတာ ဗိုကျားက ကျွန်တော်တို့ကို ပြပြီးပြီလေ၊ ဗိုကျားကို ကျင်းထဲသွင်းလွှတ်လိုက်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ကသာ ကျင်းကို တူးသင့်တူးကြရမှာပေါ့၊ မတော်လို့ မြွေကြီးက ဗိုကျားကို ကျင်းထဲကျပ်ထဲ လုမ်းပေါက်လို့ သေသွားရင် ဘယ့်နှယ်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသာအောင်၏ စကားကို အစ်ကိုကြီးက ပြန်ပြောလိုက်၏။

"ဟဲ့ကောင် စပါးကြီးမြွေဆိုတာ အဆိပ်ရှိတဲ့မြွေမဟုတ်ဘူးကွ မြွေပွေး မြွေဟောက်တို့လို ပေါက်လဲမပေါက်တတ်ဘူး၊ မျိုရင်မျို မမျိုရင် ခွေးလိုပဲဆွဲဟပ် ဖက်ကိုက်တတ်တဲ့မြွေမျိုးပါဟ ဘာမှ စိုးရိမ်စရာမရှိဘူး လွှတ်သာလွှတ်လိုက်စမ်းပါကွာ၊ စပါးကြီးမြွေကိုတွေ့ရင် မင်းတို့ဗိုကျားက ခေါင်းကို ဒါမှမဟုတ်ရင်လဲ ကုပ်ဆက်ကိုကိုက်ပြီး ဆွဲထုတ်လာလိမ့်မယ် လွှတ်လိုက် လွှတ်လိုက်စမ်းပါကွာ"

"ဟုတ်ပါ့မလား ဦးလေး"

"မင်းကလဲ ငါက မဟုတ်ဘဲပြောပါ့မလားကွ၊ ဟုတ်ပါတယ်ဆို စပါးကြီးမြွေတွေ အဆိပ်ရှိတယ်လို့ မင်းကို ဘယ်မှုဆိုးကပြောဖူးလဲ လွှတ်လိုက်စမ်းပါ၊ စပါးကြီးမြွေကိုက်လို့လဲ မင်း ဗိုကျားမသေပါဘူး၊ အေး တစ်ခုပဲရှိတယ်၊ လူမပါရင်တော့ စပါးကြီးမြွေက ဗိုကျားကိုညှို့ပြီး မျိုရင်မျိုမယ်၊ အဲလေ မြွေက ဗိုကျားကိုညှို့ပြီး မျိုရအောင်ကလဲ တို့မပါ ဘာမှမဟုတ်တာ . . .

. . . ဒီကောင် ဒီလောက်ရုန်းကန်ပြီး ကျင်းထဲဝင်ချင်နေတာ ကြည့်ရင် လူသံခွေးသံကြားတာနဲ့ ဒီကျင်းထဲဝင်ပုန်းနေတာတော့ သေချာ ပြီကွ လွှတ်လိုက်စမ်းပါဆို၊ မင်းတို့ဗိုကျား ငါပြောသလို မြွေကြီးကုပ်ဆက်ကို ကိုက်ဆွဲထုတ်လာပါလိမ့်မယ်၊ လွှတ်သာလွှတ်လိုက်စမ်းပါဆို"

ဦးလေးနှင့် အစ်ကိုကြီးတို့ အချေအတင်ပြောနေကြစဉ် ဗိုကျားသည် တောင်ပို့အောက်ရှိ ကျင်းထဲပြေးဝင်ချင်နေသဖြင့် အစ်ကိုကြီးက ခါးကို တအားဆွဲထားသည့်ကြားထဲက ကိုယ်တစ်ပိုင်း ကျင်းခေါင်းထဲဝင်၍ ရုန်းကန်အော်ဟစ်နေသည်။





"ဦးလေး စပါးကြီးမြွေက အဆိပ်မရှိဘူးဆိုတာ သေချာတယ်နော် ဦးလေးကို ဘယ်မှုဆိုးကပြောဖူး . . ."

"ဟာ, အစ်ကိုကြီးကလဲဗျာ စပါးကြီးမြွေဟာ အဆိပ်မရှိဘူးဆိုတာ ဘွန်တော်လဲကြားဖူးပါတယ် လွှတ်လိုက်စမ်းပါ၊ ဗိုကျားက ကျင်းခေါင်းထဲဝင်ဖမ်းချင်လို့ ဒီလောက်ရုန်းကန်နေတဲ့ဥစ္စာ လွှတ်လိုက်စမ်းပါ"

အစ်ကိုလတ်ကလည်း ဦးလေးသာအောင်ဘက်က ထောက်ခံ အကြံပေးစကားဆိုပြီး ဗိုကျားကိုလွှတ်ပေးလိုက်ရန်ပြော၏။

ဤသည်ထိ သူခွေးကိုသူ တစ်စုံတစ်ခုဖြစ်သွားမှာ စိုးရိမ်နေသော အစ်ကိုကြီးက "အေး ဗိုကျား တစ်ခုခုဖြစ်ရင်တော့ မင်းနဲ့ဦးလေးပဲ၊ ငါ့ တာဝန်တော့ မရှိဘူးနော်၊ ဖေဖေ့ကို မင်းနဲ့ဦးလေးတို့ပဲ ကြည့်ပြောကြ"

"အေးပါကွာ ငါ့တာဝန်ထားစမ်းပါ၊ မင်းတို့ ဗိုကျား ဘာမှ မဖြစ် စေရဘူး"

အစ်ကိုကြီးသည် သူ့ခါးကို ဆွဲဖက်ထားသည့်ကြားထဲက အတင်း တအားရုန်းကန်၍ မြေကျင်းထဲ ယက်တွန်းခင်လိုနေသော ဗိုကျားကို ဤ တစ်ခါတော့ လွှတ်ပေးလိုက်ပြီ။ ဗိုကျားသည်လည်း တဝေါ်ဝေါ်အသံ ပေးကာ မြေကျင်းခေါင်းထဲ ဝင်သွားလေ၏။

"မင်းတို့ ဗိုကျားဝင်သွားတာ မြင်တယ်မဟုတ်လား စိတ်ချ ဘာမှ မဖြစ်ဘူး၊ အတော်ကြာ ဗိုကျားက စပါးကြီးမြွေဇက်ကို ကိုက်ပြီးဆွဲထုတ် လာလိမ့်မယ် ကြည့်နေ၊ အဆိပ်ရှိတဲ့မြွေဆိုရင် ဗိုကျားဟာ ဒီလို ရဲရဲဝံ့ဝံ့ မြွေရှိနေတဲ့ကျင်းထဲ ဘယ်ဝင်သွားရဲမလဲ၊ အမြင်ကပဲ ဟောင်ပြီး အသံပေး နေမှာပေါ့၊ ဒီမှာ ငါပြောမယ် မင်းတို့ တစ်သက်လုံးမှတ်ထားကြ တိရစ္ဆာန် တွေဟာ သူတို့အန္တရာယ်ကို သူတို့သိကြတယ် . . .

www.burmeseclassic.com



. . . ခု တကယ်လို့ မြေကျင်းခေါင်းထဲမှာ စပါးကြီးမြွေမဟုတ်ဘဲ မြွေပွေးမြွေဟောက် တစ်ကောင်ကောင်သာ ရှိနေမယ်ဆိုရင် ဗိုကျားတော့ ဘယ်တော့မှ ဒီလိုဗွတ်တရွတ်ကြီး ပြေးမဝင်ဘူးမှတ်၊ အဲဒါ ငါ့ကို မုဆိုး ကျော်ကြီးတစ်ယောက် ပြောဖူးတယ်"

"ဟာ, ဦးလေးဟာ မဟုတ်သေးပါဘူး၊ မြွေကိုက်သေတဲ့ခွေးတွေ အများကြီးဗျ"

"မြွေပွေးမြွေဟောက်ကိုက်ရင်တော့ သေပါတယ်ဆို၊ ခုဟာက မြွေပွေးမြွေဟောက်မှ မဟုတ်တာကွာ စပါးကြီး . . ."

"အဆိပ်ရှိတဲ့မြွေနဲ့ သူတို့အန္တရာယ် သူတို့သိတယ်လို့ ဦးလေးက ပြောလို့ပါ၊ သိရင် ဘာဖြစ်လို့ အကိုက်ခံရပြီးသေ . . ."

"ဟ ဒါ ဒါကတော့ လူတောင် မြွေကိုက်လို့သေသေးတာပဲကွ တစ်ခါတလေမှာ မလွှဲမရှောင်သာတော့လဲ . . ."

"ဦးလေးကလဲ ဒီကောင့်အကြောင်း သိသားနဲ့ဗျာ နားထောင်ကြ စမ်းပါ၊ ကျင်းခေါင်းထဲက ဗိုကျားအော်နေသံကြားတယ်"

ဘယ်လူဘာပြောပြော သူ့ခွေးဗိုကျားအသံကိုသာ နားစွင့်နေသော အစ်ကိုကြီးက ဦးလေးနှင့်ကိုလတ်တို့ကို အော်လိုက်သောအခါမှ အားလုံး မှာ ဗိုကျားအသံကို နားစွင့်လိုက်ကြသည်။ အစ်ကိုကြီးကမူ နားစွင့်ရုံနှင့် အားမရသေးဘဲ ကျင်းဝမြေပြင်ကို နားကပ်ကာ လေးဖက်ကုန်းနားစွင့်လျက် တည့်ငြင့်ငြင့်နှင့် သားကောင်လိုက်သံပေးပြီး မြေကျင်းခေါင်းထဲဝင်သွား သော ဗိုကျားသည် ဦးလေးပြောသလို စပါးကြီးမြွေ၏ ကုပ်ဆက်ကို မိမိရရခဲကာ ဆွဲထုတ်လာတော့မည် ဖြစ်သဖြင့် ကျွန်တော်တို့အားလုံးမှာ မြေခေါင်းကျင်းဝလဲကိုသာ ရင်တမမနှင့် စိုက်ကြည့်နေကြရသည်။





ထိုအချိန်မှာပင် ကျင်းပေါက်ထဲ နားကပ်ထောင်ပြီး မြေပြင်တွင် လေးဖက်ကုန်းနေသော အစ်ကိုကြီးက အထိတ်တလန့်နှင့်ထခုန်လိုက်၏။

ပါးစပ်ထဲကလည်း "ဟိုက်"ဟုအော်ကာ အယုတ္တ၊ အနတ္တတွေ မျိုးစုံထွက်သွားသည်။ အကြောင်းမှာ မြေကျင်းခေါင်းထဲမှ ပုတတ် တစ်ကောင် ထွက်ပြေးလာသဖြင့်ဖြစ်သည်။

မြေကျင်းထဲကထွက်ပြေးလာသော ပုတတ်၏နောက်မှာ ဗိုကျား ကလည်း ထက်ကြပ်မကွာပြေးထွက်လိုက်လာရာ ကျွန်တော်တို့မှာ ပုတတ် နှင့်ဗိုကျားကို ငေးကြည့်ပြီး မင်သက်မိနေကြ၏။ ဗိုကျားသည် တအစ်အစ် အသံပေးကာ ပုတတ်နောက် ပြေးလိုက်သွား၏။

"ဟင်, မင်းတို့ခွေးက တောကောင်းလှချည်ရဲ့ဆိုကွ၊ ခုတော့ စပါး ကြီးမြွေကို ရအောင်မရှာနိုင်ဘဲ ဘာမဟုတ်တဲ့ ပုတတ် ပိန်ညှောင် တစ်ကောင်နောက်ပဲ လိုက်သွားပါလား၊ ဘယ့်နှယ်တုံး မင်းတို့ဗိုကျားက လက်စသတ်တော့ ဖိုးသင်းမျောက် ပါပဲကလား"

"ဘာလဲဦးလေး ဖိုးသင်းမျောက်ဆိုတာ"

သည်အထဲတွင် အငယ်ဆုံးဖြစ်သူ ကျွန်တော်က ဦးလေးစကားကို နားမလည်သဖြင့် မေးမိလိုက်၏။

"မင်းတို့ မကြားဖူးကြသေးဘူးနဲ့တူတယ်၊ ဟိုရှေးတုန်းက ဖိုးသင်း ဆိုတဲ့ လူတစ်ယောက်မှာ အင်မတန်လိမ္မာတဲ့မျောက်တစ်ကောင်ရှိတယ်တဲ့ ဖိုးသင်းနဲ့မျောက်နဲ့ နှစ်ယောက်ထဲဆိုရင် ဖိုးသင်းခိုင်းသမျှ အကုန်လုပ်ပြ တတ်တယ်တဲ့၊ ငိုချင်းချမလား, ဇော်ကမလား, ဘိုလူးထွက်မလား ဖိုးသင်း ပါးစပ်က ဆိုင်းတီးလိုက်တာနဲ့ မျောက်က ချက်ချင်းလိုက်လုပ်တော့တာပဲ တဲ့၊ ဒါနဲ့ ဖိုးသင်းက ဒီမျောက်လိမ္မာနိုင်ပါ ပွဲပြစားရင်တော့ သိပ်ပိုက်ဆံရမှာပဲ

www.burmeseclassic.com



ဆိုပြီး မျောက်ပွဲပြရော ဆိုပါတော့ကွာ၊ လူစုလူဝေးကောင်းတဲ့ ဈေးထိပ်ဆုံမှာ ဖိုးသင်းက သူ့မျောက်ကို အဝတ်အစားသစ်သစ်လွင်လွင်တွေ ဆင်ပေးပြီး 'ကဲ၊ ငါ့သား ဘုရားတကာကြီး ဦးဘိုးစိန် ငိုချင်းချတော့မယ်တဲ့သား လုပ်ပြလိုက်စမ်း၊ အဖေကြီးက သီချင်းဆိုပေးမယ်' ပြောပြီး 'ထဲဟေ့ ကာမ တစ်ဆယ့်တစ်ဘုံမှာ ရာဂမီးဟုန်တွေ တစ်ထောင့်ငါးရာတွေနဲ့ ဟေး ဟေး' လို့လဲ ဖိုးသင်းကဆိုလိုက်ရော မျောက်က ပရိသတ်ဘက်လှည့်ပြီး ငိုချင်းချတဲ့အမူအရာ လုပ်ပြရမယ့်အစား ပရိသတ်ဖက်နောက်ခိုင်းပြီး ဖင်ဖြဲပြလိုက်သတဲ့၊ ဖိုးသင်းက အကြီးအကျယ်စိတ်ဆိုးပြီး သူ့မျောက်ကိုရိုက် ပရိသတ်က တဝါးဝါးတဟားဟားရယ်ကြနဲ့ နောက်တော့ ဖိုးသင်းက သူ့မျောက်သူ စိတ်ဆိုးဆိုးနဲ့ ရိုက်ကိုသတ်ပစ်လိုက်ရောတဲ့၊ ခုလဲ မင်းတို့မွေး ဗိုကျားက ဖိုးသင်းမျောက်ပဲကွ၊ စပါးကြီးမြွေရှာခိုင်းတာ ခုတော့တွေ့လား မင်းတို့ ဖိုးသင်းမျောက် ပုတတ်နောက်လိုက်သွားတာ"

ကျွန်တော်တို့ ညီအစ်ကိုတွေမှာ ပုတတ်ကလေး တစ်ကောင်နောက်ပြေးလိုက်သွားသော ဗိုကျားဘက်ငေးကြည့်ကာ ရှက်ရှက်နှင့်ပြုံးတူပြုံးလျက်။

(၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ၊ ကြီအီးစီရသစုံမဂ္ဂဇင်း)

* * *

# ကျွားသတ်သမား

အချိန်မှာ သက်ငယ်ခေါင်းချချိန်ဟု ပြောကြသည့် ရှစ်နာရီကျော်ကိုးနာရီခန့်သာရှိသေးသည် လူကြီးများမှာ တစ်ဦးတစ်ယောက်မျှ မအိပ်ကြသေး။

ထို့ကြောင့်လည်း ဘန့်ဘွေးကုန်းတစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်သွားချိန်မှာ လူကြီးတွေက ဓားဆွဲ, လှံဆွဲ, မီးတုတ်ဆွဲပြီး အိမ်ပေါ်ကပြေးဆင်းကြသည်။

တစ်ရွာလုံး ရှုတ်ရုတ်သဲသဲဖြစ်သွားသဖြင့် ရွာကိုအုပ်ချုပ်ရသော ရွာလူကြီးမှာလည်း ဘာမှန်းမသိသေးဘဲနှင့် အိမ်ရှေ့တွင်ဆွဲထားသော ခြေကြားမောင်းကြီးကိုသာ မနားတမ်း တဒူဒူ ထုရိုက်နေလေသည်။

လူကြီးတွေ အော်ဟစ်မေးမြန်းကြသံ, ကလေးငိုသံ, ခွေးဟောင်သံ, နွားမြည်သံ, သံပုံးတီးသံ, ဝါးလုံးခေါက်သံတို့နှင့် တစ်ရွာလုံး ကျွက်ကျွက်ညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံဗလံများ ကျဲပါးသွားချိန်တွင် တစ်ဦးနှင့်တစ်ဦး ခေါ်သံ, ထူးသံ, ပြောကြဆိုကြသံများနှင့် ဆူညံလာပြန်၏။

"ဘာတဲ့လဲ . . တော့၊ ဘာဖြစ်တာလဲ"

အိမ်ပေါ်ကမဆင်းရဲသော မိန်းမကြီးတစ်ယောက်သည် သူ့အိမ်ရှေ့က လှံထမ်းပြီးဖြတ်သွားသော မီးတုတ်နှင့်လူကြီးတစ်ယောက်ကို လှမ်းမေး၏။

"မပြောတတ်သေးဘူးဗျို့၊ ရွာဖျားပိုင်းကို သွားမေးမလို့ထွက်လာတာ တစ်ခုခုတော့ တစ်ခုခုပဲ၊ သွားလိုက်ဦးမယ်"

အလျင်စလိုပြောပြီး ရွာသားကြီး ရွာဖျားပိုင်းထွက်သွားသည်။

ထိုအချိန်မှာ စောစောက ကြေးမောင်းကြီးကို တဒူဒူထုနေခဲ့သော ရွာသူကြီးသည်လည်း ရွာဖျားပိုင်းရှိ လူစုလူဝေးများရှိရာသို့ ရောက်နှင့်နေလေပြီ။

အကြောင်းမှာ ရွာထဲကို ဓားပြတွေ ဝင်ခြင်းမဟုတ်၊ ရွာဖျားရှိ ဦးလူမောင်၏နွားခြံထဲမှ နှစ်နှစ်သားနွားငယ်တစ်ကောင်ကို ကျားဝင်ဆွဲသွားခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဓားတွေ, လှံတွေ, မီးတုတ်တွေနှင့် ကျားနောက်လိုက်သူတွေက လိုက်ကြသည်။

သို့သော် ရိုးမတောင်ခြေနားရှိ သူတို့ရွာမှာ တောတောင်ထူထပ်သဖြင့် ကျားကိုလည်းကောင်း၊ ရွာဖျားရှိဦးလူမောင်၏ ခြံထဲမှ ဆွဲသွားသော နွားငယ်ကိုလည်းကောင်း လုံးဝမတွေ့ခဲ့ကြပေ။ တစ်ယောက်တစ်ပေါက် စုပြောပြီး ညသန်းခေါင်ကျော်အချိန်လောက်မှာ လူခြေတိတ်သွားသည်၊ တစ်ရွာလုံး အိပ်ကုန်ကြတော့သည်။





အမှန်က နွားကို ကျားကိုက်သွားခြင်းမှာ သူတို့ဆီ၌ အဆန်းတကြယ်ကိစ္စ မဟုတ်တော့။

ကျားရဲတတ်သော နတ်တော်ပြာသိုလ ရောက်ပြီဆိုလျှင် ယခင်ကလည်း ဤသို့ပင် သုံးနှစ်တစ်ခါ၊ လေးနှစ်တစ်ခါ တန့်ဘွေးကူနီးရွာမှ နွားများမှာ ကျားဆွဲခံရဖူးသည်သာ။ သို့သော် ယခုကဲ့သို့ ရွာဖျားနွားခြံထဲတွင်တော့မဟုတ်၊ ရွာပြင်၌ နွားရုံနွားတဲများ၌သာဖြစ်လေသည်။

ထို့ကြောင့်လည်း နွားကိုကျားကိုက်သွားမှန်း အားလုံးသိရှိသွားကြသောအခါ လူကြီးတွေမှာ တစ်ဦးတစ်ယောက်မှ ထိတ်လန့်တကြားမဖြစ်ကြတော့ဘဲ အားလုံး ကိုယ့်အိမ်ပေါ်ကိုယ်ပြန်တက်ပြီး အိပ်စက်အနားယူလိုက်ကြလေ၏။

သို့သော် နောက်နေ့ နောက်နေ့တွေမှာလည်း ခြံထဲ, တင်းကုပ်ထဲ, နွားရုံထဲရှိ နွားများကို တစ်နေ့တစ်ကောင်ကျ ဝင်ဝင်ဆွဲလာသောအခါ ရွာသူရွာသားတွေမှာ စိုးရိမ်ကြီးစွာ ဖြစ်လာကြသည်။

ကျားဆွဲခံရသော နွားတွေမှာ ဦးလူမောင်၏ နွားငယ်လို နှစ်နှစ်သား နှစ်ခါလည်အရွယ် မဟုတ်တော့ဘဲ လည်သွားတက်ပြီးနွားသိုးကြီးများအထိ အတင့်ရဲလာသည်။

ထိုအခါ သူကြီးအိမ်ရှေ့တွင် လူစုပြီး ကျားပြဿနာကို တိုင်ပင်ကြသည်။ ဤကျားဆိုးကို ရှင်းလင်းသုတ်သင်ပစ်ရန် ရွာမှုဆိုးတွေနှင့် ညှိနှိုင်းကြသည်။ ခက်နေသည်မှာ ဤကျားဆိုးသည် နွားတွေကို တစ်နေ့တစ်ကောင်ကျ ကိုက်နေသော်လည်း အသားကိုမစားဘဲ သွေးသောက်ရုံသာသောက်သွားသော ကျားဖြစ်သဖြင့် မုဆိုးများက နွားသေနှင့်တိုင်းထောင်ဖမ်း၍မရဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးများပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။

နွားသေနှင့် ထောင်ထားသော ကိုင်းထဲကနွားသေကို လာမစား သောကျားကို ကိုင်းထောင်ဖမ်း၍မရနိုင်ပေ။ သေနတ်နှင့်စောင့်ပစ်ရန် ကလည်း သူတို့၏ရွာသူကြီးမှာ ဖစ်ဆယ့်နှစ်ရွာပိုင် သူကြီးမဟုတ်သဖြင့် အင်္ဂလိပ်မင်းများက သေနတ်ထုတ်ပေးမထား။ ဤကိစ္စအတွက် သူကြီး ဖြစ်သူမှာလည်း မျက်နှာငယ်ရသည်။

ထိုအခါ သူတို့နယ်တစ်ဝိုက်တွင် နာမည်ကြီးနေသော "ကျားသတ် ကောင်း" ဦးဂေါ်လာကြီးကိုငှားရန် တိုင်ပင်ကြရသည်။ ဤသည်မှာလည်း သူတို့နယ်တစ်ဝိုက်၌ ထုံးစံလိုဖြစ်နေ၏။ ရွာမုဆိုးများနှင့် ကျားရဲကို ကိုင်း ထောင်ဖမ်းမရလျှင် ကျားသတ်ကောင်း ဦးဂေါ်လာကြီးကို စပါးတင်း သုံးရာပေး၍ ငှားကြရသည်သာ။

ကျားသတ်ကောင်း ဦးဂေါ်လာကြီးမှာ ရိုးမပေါ်ရှိ ရွာတစ်ရွာတွင် နေသူဖြစ်သဖြင့် ရွာသားထဲမှ ခြေမြန်ဖမျိုးသားနှစ်ယောက်ကို အခေါ် လွှတ်ရသည်။

ဘန့်ဘွေးကုန်းရွာမှ အခေါ်လွှတ်လိုက်သူသည် ရိုးမထဲရှိ တောင် ပေါ်ရွာတွင် တစ်ညအိပ်ရသည်။ ထိုတစ်ညမှာပင် ဘန့်ဘွေးကုန်းရွာမှ နွားတစ်ကောင် ကျားဆွဲခံလိုက်ရပြန်သည်။

*

ကျားသတ်ကောင်း ရွာကိုရောက်လာပြီဆိုသောအခါ သူကြီးနှင့် ရွာသူရွာသားတွေမှာ အားလုံးဝမ်းသာသွားကြသည်။ ကျားသတ်ကောင်း သွားခေါ်သူများကလည်း "ကျားသတ်ကောင်း ရလာပြီဗျို့၊ ကျားသတ် ကောင်း ပါလာပြီ"ဟု တစ်ရွာလုံးကို ဗျို့ဟစ်လာ၏။





ထို့ကြောင့် တစ်ရွာလုံးရှိလူတွေမှာ ကျားသတ်ကောင်းကို အားလုံး ဝိုင်းကြည့်ကြသည်။ သူရဲကောင်းကြီးတစ်ယောက် ရောက်လာသလိုလည်း အားရှိဝမ်းသာသွားကြသည်။

ကျားသတ်ကောင်းကို သူကြီးအိမ်တွင်ထားသည်။ ညနေစာထမင်း ကို ကြက်သတ်၍ အကျအနကျွေးကြသည်။ ကျားသတ်ကောင်းဆိုသူ ဦးဂေါ်လာကြီးမှာ အသက်ငါးဆယ်နီးပါးခန့်ရှိသည်။ လူကြီးမှာ အရပ်နိမ့် သော်လည်း တုတ်တုတ်ခိုင်ခိုင်တော့ရှိသည်။ သို့သော် ရွာသူရွာသားများ ထင်ထားကြသလို ဧရာမလူကြီး ဗလကြီးတော့မဟုတ်။ သူတို့ ဘန့်ဘွေး ကုန်းရွာ၌ပင် ကျားသတ်ကောင်းထက် ကိုယ်လုံးကိုယ်ထည် ကြီးမား တုတ်ခိုင်သူတွေ အရပ်မြင့်သူတွေ အများကြီးပင်။

ထို့ကြောင့်လည်း တချို့ကဝေဖန်ကြသည်။ ဒီပုံမျိုးနဲ့ ကျားသတ် နိုင်တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားဟု။ တချို့ကလည်း သူတို့ရွာက- သွားခေါ်သူတွေကို အပြစ်တင်ကြသည်။ "ဒီကောင်တွေ ရမ်းသမ်းခေါ် လာပြီထင်တယ်၊ ကျားသတ်ကောင်း ဦးဂေါ်လာဆိုတာ အစစ်မှဟုတ်ရဲ့ လား၊ ဦးဂေါ်လာက သူ့တပည့်လက်သင်တစ်ယောက်ကိုများ ထည့်လိုက် လေသလား"ဟု။

ရွာသူရွာသားတွေ ထင်မည်ဆိုကလည်း ထင်စရာ။ လူပုံမှာ မလှပ် တလှုပ်၊ ဒွေးတီဒွေးစက်နှင့် ကွမ်းတံတွေးကလည်း တဗျစ်ဗျစ်နှင့်။

သည်ကြားထဲ ဆေးရွက်ကြီးက ငုံလိုက်သေး၏။

ပြီးတော့ ကျားသတ်ရန်လာသည်ဆိုသော သူ့ဆီတွင် လွယ်အိတ် စုတ်တစ်လုံးကလွဲပြီး ဘာလက်နက်မှ ပါမလာ။ ထိုအခါ သူကြီးပင် ကျားသတ်ကောင်းအပေါ် အထင်အမြင်သေးကာ သံသယဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဂေါ်လာကြီးဟာ ကျားသတ်တဲ့နေရာမှာ သိပ်နာမည်ကြီးတာပဲ တစ်နယ်လုံး ဟိုးဟိုးကျော်နေပေမယ့် လူချင်းတစ်ခါမှ မကြုံဖူးတော့ ရွာရွာ ရွာသားတွေက ဟုတ်မှဟုတ်ရဲ့လားတောင် မေးနေကြတယ်"ဟု သူကြီးက စကားနာထိုးကြည့်၏။

ဦးဂေါ်လာကြီးက ပြုံးပြီး . . "ဟုတ်ပါတယ် ကျုပ် ဂေါ်လာပါ ဒီညတင်ပဲ ခင်ဗျားတို့ရွာက ကိုက်တဲ့ကျား ကျုပ် သတ်မှာပါ။ ရွာကို အရောက်နောက်ကျသွားတာက ခင်ဗျားတို့ရွာက လာခေါ်တဲ့လူတွေကို ကျားကိုက်ခံရတဲ့ နွားခြံတွေ ကျားကမစားဘဲ နွားသေကို ဒီအတိုင်းပစ် ထားခဲ့တယ်ဆိုတဲ့ နေရာတွေကို လိုက်ပြခိုင်းနေရလို့ပါ၊ ကျုပ် အကုန် ကြည့်ခဲ့ လေ့လာထားခဲ့ပါပြီ အားလုံးအဆင်ချောပါတယ်၊ ဒီည ကျုပ် ကျားသတ်ထွက်မှာပါ"ဟု ဆိုသည်။

"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ ကျားသတ်ကောင်းခင်ဗျား၊ ကျားသတ်မယ်သာပြောတာ ခင်ဗျားလက်ထဲမှာလဲ ဘာလက်နက်မှ မပါ တော့"ဟူသော သူကြီးမင်း၏စကား မဆုံးခင်ပင် ကျားသတ်ကောင်းက သူ့လွယ်အိတ်စုတ်ကို ပုတ်ပြပြီး "ဒီအိတ်ထဲမှာ ပါပါတယ်"ဟုပြော၏။

လွယ်အိတ်ထဲ ပါပါတယ်ဟုဆိုသော်လည်း သူကြီးနှင့်တကွ ရွာ သားတွေမှာ အားမလိုအားမရ ဖြစ်နေကြသည်။ "ပါတယ်သာပြောတာ ကျုပ်တို့မြင်တာတော့ သူ့ကွမ်းဘူးရယ်၊ ဆေးရွက်ကြီးတွေရယ်ပဲ မြင်တာပဲ" ဟု တီးတိုးတီးတိုး ပြောနေကြပြန်သည်။ ညနေစာ ထမင်းစားသောက်ပြီး သည်နှင့် ကျားသတ်ကောင်းသည် သူ့လွယ်အိတ်ထဲက ရေနံဆီထည့်လာ သော ပုလင်းငယ်တစ်လုံးကိုထုတ်သည်၊ ပြီးတော့ ကြိုးစတစ်ဖက်တွင် ရေနံဆွတ်ထားသော အဝတ်စုတ်တွေကို ပတ်နေ၏။





အနားမှာထိုင်ကြည့်နေသူတွေက မယုံသင်္ကာစိတ်နှင့် "ကျားကို အဲဒါနဲ့သတ်မှာလား"ဟု မေးကြ၏။

"မဟုတ်ပါဘူးဗျာ၊ ဒါက ကျားခေါ်တဲ့ပစ္စည်းပါ။ ကျားသတ်မှာက ဒါလေ"ဟုပြောပြီး သူ့လွယ်အိတ်စုတ်ထဲက စရွေးကိုက်လုပ်ထားသော တစ်ထွာနီးပါးခန့်ရှိ ရှားသားတုတ်နှစ်ချောင်းမှာ နှစ်ဖက်စလုံး မြည့်နေ အောင်ချွန်ထားသော အချွန်လေးဖက်နှင့်ဖြစ်သည်။

အလယ်က မူလီစုပ်ထားသော ရှားသားတုတ်တို နှစ်ချောင်းကို ဖြန့်လိုက်သောအခါ လေးဖက်လေးစွယ်ဖြစ်သွားသည်။

ထိုရှားသား လေးဖက်လေးစွယ်ကို ညာလက်ချောင်းများကြားထဲ ထည့်ပြီး ကျားသတ်ကောင်းက လှည့်ကစားကြည့်၏။ ပြီး သူ့ထုံးစံအတိုင်း ပြုံးပြီး "ကျားကို ကျုပ်က ဒါနဲ့ သတ်မှာ" ဟုဆိုသည်။

ယခုထိ လူတွေက မယုံရဲကြသေး။

"ရှားသားတုတ်တိုလေး အချွန်လေးဖက်နဲ့များ ကျားရဲကြီးကို ဘယ်လိုလုပ်သတ်နိုင်မလဲ"ဟု တီးတိုးပြောကြတုံး။

သို့သော် ကျားသတ်ကောင်းဦးဂေါ်လာကြီးကား လူတွေ တီးတိုး တီးတိုး သဖန်းပိုးလုပ်နေကြသည်ကို လုံးဝဂရုမစိုက်။

သူ့လက်ထဲတွင် လေးဖက်အစွယ်နှင့် ရှားသားတုတ်တိုလေးကိုသာ လက်ထဲထည့်လိုက်, လှည့်လိုက်, ပြန်ကိုင်လိုက် လုပ်နေလေသည်။

✳

ကျားသတ်ကောင်း ဦးဂေါ်လာသည် ညခုနစ်နာရီကျော်လောက် မှာ ရွာကထွက်လာသည်။ ရွာမှဆိုးနှစ်ယောက်နှင့် ကြည့်ချင်မြင်ချင်သော လူများကိုလည်း ရွာပြင်ဘက်ခေါ် ထုတ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှာကြားနှင့် ရိုးမကြားရှိ လယ်ကွင်းနားတစ်ခု ရောက်သောအခါ ရှာမုဆိုးနှစ်ယောက်နှင့် ရွာသားကြီးလေးငါးယောက်ကို နီးရာသစ်ပင်ပေါ် တက်ပြီးကြည့်နေကြတော့ဟု ပြောလိုက်သည်။

သူကမူ ဘယ်ဘက်တွင်ကိုင်လာသော ကြိုးစမှ ရေနံဆွတ်ထားသော အဝတ်စကို မီးညှိလိုက်ပြီး စက်ဝိုင်းပမာဖြစ်အောင် လှည့်ကစားနေသည်။

ညာဘက်ကမူ အချွန်လေးဖက်နှင့် အလယ်က စနှေးကိုက်မှုသိ စုပ်ထားသော ရှားသားတုတ်တိုလေးကို မြဲမြဲကိုင်ကာ နပန်းသမား တစ်ယောက်ပမာ ဟန်ပါပါလှည့်ပတ်နေသည်။

မကြာခင်ပင် ကျားဟိန်းသံကြီးတစ်ခု ပေါ်လာ၏။

သစ်ပင်ပေါ်က တက်ကြည့်နေကြသော ရှာမုဆိုးနှစ်ယောက်နှင့် ရွာသားသုံးယောက်မှာ ကျားသတ်သမားကြီး ဦးဂေါ်လာကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

ကျားကြီးသည် ဦးဂေါ်လာအနား ချက်ချင်းရောက်လာ၏။

ဦးဂေါ်လာ၏ ဘယ်ဘက်ရှိမီးကွင်းက ပို၍လျှပ်ပတ်လာသည်။

ထိုမီးကွင်းအရောင်နှင့်ပင် ကျားကြီးက ဦးဂေါ်လာအား လှည့်ပတ်ချောင်းနေသည်ကို သစ်ပင်ပေါ်ကကြည့်နေသော ရှာမုဆိုးနှစ်ယောက်နှင့် ရွာသားသုံးလေးယောက်က မြင်နေကြရသည်။

ကျားကြီးနှင့် ဦးဂေါ်လာတို့မှာ တစ်ဦးနှင့်တစ်ဦး လှည့်ပတ်အကွက်ရှာနေကြသည်။ ကွမ်းတစ်ယာညက်ခန့်အကြာတွင် ကျားကြီးသည် မုဆိုးထိုင်ထိုင်ကာ မီးကွင်းလှည့် ကစားပြနေသော ဦးဂေါ်လာကြီးကို "ဝေါင်း"ခနဲ ဟော်ပြီးခုန်အုပ်လိုက်သည်။





ကျားသတ်သမား ဦးဂေါ်လာကြီးသည် ခုန်အုပ်လိုက်သော ကျားကြီး၏ပါးစပ်ထဲကို သူ၏ညာလက်တွင်ကိုင်ထားသော လေးဖက်ချွန် ရှားသားတုတ်ကို ပါးစပ်ထဲ တအားထိုးထည့်လိုက်လေ၏။

ကျားကြီးမှာ "ဝေါင်း"ဟုပင် နောက်ထပ် မဟော်နိုင်တော့ဘဲ "ဝရှူး ဝရှူး ရှူး ဟူး"ဟူသော ဝမ်းခေါင်းသံကြီးနှင့်အတူ ဗလုံးဗထွေးအော်ကာ ထွက်ပြေးသွားလေသည်။

ကျားသတ်ကောင်း ဦးဂေါ်လာကြီးသည် ထိုအခါမှ ရှာမုဆိုး နှစ်ယောက်နှင့် ရွာသားတွေကို သစ်ပင်ပေါ်ကဆင်းခိုင်းသည်။

"ကဲ, ကျားဆိုးကြီးတော့ ပါးစပ်ထဲ ရှားသားစူးသွားပြီ ဘာကောင်ကိုမှ မကိုက်နိုင်တော့ဘူး၊ ခုလောက်ဆို ပါးတွေ အာခေါင်တွေတောင် ပေါက်ကုန်ပြီးနေမှာ၊ အဲဒီတော့ ရှာမုဆိုးကြီးနှစ်ယောက် တာဝန်ယူပြီး မနက်ဖြန်ခါ ကျားသေကိုဆက်ရှာကြတော့၊ ကျုပ်တော့ မနက်ဖြန်မနက်ပဲ ကိစ္စရှိသေးလို့ တောင်ပေါ်ပြန်ပါရစေ" ဟု ပြောလိုက်၏။

မနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် ကျားသတ်သမား ဦးဂေါ်လာသည် မနက်စာပင်မစားဘဲ တကယ်ပင်တောင်ပေါ်ပြန်တက်သွားလေ၏။

ရှာမုဆိုးနှစ်ယောက် ဦးဆောင်ကာ ဦးဂေါ်လာသတ်ထားခဲ့သော ကျားသေကို ခွေးတွေနှင့်ဝိုင်းရှာကြသည်။

လျှိုတစ်ခုတွင် ကျားကြီးကိုတွေ့ရ၏။ ကျားကြီးကမူ မသေသေး။

သို့သော် ကျားသတ်သမားဦးဂေါ်လာ ပြောထားခဲ့သလို ကျားကြီး မှာပါးဝပ်ကို ဘယ်လိုမှစေ့မရတော့။

ရှားသားတုတ် အချွန်လေးဖက်က အာခေါင်နှင့်ပါးကိုစူးကာ ဝရှူး ဝရှူးနှင့် အော်ညည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးနှစ်ဖက်ကို ဖောက်ထွက်စူးဝင်နေသော ရှားသားဆူး [illegible] တစ်ခုမှာ အပြင့်သို့ နှစ်လက်မလောက်ပင် ထိုးထွက်နေသည်။

အပေါ်အာခေါင်နှင့် အောက်မေးကို ထောက်စူးဝင်နေသော ရှားသားဆူးနှစ်ဖက်ကြောင့် ကျားကြီးမှာ ရန်မူလာသူများကို ကိုက်[illegible] မဆိုထားနှင့် ပါးစပ်ကိုပင် ပြန်စေ့မရဖြစ်နေလေသည်။

ထို့ကြောင့် ရွာမှဆိုးကြီးနှစ်ယောက်နှင့် ရွာသားကြီးတွေမှာ သူ[illegible] ကျွဲနွားများကို ကိုက်သတ်စားခဲ့သော ကျားဆိုးကြီးအား ကလဲ့စားချေ[illegible] လှံတွေနှင့် ရဲရဲဝံ့ဝံ့ ဝိုင်းထိုးသတ်ပစ်လိုက်ကြလေသည်။

(၁၉၉၀ ခုနှစ်၊ မတ်လ၊ စပယ်ဦးမြန်မာ၀တ္ထုတိုမဂ္ဂဇင်း)

***

## ဆင်သမားနှင့်ကျားရဲတစ်ကောင်

စမ်းချောင်းတစ်ခုအနားရှိ အိုက်လောလူတို့ဆင်စခန်းမှာ တဲငါးလုံးသာရှိသည်။ ထိုတဲငါးလုံးတွင် ဆင်ဦးစီးမိသားစု ငါးစုနေထိုင်ကြသည်။

ဆင်ဦးစီးတိုင်းသည် မနေ့က အလုပ်သိမ်း၍ စားကျက်သို့မောင်းလွှတ်လိုက်သော မိမိတို့၏ဆင်များကို ဤနေ့မနက်တွင် သူ့ဆင်ကိုယ့်ဆင်ရှာဖွေ၍ ရုံ့အောင်ပြန်ကောက်ကြရသည်။ ထို့ကြောင့် အလုပ်စခန်းစောစောဝင်နိုင်ရန် မိုးမလင်းမီကပင် ဆင်နောက်လိုက်ကြရလေသည်။

"ပွဲနေ့ဝင် ဆင်ညကောက်" ဆိုသကဲ့သို့ အိုက်လောလူသည် မိုးမလင်းမီကပင် ဆင်ကောက်ထွက်လာရလေသည်။

ဆင်ဦးစီးတစ်ယောက် ဆင်ကောက်သွားရာ၌ ရိုးရာအယူအဆများရှိ၏။ ဆင်ကောက်ရန်သွားသော ဆင်ဦးစီးသည် ဆင်ထူးလမ်းကြောင်းပေါ်၌ အလေးအပေါ့မသွားရ။ တံတွေး မထွေးရ။ အကယ်၍ထိုသို့ ပြုလုပ်မိလျှင် ကျားနှင့်တွေ့ရတတ်သည်။ သို့မဟုတ် ဆင်ပျောက်တတ်သည်ဟု အယူရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com





အမှန်မှာ ဆင်ဦးစီးသည် ဆင်ကောက်သွားရာ၌သာ စည်းကမ်း[illegible] သည်မဟုတ်၊ ဆင်ဝိုင်း ဆင်စခန်း၌နေစဉ်တွင်လည်း စည်းကမ်းရှိရသည်[illegible]

ဆင်စခန်းတွင်နေစဉ် သူများသားမယားကို မကျူးလွန်ရ။ သူ[illegible] ပစ္စည်းကို မခိုးယူရ အကယ်၍ ကျူးလွန်မိပါလျှင် ဆင်နင်း၍ သေ[illegible] သည်ဟု အယူရှိကြသည်။

ဆင်ဦးစီးတစ်ယောက်သည် မိန်းမယူပြီဆိုလျှင်လည်း ဆင်ဝိုင်း[illegible] လူအားလုံးကို အသိပေး၍ ဥဒိန္နနတ်ပြရသည်။

အချို့ကလည်း "ခေါ်ကာရီနတ်၊ ခုကာရီနတ်" ဟု ဒေသ[illegible] လိုက်၍ အမျိုးမျိုးခေါ်ကြသည်။

ဆင်ဦးစီးတစ်ယောက် မိန်းမယူလျှင်သာမဟုတ် လူသစ်တစ် ယောက် ဆင်ဝိုင်းထဲဝင်လာလျှင်လည်း နတ်ပြရသည်။

ဥဒိန္နနတ်ပြရခြင်းမှာ ဆင်စခန်းအနား၌ နတ်စင်ဆောက်လုပ်ပြီး ထိုနတ်စင်နားတွင် ဆင်သမားအားလုံး ဝိုင်းဖွဲ့ကာ မိန်းမရသူဆင်ဦးစီးက သူ မိန်းမရပြီဖြစ်ကြောင်း ကြေညာရသည်။ အသိအမှတ်ပြုပါရန် ပန်ကြား ရသည်။

ထိုနတ်ပြသောနေရာသို့ မိန်းမများ လုံးဝမဝင်ရ။ ဘယ်မိန်းမကိုမှ ခေါ်မလာရ၊ ဖိနပ်မစီးရ၊ ခေါင်းပေါင်း မပေါင်းထားရ၊ နတ်စင်တွင် မုန့်ဖြူ မုန့်နီတင်၍ အချို့ရပ်ကွက်တွင် မင်္ဂလာဆောင်သလို စားပွဲသောက်ပွဲ များပင် စခန်း၌ ကျင်းပလေ့ရှိကြသည်။

တောထဲတောင်ထဲသို့ နံနက်စောစော ဆင်ကောက်သွားရသော ဆင်ဦးစီးသည် မိမိဆင်ခြေရာပုံပန်းသဏ္ဌာန်အရွယ်နှင့် မိမိဆင် ထူးခြား ချက်များကို အပ်ကျမပ်ကျသိရသည်။







ဥပမာ - မိမိဆင်သည် ဆင်ဟိုင်းဖြစ်နေပါက ခြေရာသည်ဝိုင်း နေရမည်။ နောက်ခွာသီး ရှေ့ခွာသီးတို့ကိုလည်း မှတ်သားထားရသည်။

ဆင်၏ စားဖတ်စားကျန်များ လွှင့်ပစ်တတ်သော အလေ့အကျင့် များကိုလည်း သတိထားရသည်။

ဥပမာ - ကျူပင်တစ်ပင်ကို ဆင်ကချိုးစားရာ၌ အရင်းပိုင်းကျူရင်း ဘက်ကို ဆင်သည် ထူးလမ်း၏ ဘယ်ဘက်ပစ်သလား၊ ညာဘက်ပစ် သလား ဂရုစိုက်ကြည့်ရှုရသည်။ ဘယ်ဘက်ကိုပစ်တက်သော ဆင်ဆိုသည် အမြဲ ထူးလမ်း၏ဘယ်ဘက်ကိုသာ ပစ်တတ်သဖြင့် မိမိဆင်မှာ ဘယ် ပစ်လား ညာဖစ်လား မှတ်ထားရသည်။

ထူးလမ်းဆိုသည်မှာ ဆင်သွားရာ၌ တန်းလန်းပါသွားသောသံကြိုး ဆွဲသွားရာ လမ်းကြောင်းကိုခေါ်သည်။

မိမိဆင်ခြေရာနှင့် ဆင်၏စားဖတ် ဘယ်ပစ်ညာပစ်ကိုတွေ့လျှင် ဦးစီးသည် ခြေရာခံ၍လိုက်သွားရ၏။

ထိုလမ်းထဲတွင် ညက ဆင်နားသွားသောနေရာ သို့မဟုတ် ခေတ္တ မှေးအိပ်သွားသောနေရာကို ဂရုစိုက်ကြည့်တတ်ရသည်။

ဆင်ချေးတုံးသစ်များကိုတွေ့လျှင် ချေးတုံးတစ်ပုံကို ခြေနှင့်ကန်၍ ကြည့်ရ၏။

ချေးတုံး၏ အတွင်းသဏ္ဌာန်ကိုကြည့်၍ ဆင်သည် ညက ဝါးကို စားသလား၊ ကျူပင်ကိုစားသလား ခွဲခြားသိရသည်။

ဥပမာ - ညက ဝါးကိုချည်းစားလျှင် မိုးလင်းပိုင်း၌ ကိုင်းမြက်များ ကိုစားရန် ချောင်းကမ်းပါးကိုင်းတောထဲသို့ ကေန်သွားပြီဟု ယူဆတတ် ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်၏ ပင်ကိုထူးခြားချက်မှာ လူတို့က ဟင်းချို ဆီပြန် အစ အစပ်သုပ်များကို မျှ၍စားသလို ဆင်သည်လည်း ဝါး၊ ကန္ဒ၊ သစ်ခေါင်၊ သစ်ရွက်၊ မြက် စသည်တို့ကို မျှမျှတတစားတတ်သည်။

ထို့ကြောင့် ကိုင်းတောရှိရာသို့လိုက်ရန် တောတောင်ရှေ့ အခြေအနေကိုလည်း သိထားရသည်။

ဤတောတောင်ထဲ၌ ဘယ်နေရာတွင် ကျူတောရှိ၍ ဘယ်နေရာ တွင် ဝါးတောရှိသည်ကို သိထားလေမှ နေမမြင့်မီ ဆင်ကောက်၍ ပေမည်။

ထို့ကြောင့် ကိုင်းတောထဲရောက်လာသော အိုက်လောလူသည် သူ့ဆင်ကို ကိုင်းတောထဲ၌မတွေ့သောအခါ ခလောက်သံကိုနားစွင့်ရ၏။

သူ့ဆင်မှာ ဆင်ဆိုးစာရင်းဝင်ဖြစ်သဖြင့် သံခလောက်ဆွဲပေးထား ရသည်။

သူ့ဆင် "ဗိုစိန်"၏ ခလောက်သံကို ဖျဉ်းမတောင်၊ အင်တောဘက် မှကြားရသဖြင့် ဆက်လိုက်လာသည်။

သစ်ပင်ကိုင်းခက်လက်ရှိ ရိုးတံတို့အကြိုအကြားမှာ နေရောင်ခြည် တန်းများကား တစ်တောလုံး ဖစ်တောင်လုံးကို ဖြန့်ကြက်ထားလေပြီ။

ငှက်ကလေးများနှင့် တောကြက်တို့၏ တွန်သံမှာလည်း အရပ်ရှစ် မျက်နှာ၌ ညံစီနေလေပြီ။

တောငှက်တိရစ္ဆာန်တို့၏ တွန်သံ မြည်သံကြားတွင် ဗိုစိန်၏ ခလောက်သံကို ကြားရသောအခါ အိုက်လောလူ ဆက်လိုက်လာသည်။

သခင်လိုက်လာပြီဆိုသည်ကို ဗိုစိန်သိအောင်ဟု အိုက်လောလူက သီချင်းတစ်ပုဒ်ကို ဟစ်ဆို၍ အသံပေးလိုက်၏။





"ဘာမပိုတာ ဝေငှလိုက်တော့ . . . ရာဇဂြိုဟ်သာကေတရယ်နဲ့ . . . တရာဏရယ်တဲ့ တက္ကသိုလ် . . . အညီထွေးလိုက်တော့ . . . ဤ သေးပြည်အလယ်ဗဟိုရ်ထင် . . . ဟင့် ဟင့်"

အိုက်လောလူ၏ သီချင်းသံမဆုံးခင်မှာပင် သူ့နောက်မှ သစ်ရွက် ခြောက်များကို နင်းလိုက်သံလိုလို ကြားလိုက်ရသဖြင့် နောက်သို့လှည့် ကြည့်မိလိုက်၏။

ရုတ်ချည်း အိုက်လောလူ ခေါင်းနပန်းကြီးသွားသည်။

ကျားကြီးတစ်ကောင်သည် သူ့ကိုကိုက်သတ်ရန် ဘယ်နေရာကပင် ချောင်းမြောင်း လိုက်လာသည်မသိ။

ယခု သူ သီချင်းအော်ဆိုလိုက်၍ ရုတ်တရက်လန့်သွားရာမှ ကျားခြေသံကို ကြားလိုက်ရသည်။

သို့သော် ကျားကြီးက သူ့ကိုမူပုံမရ၊ ကုပ်ချောင်းကုပ်ချောင်းနှင့်သာ သူ့ဆီ တိုးလာနေသည်။

မည်သို့ လုပ်ရမည်နည်း။

အိုက်လောလူ ကိုယ်ပေါ်တွင် လက်နက်ဆို၍ ဆင်ချွန်းနှင့် ဓားမြှောင်တစ်လက်သာပါသည်။

ဓားမြှောင်တောင်မှ သူ့ဆင်ဗိုစိန် တစ်ခါတစ်ခါဗွေဖောက်တတ် သော ဆင်ဆိုးစာရင်းဝင်မို့သာ။

"ဟေး . . . ဟေး"

အိုက်လောလူ အော်ဟစ်ခြောက်လှန့်၏။

ကျားဆိုးကြီးမှာ မကြုံဖူးလောက်အောင် မာန်ဖီကာ သူ့ဆီသို့သာ တန်းတန်းမတ်မတ်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟေး ဟိုင်း ဟေးဟု အော်နေ ခြောက်လှန့်နေသံကိုထင် မခန့်ဘဲ အိုက်လောလှကို "ဝေါင်း"ခနဲအသံနှင့်အတူ ခုန်အုပ်လိုက်လျှင် အိုက်လောလှ အရှောင်မမြန်လျှင် ကုပ်ကိုခဲပြီးသား ဖြစ်သွားနိုင်သည်။

ပြေး၍ ဘယ်လိုမှမလွတ်တော့သည်ကို အိုက်လောလှသိသည်။ ဆင်လိုက်လျှင် လှည့်ပတ်ပြေးက လွတ်နိုင်သေး၏။

ကိုယ်ခန္ဓာကြီးသော ဆင်သည် အလှည့်အကွေ့၌နှေးကွေးသည်။ ဖျတ်လတ်သောကျားကမူ အလှည့်အကွေ့လည်းမြန်သည်။

ထို့ကြောင့် အိုက်လောလှသည် သွေးရူး သွေးတန်းနှင့် ရမိရာ တွေ့မိတွေ့ရာ သစ်ပင်တစ်ပင်ပေါ် တွယ်တက်ပြေးရတော့၏။

သစ်ပင်ပေါ်ရောက်မှ အိုက်လောလှက သူ့အမှားသူ သတိရမိပြန် ၏။ ကျားလိုက်လျှင် နွယ်ပင်, ဒိုးပင်, ဆင်တုန်းမနွယ်ပင်များ လိမ်ရှေ့ ရစ်ပတ် အထပ်ထပ်တက်နေသော သစ်ပင်မျိုးပေါ်သာ တက်ပြေးရသည်။

ကျားမှာ လူလို နွယ်ပင်များကို ဆွဲကိုင်ဖက်တွယ်၍တက်နိုင်သော တိရစ္ဆာန်မျိုးမဟုတ်။ နွယ်ပင်, ဒိုးပင်များကို ကျားက ကုတ်ခြစ်၍မခြတ်။ ကျားတက်လာသည်နှင့် နွယ်ပင်များယိမ်းလူးကာ ကျားပြုတ်ကျတတ် သည်။

ယခု အိုက်လောလှတက်ပြေးနေမိသော သစ်ပင်မှာ အင်ပင်ဖြစ် သဖြင့် အောက်ခြေရှင်းသည်။ ပင်စည်ကလည်း လူကြီးပေါင်လုံးလောက် သာရှိပြီး ခပ်ကိုင်းကိုင်းဖြစ်နေရာ ကျားတက်လာမည်ဆိုလျှင် တက်လာ နိုင်သည်။

အိုက်လောလှသည် ကြောက်ကြောက်နှင့်အင်ပင်ပေါ်က ကျားဆိုး ကြီးကို ငုံ့ကြည့်လိုက်၏။





သူ ဤသစ်ပင်ပေါ် တက်သွားသည်ကို မြင်လိုက်သော ကျားဆိုး ကြီးကလည်း သူ့ကိုမော့ကြည့်ကာ မာန်ဖီနေ၏။

အိုက်လောလှ စောစောက ထင်ထားခဲ့သည့်အတိုင်းပင် ကျားဆိုး ကြီးသည် သူ့ကိုမြင်လိုက်သည်နှင့် သစ်ပင်ပေါ် ကုတ်ခြစ်တက်လာတော့ သည်။

"ကူကြပါဗျို့ . . ကူကြပါ ကျုပ်ကို ကျားလိုက်လို့ကူကြပါဦး၊ ဒီအနားမှာ ဆင်သမားများ မရှိကြဘူးလား၊ ကျုပ်ကို ကျား ကျားလိုက် နေလို့ ကူ . . ကူကြပါဦး"

အိုက်လောလှမှာ အော်လည်းအော် သစ်ပင်အမြင့်ပေါ် တက် လည်းတက်နှင့် ဇောခြွေးတွေပြန်နေ၏။

သူ အသံကုန်အော်ဟစ် အကူအညီတောင်းနေသော်လည်း သူ့ကို ကူမ,လာမည့် ဆင်သမား တစ်ဦးတစ်ယောက်၏ အသံကိုမျှမကြားရ။

သူအော်လိုက်သဖြင့် ကျားဆိုးကြီးကသာ အတင့်ရဲစွာ သစ်ပင် ပေါ် ကုတ်ခြစ်တက်လာနေသည်။

"ကူကြပါဦးဗျို့ . . ကူကြပါဦး . . ကျုပ်ကိုကျား . . ကျားလိုက် ကိုက်နေလို့ပါ"

အိုက်လောလှ အသံကုန်အော်လိုက်သံမှာ တောသံတောင်သံ အဖြစ်သာ ပဲ့တင်ပြန်ထပ်လာသည်။ ဆင်သမားများအသံဆို၍ကား အရိပ် အယောင်မျှပင်မကြားရ။ အိုက်လောလှမှာ ပို၍အားငယ်သွားသည်။

ကျားကြီးကလည်း သူမည်မျှ အော်ဟစ်ခြောက်လှန့်နေသော်လည်း သစ်ပင်ပေါ်ကိုသာ တက်မြဲ မရအရကုတ်ခြစ်တက်လာနေ၏။

အိုက်လောလှ ကြားဖူးနားဝတစ်ခုကို သွားသတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားဆရာကြောင်သည် ကျားကို သစ်ပင်တက်သာသင်ပေးပြီး ဆင်းနည်းကို သင်မပေးသွားဘဲ ဆရာစားချန်ထားခဲ့သည်။ ထို့ကြောင့် ကျားများသည် သစ်ပင်ပေါ်သာ တက်တတ်သော်လည်း အဆင်းတို့ ကြောင်လိုမဆင်းတတ်၊ အတက်သာ ကြောင်လိုတက်တတ်သော်လည်း အဆင်းတွင် ကြောင်ဆင်းမဆင်း ကြောင်ကျမကျဘဲ ခွေးကျ ကျတတ်သည်ဟုဆိုသည်။

သို့သော် ယခုခက်နေသည်မှာ သူသည် အင်ပင်ကိုင်းဖျားကိုင်းနားကိုခိုတွဲကာ ဆင်းပြေးရန်မှာ ဘယ်လိုမှမဖြစ်နိုင်ပေ။

သူသည် ဝါးတစ်ရိုက်မကမြင့်သော အင်ပင်ပေါ်သို့ ရောက်နေလေသည်။

ကြောက်ကြောက်နှင့် ခုန်ချလျှင်လည်း ကျားကိုက်၍ မသေခင် ခါးရိုးကျိုး အရင်ခံရပေဦးမည်။

ကျားဆိုးကြီးသည် သူအော်လိုက်တိုင်း ပို၍ဒေါသထွက်ကာ အင်ပင်ပေါ်သာ မရအရကုတ်ခြစ်တက်လာနေသည်။ ကျားဆိုးကြီးနှင့် အိုက်လောလူတို့မှာ လက်တစ်ကမ်းအလိုသာရှိတော့သည်။ အင်ပင်မှာ လူကြီးပေါင်လုံးခန့်သာရှိသဖြင့် အပေါ်ကိုလည်း ဆက်တက်၍မရတော့။

အိုက်လောလူမှာ ပို၍ကြောက်၊ ပို၍ဇောချွေးတွေပြန်ကာ ကြံမရဖြစ်နေစဉ် သူ့ခါးမှပေါက်ချိပ်ထဲက ဆင်ချွန်းနှင့်ဓားမြှောင်ကို ယခုမှ သတိရသွားလေသည်။

ထိုအချိန်မှာ ကျားဆိုးကြီးသည် သူ့ကို ပထမဦးဆုံးအကြိမ် လက်နှင့် စတင်လှမ်းပုတ်လာသည်။ သူက ဓားမြှောင်နှင့် လှမ်းရမ်းပြန်တွက်လေ၏။ ကျားကြီးလက်ကို ဓားမြှောင်ဦးဖျား ထိသွားပုံရသည်။





အိုက်လောလူက ကျားဆိုးကြီးကို စသလိုဖြစ်သွားသဖြင့် ကျားဆိုးကြီးမှာ ပို၍ဒေါသထွက်လာသည်။

ခြေနှစ်ဖက် လက်တစ်ဖက်နှင့် ပေါင်လုံးလောက်ရှိသော အင်ပင်ကို အမိအရကုတ်ခြစ်ထားကာ လက်တစ်ဖက်ကို အကြိမ်ကြိမ်အသုံးချတိုက်ခိုက်လာသည်။ ပါးစပ်နှင့် ဟပ်ကိုက်နိုင်ရန်လည်း ခါးကိုကုန်းပြီး အားယူမာန်ဖီလာသည်။

အင်ပင်ကိုင်းမှာ ခပ်ကိုင်းကိုင်းဖြစ်နေသဖြင့် ခြေနှစ်ချောင်းလက်တစ်ဖက်နှင့် သူ့ကိုယ်လုံးကြီးကို မနိုင်မနင်းဒေါသတကြီးလည်း ထိန်းထားနေရ၏။

အိုက်လောဇူမှာလည်း ကျားကြီးနည်းတူ လက်ဝဲလက်က အင်ပင်၏ပင်စည်ကို မြဲမြဲဖက်တွယ်ကာ လက်ယာလက်နှင့် ဓားမြှောင်ကို မြဲမြဲဆုပ်ကိုင်ပြီး ကျားကြီးလှမ်းပုတ်လိုက်တိုင်း ကျားကြီးကိုဓားမြှောင်နှင့် ပြန်၍လှမ်းတွက်နေရသည်။

ကျားတစ်ပြန် လူတစ်ပြန်ဖြစ်နေရာမှ လက်တစ်ဖက်ဒဏ်ရာရသွားသော ကျားဆိုးကြီးသည် အားမာန်သွင်းကာ အိုက်လောလူကို လှမ်းကိုက်သည်။

အိုက်လောလူကလည်း ဓားမြှောင်နှင့် ထိရာမိရာကို လှမ်းတွက်လိုက်သည်။ တစ်ချက်တွင် ဘယ်နေရာကိုထိသွားသည်မသိ၊ ကျားကြီးသည် အင်ပင်ပေါ်က တလိမ့်ခေါက်ကွေးလိမ့်ကျသွား၏။

အင်ပင်အောက်တွင် အော်ဟိန်းမြည်ဟည်းကာ ထွက်ပြေးရန်ရုန်းရှားနေသော ကျားကြီးကို အိုက်လောလူသည် တုန်တုန်ယင်ယင်နှင့် အင်ပင်ပေါ်က ငုံ့ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုးကြီးသည် အင်ပင်နားက ထွက်ပြေးရန်သာ ကြိုးစားနေရသော်လည်း သူ့ခြေလက်တွေက ဦးတည်ရာမဲ့နေသည်။ ဟိုအပင်တိုက်သည်အပင်ဝင်ဆောင့်နှင့် သူသွားလိုရာကို တည့်တည့်မတ်မတ်မသွားနိုင် မပြေးနိုင်ဖြစ်ကာ တဝေါင်ဝေါင် အော်ညည်းနေသည်။

ထိုအခါမှ အိုက်လောလူ ဓားမြှောင်နှင့် လှမ်းတွက်လိုက်ချက်မှာ ကျားဆိုးကြီး၏ မျက်လုံးနှစ်ဖက်ကို ကန့်လန့်ဖြတ်ထိမှန်ပြီး ကျားဆိုးကြီး မျက်စိနှစ်ဖက်စလုံး ကန်းသွားပြီဖြစ်ကြောင်း အိုက်လောလူ သိလိုက်ရလေသည်။

(၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၊ ရွက်နုဝေမဂ္ဂဇင်း)

❊ ❊ ❊

## ဖျားမှုဆိုးတို့၏ အန္တရာယ်

ယခင်က အင်တွဲတစ်ပိဿာ တစ်မူး၊ ပွဲ့လျက်တစ်ပိဿာ တစ်ပဲသာရခဲ့ကြရာမှ ယခု အင်တွဲ ပွဲ့လျက် တစ်ပိဿာ တစ်ကျပ် ငါးမတ်ရလာကြသောအခါ အင်တွဲ ပွဲ့လျက်ရှာသူများမှာ ပို၍ များပြားလာကြလေသည်။

အထူးသဖြင့် အင်တွဲ ပွဲ့လျက်အထွက်များသော အနောက်ကသာခရိုင်သစ်တောများဆိုလျှင် နွေလ၌ အင်တွဲပွဲ့လျက်ရှာဖွေသူတွေက ခြေချင်းလိမ်နေတတ်ကြသည်။

ထို့ကြောင့်လည်း ယခုအခါ အင်တွဲ ပွဲ့လျက်ရှာသူများမှာ တောနက်မည်းကြီးအထိ စွန့်စွန့်စားစားသွား၍ အင်တွဲ ပွဲ့လျက်များကို ရှာဖွေကြရ၏။

တစ်နှစ်တစ်နှစ်လျှင် အင်တွဲ ပွဲ့လျက်ရှာရင်း တောထဲတွင် မြွေကိုက်ခံရသူ၊ ကျားကိုက်ခံရသူ၊ ဝက်ဝံကုတ်ခံရသူတွေမှာလည်း မနည်းပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လယ်ယာလုပ်ငန်းပြီးချိန်တွင် အင်တွဲ ပွဲ့လျက်ဈေး လည်း ကောင်းနေလေရာ အောင်းကုန်း၊ ထုံးမနွယ်၊ ကြိမ်ခတ်ကုန်း ရွာသစ်ကုန်း၊ မြိုင်ချိုင် စသည့်ရွာများမှ တောသူတောင်သားများသည် အင်တွဲ ပွဲ့လျက်ရှာသောအလုပ်ကို သူ့ထက်ငါဦး လုပ်လျက်ရှိကြ လေသည်။

ယခင်က ပွဲ့လျက်ကို အင်တွဲသွားရှာရင်းကြုံမှ ပွဲ့လျက်ပင်များကို ခုတ်ဖြတ်ခွဲစိတ် ယူခဲ့ကြသော်လည်း ယခုအခါ ဈေးကောင်းလာသော ပွဲ့လျက်ကိုလည်း သီးသီးသန့်သန့်ရှာလာကြသည်။

အင်တွဲ့ပျံကြရင်း ခရီးသွားဟန်လွဲ မဟုတ်ကြတော့ဘဲ နွေလ၌ ပွဲ့လျက်ပင်များ၊ ပွဲ့လျက်အိမ်များရှိရာကို ကင်းအထပ်ထပ်ချ၍ပင် ရှာဖွေ လျက်ရှိကြလေသည်။

ပွဲ့လျက်ရှာသူများ ဖြစ်ကြသော ကြိမ်ပိုက်ကုန်းရွာသား ဦးညိုတို့ သားအဖသည် ပွဲ့လျက်ကောင်များ ကင်းထောက်ရန် ယနေ့ ရွာမှထွက်လာ ကြလေသည်။

✳

သူတို့သားအဖသည် ခအောင်းတို့ဝေနေသော တပေါင်းနွေလ၌ အင်တိုင်းတောကြီးတစ်တောကို ဖြတ်လာကြလေသည်။ အောက်ခြေရှင်း သော အင်တိုင်းတောကြီးထဲတွင် အင်တွဲ ပွဲ့လျက်ပင်များကို တွေ့လိုတွေ့ ငြားလည်း ခရီးသွားဟန်လွဲ ကြည့်လာကြ၏။ သို့သော် အင်တိုင်းတောမှာ လူသူအရောက်အပေါက်များသော အပြင်တောဖြစ်သဖြင့် မျှော်လင့်ချက် မရှိတော့ပေ။ ရွာနှင့်နီးသော အင်တောထဲက ပွဲ့လျက်ပင်များကား ရွာသား များခုတ်လှဲခွဲစိတ်ယူ၍ ကုန်လေပြီ။





ထို့ကြောင့် သူတို့သားအဖသည် တောနက်ထဲက ပွဲ့လျက်အိမ် များကို ရရှိနိုင်ရန်အတွက် စမ်းချောင်းတစ်ခုနားသို့ ပွဲ့လျက်ကင်းထောက် ရန် လျှောက်လာကြလေသည်။

သူတို့တွင် ပွဲ့လျက်ကင်းထောက်ရာ၌ အသုံးပြုသော ငှက်မျှော် လျှော်မျှင်များနှင့် ကညင်ဆီ၊ အင်ဆီ၊ သစ်စေး ကျည်တောက်များကလည်း အဆင်သင့်ပါလာကြလေသည်။

စမ်းချောင်းနှုတ်ခမ်းနား ရောက်သောအခါ ဦးညိုက သူ့သား မောင်သီကို နေရာချပေးထားခဲ့၏။

"ကဲ၊ သား မင်း ဒီကစောင့်ကြည့်၊ ရေသောက်လာတဲ့ ပွဲ့လျက် ကောင်တွေကို မိမိရရကင်းချည်တပ်ပေး၊ မြအောင်လဲတပ်နော် မလွတ် စေနဲ့၊ အဘ ဟိုကညင်ပင်ကြီးဖျားက တက်စောင့်နေမယ်"

"ဟုတ်ကဲ့ အဘ"

ဦးညိုသည် မောင်သီအား စမ်းချောင်းနားတွင် ကင်းချထားပစ်ခဲ့ ကာ တောင်ကုန်းပေါ်ရှိ ကညင်ပင်ကြီးတစ်ပင်ပေါ် တက်သွားလေသည်။ သူတက်သွားသော ကညင်ပင်ကြီးမှာ မြင့်လွန်းသဖြင့် အနီးဝန်းကျင်ရှိ အင်တိုင်းတောကြီးတစ်ခုလုံးကို အပေါ်စီးက မြင်နေရလေသည်။

မောင်သီသည် သူ့အဖေနေရာချထားပေးခဲ့သော စမ်းချောင်းနား တွင်ထိုင်ကာ ရေသောက်ဆင်းလာကြမည့် ပွဲ့လျက်ကောင်များကို စောင့် လျက်ရှိလေ၏။

ဆယ်မိနစ်ခန့် ကြာသော်လည်း ရေသောက်ဆင်းလာကြသော ပွဲ့လျက်တစ်ကောင်တလေမှ မမြင်ရသဖြင့် တစ်နေရာပြီး တစ်နေရာ စမ်းချောင်းနားတွင် ပြောင်းရွှေ့စောင့်ဆိုင်းလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သုံးလေးနေရာ လျှောက်ကြည့်ပြီးတော့မှ ပွဲ့လျက်ကောင်များ ရေသောက်ဆင်းနေကြသော တစ်နေရာကို တွေ့ရလေသည်။

ပွဲ့လျက်ကောင်များမှာ ပျားကောင်ထက်ပင် သေးငယ်ကြသဖြင့် စမ်းချောင်းကမ်းစပ်ရှိ ရွက်အုပ်မိုးသစ်ပင်ဝါးရိပ်တို့ကြောင့် သစ်တောထဲသို့ ဆင်းလာကြသော ပွဲ့လျက်ကောင်များကို လူက တော်တော်နှင့်မမြင်နိုင်ပေ။

ထို့ကြောင့် သစ်ပင်ကိုင်းခက် ခက်လက်ရိုးတံညို အကြိုအကြားမှ ယိုဖိတ်ထိုးကျနေသော နေရောင်ခြည်တန်းများနှင့် နေပြောက်များထဲတွင် ပွဲ့လျက်ကောင်များကို စောင့်ကြည့်ရလေသည်။

နေရောင်ခြည်တန်းထဲတွင် လှစ်ခနဲမြင်လိုက်ရသော ပွဲ့လျက်ကောင်များသည် စမ်းချောင်းရေစပ်သို့ ချက်ချင်းထိုးဆင်းလာ၏။

မောင်သီသည် ရေသောက်ရေယူရန်လာကြသော ပွဲ့လျက်ကောင်များ စမ်းချောင်းကမ်းစပ်တွင်နား၍ ငြိမ်ငြိမ်သက်သက် ရေသောက်နေကြချိန်တွင် ကညင်စေး၊ အင်ဆီသုတ်ထားသော ငှက်ပျော်လျှော်မျှင်ချည်စကို ပွဲ့လျက်ကောင်၏ ခြေထောက်မှာ မသိမသာတို့ပေးလိုက်အည်။

သစ်စေးအိမ်လုပ်ရာ၊ ပန်းဝတ်ရည်စုပ်ရာမှ မောကြီးပန်းကြီးနှင့် ရေသောက်လာကြသော ပွဲ့လျက်ကောင်များမှာ နဂိုကပင် သူတို့ ခြေထောက်များ စေးကပ်ကပ်ဖြစ်နေလေရာ အင်ဆီသုတ်ထားသော ငှက်ပျော လျှော်စကို မောင်သီက တို့ပေးလိုက်သောအခါ ပွဲ့လျက်ကောင်၏ခြေထောက်မှာ ငှက်ပျောလျှော်မျှင်သည် ချက်ချင်းစေးကပ်သွားလေသည်။

နွေရှင့်ရက်ထွင် သစ်စေးအိမ်လုပ်၍ ပင်ပန်းလာကြသည့်အပြင် ဆာလောင်သော ရေရှမွက်ဖောကပ်လာကြသော ပွဲ့လျက်ကောင်များမှာ





သူတို့၏ခြေထောက်၌ ငှက်ပျောလျှော်မျှင်ချည် ကပ်ပါလာကြသည်ကို လုံးဝမရိပ်မိကြပေ။

ထို့ကြောင့်လည်း ရေသောက်ပြီးသော ပွဲ့လျက်ကောင့်များသည် သူတို့၏ ပွဲ့လျက်အိမ်ရှိရာသို့ ပျံသွားကြလေသည်။

ထိုအခါ သူတို့ခြေထောက်တွင် မောင်သီကပ်ပေးလိုက်သော ငှက်ပျောလျှော်အရှည် တစ်ပင်မှာလည်း သူတို့သွားရာနောက် တန်းလန်းကြီးပါလာလေ၏။

မောင်သီသည် ငှက်ပျောလျှော်မျှင်ရှည်များကို ရေသောက်ဆင်းလာကြသော ပွဲ့လျက်ကောင်များအား တစ်ကောင်ပြီးတစ်ကောင် ကပ်ပေးလျှက်ရှိလေသည်။

*

အင်တိုင်းတောကြီးတစ်တောလုံးကို စီးမြင်နေရသော ကညင်ပင်ကြီးပေါ်က တက်ကြည့်နေသူဦးညိုသည် စမ်းချောင်းထဲမှ ရေသောက်ပြီး ပျံတက်လာကြသော ပွဲ့လျက်ကောင်များကို မျက်တောင်မခတ် စိုက်ကြည့်နေလေ၏။

မောင်သီကပ်ပေးလိုက်သော ငှက်ပျောလျှော်မျှင်ရှည်ကို သယ်ဆောင်လာသော ပွဲ့လျက်ကောင်များသည် သူတို့ကိုယ်၌ ရလေးလံသော ဝတ်ရည်အစာတို့ကလည်း ပါလာရာ သစ်ဆိုင်ထိပ်တစ်ဖျားလွတ်ရုံသာ ပျံလာနေကြ၏။ အသွားတုန်းကလို ပေါ့ပေါ့ပါးပါးမဟုတ်သဖြင့် မိုးပေါ် မြင့်မြင့်ပျံမတက်နိုင်ကြတော့ပေ။ သို့သော် သူတို့သစ်စေးအိမ်ရှိရာ သစ်ပင်အင်ပင်နားအရောက်မှာကား မိုးပေါ်သို့ တည့်တည့်မတ်မတ် အမြင့်ကြီး ပျံတက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံ မရှိသူများသာဆိုလျှင် ဤပွဲ့လျက်ကောင်များ၏ သစ်ဆေးအိမ်ပင်သည် ဤအနီးအနားတစ်ဝိုက်၌ပင် မရှိနိုင်ဟု ထင်ရေး ဖြစ်၏။

ပွဲ့လျက်ကောင်များ မြင့်မြင့်ပျံတက်သွားသည်မှာ ခရီးဝေး သွားမည်။ တောင်တန်းမြင့်ကြီးများကို ကျော်ဖြတ်ကြတော့မည်အသွင် ပင်တည်း။

အမှန်မှာမူ ဤသို့ မဟုတ်ပေ။

သူတို့တွင်လည်း ဇာတိစိတ်သဘာဝ အသိဉာဏ် Instinct ရှိသဖြင့် သူတို့နောက်လိုက်ကာ အန္တရာယ်ပြုနိုင်သော ရန်သူများမျက်စိလည်သွား အောင် ပွဲ့လျက်ကောင်များ အိမ်ဖျောက် ခြေရာဖျောက် လှည့်စားကြခြင်း သာဖြစ်သည်။

ပွဲ့လျက်အိမ်ရှိရာ သစ်ဆေးပင်အင်တောပေါ်မှ မိုးပေါ်သို့ တည့် တည့်မတ်မတ် ပျံတက်သွားကြသော ပွဲ့လျက်ကောင်များသည် မကြာခင် မိနစ်ပိုင်းအတွင်းမှာပင် မိုးပေါ်မှ တည့်တည့်မတ်မတ် ပြန်ဆင်းလာကြပြီး သူတို့ သစ်ဆေးအိမ်ရှိရာ အင်တောထဲသို့ အလျှိုအလျှို ပြေးဝင်ကုန်ကြ လေသည်။

မောင်သီကပ်ပေးလိုက်သော ငှက်ပျောလျှော်မျှင်ချည်မှာ နေရောင် ထဲတွင် တလက်လက်တောက်ပပြီး ပွဲ့လျက်ကောင်များသွားလေရာ ပါနေ သဖြင့် ဦးညိုအားပွဲ့လျက်ကောင်များက လှည့်စား၍မရပေ။

ဤမျှဆိုလျှင် ဦးညိုကလည်း ပွဲ့လျက်သစ်ဆေးပင်များ ဘယ်နေရာ ရှိနိုင်သည်ကို ချက်ချင်းသိသွားလေသည်။

"ကူး" "ကူး" "ကူး"





ဦးညိုကြီးသည် ကင်းချထားခဲ့သော မောင်သီအား ပွဲ့လျက်ပင်များ [illegible]ရာကို သူသိပြီဟူသော အမှတ်သင်္ကေတနှင့် ချိုးကူ၍အချက်ပေးလိုက် လေသည်။

နောက်တစ်နေ့ကျလျှင် သားအဖနှစ်ယောက် ပွဲ့လျက်များရှိရာ သွားပြီး ခုတ်လှဲခွဲစိတ်ယူကြရုံသာ ဖြစ်လေသည်။

✳

ဦးညိုနှင့်မောင်သီတို့ ခုတ်လှဲချလိုက်သော ပွဲ့လျက်ပင်ကြီးသည် ဝေါခနဲမြည်ဟည်းကာ လဲကျသွား၏။

အင်ပင်ကြီး လဲကျသွားသောအခါ အကိုင်းအခက်များမှာ မြေပြင် နှင့်ရိုက်မိပြီး ထင်းဖြစ်သွားကြလေသည်။

ထိုအခါ သစ်ခြောက်ပင်၏ သစ်ဆေးအိမ်ထဲမှ ပွဲ့လျက်ကောင် များသည်လည်း အထိတ်တလန့်အော်မြည်၍ ထွက်ပျံလာကြ၏။

ဦးညိုတို့သားအဖသည် လဲကျနေသော ပွဲ့လျက်ပင်ကြီးကို ခုတ် ဖြတ်ကြသည်။

ဤအနီးနားဝန်းကျင်တွင် ပွဲ့လျက်ပင်ခြောက်တွေမှာ သူတို့ ထင်ခဲ့ကြသည်ထက်ပင် များနေသဖြင့် အားရဝမ်းသာဖြစ်နေကြသည်။

ဤအပင်မှ ပွဲ့လျက်များကိုယူပြီးလျှင် နောက်တစ်ပင်ကို ခုတ်လှဲ ကြရဦးမည်။ ပြီးတော့ နောက်တစ်ပင် နောက်တစ်ပင်။

သူတို့သားအဖ ပွဲ့လျက်အိမ်ကြီးကို လွှနှင့်ခုတ်ဖြတ်ယူနေကြချိန် တွင် သူတို့အိမ်အား လာရောက်ဖျက်ဆီးနေကြသော လူသားနှစ်ယောက်ကို ပွဲ့လျက်ကောင်များမှာ မကျေမနပ်နှင့် တဝီဝီအော်ဟစ်ကျိန်ဆဲကာ [illegible] အနားတွင် ဆောက်တည်ရာမရ ဝဲပျံနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ပျားများလို အဆိပ်အတောက်မရှိကြသဖြင့် လူမှု ဝင်ရောက်ထိုးတုပ်ကိုက်ခဲခြင်းလည်း မပြုနိုင်ကြပေ။

ထိုအချိန်၌ပင် ဘယ်က ဘယ်လိုရောက်လာကြမှန်း မသိသော ပျားနသန် (ပျားမုဆိုး)တစ်အုပ်သည် သူတို့သားအဖခေါင်းပေါ် ရောက် လာကြပြီး ပွဲ့လျှက်ကောင်များကို စတင်တိုက်ခိုက်လေတော့သည်။

ပျားနသန်တောင်တွေမှာ အကောင်ကြီးသလို အဆိပ်အတောက် လည်းအလွန်ပြင်း၏။

မိမိဘာသာမိမိ အိမ်ရှာ အိမ်ထွင်းမနေကြဘဲ ပွဲ့လျှက်များ ပျားများ ရှာဖွေအိမ်တည်နေကြသော သစ်ခေါင်းများကိုလည်း အဆိပ် အားကိုးနှင့် အချောင် လုယူခိုဝင်နေတတ်ကြသော ပျားဝင်ကစွပ်တစ်မျိုး ဖြစ်လေသည်။

တခြားပျားများလို ပန်းဝတ်ရည်မစုပ်ဘဲ အသားစားသော ပျား တစ်မျိုးဖြစ်သဖြင့် အဆိပ်ကလည်း အင်မတန်ပြင်းသည်။

ထို့ကြောင့် ပျားနသန်ကောင်များကို မည်သည့်ပျားကမှ ရင်မဆိုင် ရဲကြချေ။ ပျားများကို မဆိုထားနှင့် လူများနှင့် သက်ရှိတောတိရစ္ဆာန် များပင် ပျားနသန်ကောင်များကို အထူးကြောက်ရွံ့ကြသည်။

သူတို့ပျားအိမ်ရှိရာ သစ်ပင်အောက်ကို ဝင်မိဖြတ်သွားမိသော ချေငယ် သမင်ငယ်များဆိုလျှင် ပျားနသန်ကောင်များ ဆင်းတုပ်သဖြင့် ချက်ချင်းဗိုင်းခနဲလဲကျတတ်၏။ ထိုအခါ ထောင်ပေါင်းသောင်းပေါင်း များစွာသော ပျားနသန်ကောင်များသည် လဲကျသွားသော ချေငယ် သမင်ငယ်များကို အရိုးချည်းသာ ကျန်သည်အထိ ဝိုင်းအုံကိုက်စားပစ် ကြလေသည်။





သူတို့တုပ်ဆိတ်ကိုက်ခဲသော်လည်း ကိုယ်ခန္ဓာကြီးမားသဖြင့် လဲမကျဘဲ ထွက်ပြေးသွားနိုင်သော တိရစ္ဆာန်ကြီးများမှာလည်း သက်တော့ မသက်သာကြ။ ပျားနသန်ကောင်များ တုပ်ဆိတ်လိုက်ကြသော နေရာ များမှာ ချက်ချင်းအဆိပ်တက်ပြီး ကွမ်းသီးလုံး၊ ကြက်ဥလုံးခန့် ဖူးရောင် သွားတတ်ကြလေသည်။

ထို့ကြောင့် ပျားနသန်ကောင်များရှိနေသော သစ်ပင်အောက်များ နှင့် သူတို့အလှမ်းမီရာ တောတောင်နားတစ်ဝိုက်ကို မည်သည့်တော တိရစ္ဆာန်ကမှ မဖြတ်ရဲမသွားရဲကြပေ။

ရန်လိုရဲ၍အဆိပ်ပြင်းသလို သားစားလည်းကျူးကြသော ပျားနသန် ကောင်များကလည်း သူတို့ပိုင်နက်ထဲ ဝင်လာလျှင် မည်သည့်သက်ရှိ သတ္တဝါကိုမှ ချမ်းသာပေးလေ့မရှိကြပေ။

အမှန်မှာ ပျားနသန်တောင်များသည် သူတို့ရှိရာ ပျားအုံအောက် ဝင်လာသော တောတိရစ္ဆာန်များကိုသာမဟုတ် အသံကြားရာ အနံ့ရရာ သားကောင်များနောက်ကိုလည်း အနံ့ခံ အသံမှတ်ပြီး လိုက်တတ်ကြ၏။

ထို့ကြောင့်လည်း သူတို့ကို လူမုဆိုးများက ပျားမုဆိုးတွေဟု တင်စားခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပေမည်။

ယခု ပွဲ့လျှက်ကောင်များ လန့်ပျံပြေးကြသံနှင့် သစ်ပင်လဲကျသံ၊ တောဝဲတင်မှာည်းသံတို့၏ အနံ့ခံအသံကြားသွားကြသော ပျားနသန် ကောင်များမှာ ဦးညိုတို့သားအဖ ခုတ်လှဲခွဲစိတ်နေကြသော နေရာနား ချက်ချင်းပြေးရောက်လာကြလေသည်။ ထိုအခါ ဦးညိုတို့သားအဖ ခုတ်လှဲရန် ရည်ရွယ်ထားကြသော ပင်ထောင်ပွဲ့လျှက်ပင် တစ်ပင်ရှိ ပွဲ့လျှက်ကောင်များကို ဦးစွာဝင်ရောက် တိုက်ခိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲ့လျက်ကောင်များမှာ ပျားနသန်ကောင်များကို ကြောက်ရွံ့သဖြင့် ချက်ချင်း သစ်ဆေးအိမ်ကို ခွာပြေးကြသည်။

ပွဲ့လျက်ကောင်များ ထွက်ပြေးကြသလို ပွဲ့လျက်အိမ်ကို ဖျက်ယူနေကြသော ဦးညိုတို့သားအဖမှာလည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် တောနက်ထဲက ပြေးထွက်လာခဲ့ကြရလေ၏။

အကယ်၍ ထိုသို့မပြေးခဲ့ကြလျှင် ပျားနသန်ကောင်များသည် သူတို့သားအဖအား သမင်ငယ် ချေငယ်များကို ကိုက်တုပ်သလိုပင် ကိုက်တုပ်စားသောက်ကြမည်မှာ ယုံမှားဖွယ်ရာမရှိပါချေ။

(၁၉၈၅ ခုနှစ်၊ မေလ၊ စစ်ပြန်မဂ္ဂဇင်း)

***

# စွန်သတ်ပျား

ကျွန်တော်တို့ရွာနှင့် တစ်မိုင်ခန့်ဝေးသော အနောက်တောင်တွင် လူတစ်ယောက်ဖက်ခန့်ရှိသော ပျားအုံကြီးတစ်အုံရှိသည်။

ထိုပျားအုံကြီးကို နတ်ပျားဟု သမုတ်ထားကြ၏။

အကြောင်းမှာ . . .

ရွာသူရွာသားတွေက နတ်ပင်ဟုသမုတ်ထားကြသော ခရေပင်ကြီးတွင်စွဲနေသဖြင့် ဖြစ်သည်။

တစ်ယောက်ဖက်လောက်ရှိသော နတ်ပင်က ထိုပျားအုံကြီးကို ပျားဖွပ်သမားတိုင်း ပျားဖွပ်ရာသီရောက်တိုင်း မျက်စောင်းတော့ထိုးမိကြသည်။

သို့သော် ထိုနတ်ပျားကို မည်သည့်ပျားဖွပ်သမားကမျှ သွားမဖွပ်ရဲကြ။ ကြည့်ရုံကြည့်ပြီး . . .

"ဒီပျားအုံကြီးကိုသာ ဖွပ်လိုက်ရရင်တော့ . . ." ဟူသော စကားနှင့်သာ အဆုံးသတ်ထားကြသည်။



www.burmeseclassic.com

အကြောင်းမှာ ဤနတ်စင်မှ ပျားကောင်များသည် ပျားဖွပ်သမား များအား ရွာအထိ လိုက်တုပ်ထိုးဆိတ်ဖူးသဖြင့်ဖြစ်သည်။

ဤခရေပင်မှ နတ်ပျားအကြောင်းကို ကျွန်တော်တို့ ငယ်ငယ် ကပင်ကြားဖူးကြသည်။

ကျွန်တော်တို့ရွာမှ နာမည်ကြီး ပျားဖွပ်သမားများဖြစ်ကြသော မောင်ဘသူ၊ မောင်လှသူတို့ ညီအစ်ကိုနှစ်ယောက်သည် ထိုနတ်ပျားကို သွားဖွပ်ကြရာ ပျားရည်မရဘဲ ပျားရည်ဖွပ်ရာ၌ အသုံးပြုသော လက်နက် ကိရိယာများကိုပါ စွန့်ပြီး ပြေးလာခဲ့ကြရသည်ဟုဆို၏။

ထိုနတ်ပျားများသည် သူတို့အဆောက်အအုံကို လာဖျက်သော မောင်လှသူတို့ ညီအစ်ကိုနှစ်ယောက်အား ရွာထိလိုက်လာပြီး ဝိုင်းထိုး ဝိုင်းတုပ်၊ ဝိုင်းကိုက်ကြသည်ဟုဆိုသည်။

မောင်ဘသူတို့ ညီအစ်ကိုနှစ်ယောက်မှာ ဘယ်ပြေးပုန်းပုန်း ပျား ကောင်များ တရုန်းရုန်း လိုက်တုပ်ခံနေရလေသည်။

နောက်ဆုံးတော့ စပါးထည့်သော စပါးပုတ်ထဲ ဝင်ပုန်းကြရသည် ဟုဆိုသည်။

ဤသို့ ညီအစ်ကိုနှစ်ယောက် စပါးထည့်သောပုတ်ထဲ ဝင်ပုန်းနေ ကြသည်ကို ပျားကောင်များသည် ပုတ်ထဲမှ မောင်ဘသူတို့ညီအစ်ကို နှစ် ယောက်ထွက်အလာကို နာရီပေါင်းများစွာစောင့်ပြီး ပုတ်ကြီးပေါ်၌ ဝဲပျံ နေသည်ဟုဆိုသည်။

မောင်ဘသူတို့ ညီအစ်ကိုနှစ်ယောက်မှာ အသိန်းအသန်းမက သော ပျားကောင်များ၏ အန္တရာယ်ကိုကြောက်ကာ ပုတ်ထဲကမထွက်ဝံ့ဘဲ တစ်ညနှင့်တစ်ရက်ထိ ပုတ်ထဲ၌နေကြရသည်ဟုဆိုသည်။





ပျားများ ဝိုင်းတုပ်ထားသဖြင့် ပျားဆိပ်တက်ကာ ပုတ်ထဲ၌ဖျားနေ ကြသော ညီအစ်ကိုနှစ်ယောက်အား ရွာသူရွာသားတွေက ရေနှင့်အစား အစာ ဆေးဝါးများကို ပုတ်ထဲသွင်းပေးကြရသည်ဟုဆို၏။

ရွာသူရွာသားများက မောင်ဘသူတို့ ညီအစ်ကိုနှစ်ယောက်အား ဆေးပေးရန် ပုတ်ကိုနည်းနည်းမလိုက်သည်နှင့် ထိုအပေါက်မှ ပုတ်ထဲ ဝင်ရန် ပျားကောင်များ အဲတင်းလာတိုးသည်ကို ဖယ်ထုတ်ပစ်ရသည်ဟု ဆိုသည်။

အထူးခြားဆုံးမှာ ထိုပျားကောင်များသည် မောင်ဘသူတို့ညီ အစ်ကိုကလွဲပြီး တခြားရွာသူရွာသားများအား လုံးဝမထိုး၊ မတုပ်၊ မကိုက် ကြခြင်းပင်။

ဤသည်တို့ကြောင့်လည်း ထိုပျားအုံကို နတ်ပျားဟုသမုတ်ထား ကြခြင်းဖြစ်လေသည်။

---

ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားများသည် ဥပုသ်နေ့တိုင်း ကျောင်းပိတ်ပြီး ထင်းခွေထွက်ကြရသည်။

ကျွန်တော်တို့ ထင်းခွေထွက်ရာတွင် ကျွန်တော်တို့ကျောင်းသား များကို ကြပ်မတ်ရန်အတွက် ကိုရင်ကြီးများလည်းပါ၏။

ကိုရင်ကြီးများအား ဘုန်းတော်ကြီးက ကြပ်မတ်ရန် တည့်ပေးလိုက် ခြင်းမှာ ကြပ်မတ်သူမပါက ကျွန်တော်တို့ကျောင်းသားများသည် ရွာသူ ရွာသားတို့၏ ကြံခင်း၊ သခွားခင်း၊ ခနွဲခင်း စသည့် စားပင်သောက်ပင် များကို ခိုးစားကြသဖြင့်ဖြစ်သည်။

www.burmeseclassic.com



လဆန်းရှစ်ရက် ဥပုသ်နေ့တစ်နေ့တွင် ကျွန်တော်တို့သည် ထင်းခွေရန်အတွက် နတ်ပျားရှိရာ အနောက်တောင်ဘက်သို့ ထွက်လာကြသည်။

ခါတိုင်း ထင်းခွေသွားလျှင် ကြပ်မတ်ရန်အမြဲလိုက်ပါလေ့ရှိသော ကိုရင်ကြီးစန္ဒမာလာသည် ထိုနေ့ကဖျားနေသဖြင့် ပါမလာပေ၊ ကျွန်တော်တို့ကျောင်းသားကြီးများထက်ငယ်သော ကိုရင်လေး ရှင်ဝရသာမိ တစ်ပါးတည်းသာပါ၏။ ကျောင်းသားငယ်များကိုလည်း ကျောင်းပရိဝုဏ်တွင် မြတ်နုတ်ခိုင်းထားခဲ့ကြရာ ကိုရင်လေးဝရသာမိပါနှင့်ဆိုမှ အားလုံးငါးယောက်ဖြစ်သည်။

နတ်ပျားရှိရာ အနောက်တောင်နားရောက်သည်နှင့် တစ်ပြိုင်နက် မောင်ကျော်အောင်က . . .

"ကိုဘသူတို့ညီအစ်ကိုကို ရွာထိလိုက်ထိုးတယ်ဆိုတဲ့ နတ်ပျားတို့ တို့သွားပြီး စမ်းကြည့်ကြမလားဗျို့၊ တကယ် ရွာထိလိုက်ထိုးမထိုး သိရတာပေါ့" ဟုဆို၏။

မောင်ကျော်အောင်၏စကားကို ကျွန်တော်အပါအဝင် ကျောင်းသားအားလုံးက ထောက်ခံကြ၏။

ကိုရင်လေးဝရသာမိကမူ သူ လူကြီးလုပ်ပြီး လိုက်လာရသဖြင့် အင်တင်တင်လုပ်နေ၏။

"ဘုန်းကြီးသိသွားရင် အဆော်ခံရလိမ့်မယ်ကွ၊ ငါ့ကိုပိုဆော်မှာ" ဟု ထိတ်ထိတ်ပျာပျာဆိုသည်။

သည်လိုနှင့် ကျွန်တော်အပါအဝင် ကျောင်းသားကြီးလေးယောက်က ကိုရင်လေးဝရသာမိကို အကျပ်ကိုင်ကြ၏။





"ကိုရင်မလိုက်ရင် ညည ကိုရင်လေး ဘုန်းကြီးထန်းလျက်ဖိုး ခိုးခိုးစားတာ တပည့်တော်တို့ ဘုန်းကြီးကိုလျှောက်မည်"ဟု ဆိုသောအခါ ကိုရင်လေးဝရသာမိမှာ မျက်စိကလေးကလည်ကလည်နှင့် သဘောတူရတော့သည်။

ထို့ကြောင့် ကျွန်တော်တို့ ကျောင်းသားကြီးလေးယောက်နှင့် ကိုရင်လေးဝရသာမိတို့သည် နတ်ပျားရှိရာဘက်သို့ ထွက်လာကြလေသည်။

*

နတ်ပျားရှိရာ တောင်ခြေရင်းတွင် စမ်းချောင်းကြီးတစ်ခုရှိ၏။ မိုးတွင်းဆိုလျှင် အလွန်ရေစီးသန်သော ချောင်းဖြစ်သည်။ ယခုတော့ နွေလဖြစ်သဖြင့် စမ်းချောင်းကြီး၏ရေမှာ ကျွန်တော်တို့ အရပ်နှင့် ရင်တစ်ိုလောက်သာရှိသည်။

နတ်ပျားကို ရွာသူရွာသားများပြောသလို လူကိုလိုက်ထိုးမထိုး သွားစမ်းကြရာ၌ ကျွန်တော်တို့သည် ဤစမ်းချောင်းရေကိုပင် အကာအကွယ်သဘောထားကြသည်။

ရွာက နာမည်ကြီးပျားဖွပ်သမား ကိုဘသူတို့ညီအစ်ကိုအား လိုက်ထိုးကြရာတွင် ပုတ်ထဲဝင်နေမှ လွတ်သည်ဆိုသဖြင့် ပျားလိုက်ထိုးလျှင် ကာကွယ်နိုင်ရန် ကျွန်တော်တို့လည်း အကြံဉာဏ်ထုတ်ကြရသည်။

နောက်ဆုံးတော့ ကိုရင်လေးဝရသာမိ၏ ကိုယ်ရုံသင်္ကန်းကို လူလေးယောက်က လေးစွန်လေးဖက်ကိုင်ပြီး ရေပေါ်တွင်လေသွင်းကာ ပူစီဖောင်းလို ဖော့ထားကြသည်။

သင်္ကန်းစွန်းကို ကိုင်ထားသော လူလေးယောက်စလုံးက သင်္ကန်းကိုယ်ရုံ ပူစီဖောင်းထဲဝင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြုလုပ်ထားခြင်းမှာ အကယ်၍ ပျားအုံကို ခဲနှင့်သွားပေါက်သူများ နောက်ပျားများ ထိုးရန်လိုက်လာလျှင် သက်န်းပုဝီဖောင်းထဲ ဝင်ပြေးရန်ဖြစ်သည်။

သည်လိုနှင့် ကျွန်တော်တို့သည် တစ်ယောက်တစ်လှည့်စီ နတ်ပျားအုံကြီးကို ခဲနှင့်သွားပေါက်ကြ၏။ ခဲနှင့်သွားပေါက်သူများအား နတ်ပျားကောင်များသည်လည်း ကိုဘသူတို့ညီအစ်ကိုအားလိုက်သလို ကျွန်တော်တို့နောက်ကို ဝိုင်းအုံလိုက်တုပ်ကြသည်။

ပျားကောင်များလိုက်တုပ်တိုင်း ကျွန်တော်တို့ကလည်း စမ်းချောင်းထဲပြေးငုပ်ကာ သက်န်းပုဝီပေါင်းထဲ ဝင်ပုန်းကြရ၏။ သူတို့ အဆောက်အအုံကို လာဖျက်ဆီးသဖြင့် ဒေါသတကြီးနှင့် လိုက်လာကြသော နတ်ပျားများသည် ကျွန်တော်တို့ဝင်ပုန်းနေသော သက်န်းပုဝီဖောင်းပေါ် ဝဲပျံကာ လူများထွက်လာလျှင် ဝိုင်းတုပ်ရန် ပျံဝဲစောင့်ဆိုင်းနေကြသည်။

ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့်ကြာ၍ လူတစ်ယောက်မှ ထွက်မလာသောအခါ ပျားကောင်များသည် သူတို့ပျားအုံရှိရာသို့ ပြန်သွားကြသည်။ ထိုအခါ ကျွန်တော်တို့က ပျားအုံကိုတစ်ခါသွားပြီး ခဲနှင့်သွားပေါက်ကြပြန်၏။ ပျားကောင်များစိတ်ဆိုးပြီး ပျံလိုက်လာလျှင် စမ်းချောင်းထဲဖောသားသော ပုဝီဖောင်းထဲဝင်ပုန်းကြပြန်၏။

သည်လိုနှင့် နောက်ရက်များတွင် ကျွန်တော်တို့သည် အပျင်းပြေသဘောနှင့် နတ်ပျားများကို သွားသွားစကြ၏။ ဥပုသ်နေ့ရောက်လျှင် ဆင်းခွေသွားတိုင်း ပျားတစ်ပြန်လူတစ်ပြန် တူတူပုန်းတမ်းကစားသလို နတ်ပျားကို သွားစ၍ပျော်နေကြ၏။

*





ဥပုသ်နေ့ နောက်တစ်နေ့။ ခါတိုင်းကဲ့သို့ နတ်ပျားကို ကျွန်တော်တို့သွားစရန် သွားကြသောအခါ ကျွန်တော်တို့ထက်ဦးနေသော သိန်းငှက် စွန်ရဲလင်မယားနှစ်ကောင်ကို တွေ့ကြရသည်။

စွန်ရဲလင်မယားနှစ်ကောင်သည် ကောင်းကင်မှ တစ်ဟုန်ထိုးဆင်းလာပြီး နတ်ပျားအုံကြီးကို ဖွဲ့ကိုက်ထိုးသုတ်သွားသော စွန်ရဲလင်မယားနောက်ကို ပျားကောင်များသည် ဝိုင်းအုံထိုးတုပ်ရန် လိုက်ကြ၏။

သို့သော် အမွေးထူသော စွန်ရဲလင်မယားသည် ပျားကောင်များထိုးတုပ်သည်ကို လုံးဝဂရုမစိုက်ကြ။ သူတို့ ထိုးသုတ်လာသော ပျားသလက်မှ ပျားသူငယ်များကို မိုးပေါ်ပျံတက်ရင်း စားပစ်ကြ၏။ ကုန်သွားလျှင် နောက်တစ်ခေါက် ပျံဝဲလာပြီး ထိုးဆိတ်ကိုက်ဖွဲ့ ယူသွားကြပြန်သည်။

ပျားကောင်များမှာ မိုးထက်ပျံတက်သွားသော စွန်ရဲလင်မယားနောက်ကို မြင့်မြင့်ပျံတက်မလိုက်နိုင်ကြ။ အမြင့်ကြီးရောက်၍ လေတိုက်အားပြင်းလာသောအခါ ပါးလွှာသောသူတို့၏အတောင်ပံကို လေတိုက်မခံနိုင်ကြသဖြင့် ပြန်ဆင်းပြေးလာကြ၏။

ဤသည်ကိုပင် စွန်ရဲလင်မယားကလည်း အောင်သေအောင်သားစားရသည့်ပမာ "တကစ်ကစ်"အော်မြည်ကာ ပျားအုံရှိရာသို့ ပြန်ဆင်းလာလို့ဖြ ထိုးဆိတ်စားသောက်ရင်း ကောင်းကင်သို့ ပျံတက်လိုက်နှင့် ပျော်နေကြသည်။

ဤသည်ကို ကျွန်တော်တို့က ရွာထဲရှိလူကြီးများကို ပြောပြကြသောအခါ လူကြီးများက . . .

"အဲဒီပျားကို စွန်သတ်တာပဲ၊ အဲဒီလိုပျားကို စွန်သတ်ပျားလို့ခေါ်တယ်၊ စွန်သတ်ထားတဲ့ပျားဟာ သိပ်ရန်လိုတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



. . . သူတို့ပျားအုံနား ဘယ်သူလာကပ်ကပ် ထိုးတုပ်တော့တာပဲ၊ ပျား တစ်ကောင်တုပ်လိုက်ရင် အဲဒီအတုပ်ခံရတဲ့လူ ကိုယ်ပေါ်မှာ ပျားဆိပ် ပျားနံ့ကျန်ခဲ့တယ်၊ စွန်သတ်ပျားဟာ အဲဒီလို ပျားနံ့ရတဲ့လူကိုပဲရွေးပြီး အပြိုးကြီးကြီးနဲ့ ဝိုင်းထိုးလေ့ရှိကြတယ်၊ တခြားလူကို မထိုးဘူး၊ ဘသူတို့ ညီအစ်ကိုကိုမှရွေးပြီး ရွာထဲအထိ လိုက်ထိုးတာသာကြည့်တော့၊ အဲဒါ စွန်သတ်ပျားမို့လို့ ဒီလိုလူရွေးပြီးလိုက်ထိုးတာ"ဟု ပြောပြကြလေသည်။

ထိုအခါမှ ကျွန်တော်တို့ကလည်း နတ်ပျားဟု အများကခေါ်ဝေါ် သမုတ်ထားကြသော အနောက်တောင်စွန်း ခရေပင်ကြီးပေါ်ကပျားမှာ စွန်သတ်ပျားမှန်း သိကြရလေသည်။

အမှန်မှာ သူတို့ အဆောက်အအုံကို လာဖျက်သူအားရွေးပြီး အပြိုးကြီးစွာနှင့် ထိုးတုပ်တတ်ခြင်းမှာ စွန်သတ်ပျားတို့၏ သဘာဝပင်ဖြစ် လေသည်။

(၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလ၊ စစ်ပြန်မဂ္ဂဇင်း)

❋ ❋ ❋

# ရွှေလီရိုးကဝံဆိုး

ကိုလူမောင်သည် နံနက်ထ၏ မိုးကောင်းကင်ကို တစ်ချက်မော့ ကြည့်လိုက်သည်။

မှတ်သုန်ရာသီသည် ပီပီပြင်ပြင်မရှိတော့။ ဝော်သလင်းလ၏ ကောင်းကင်က ကြည်လင်နေသည်။ တိမ်ပဝါတစ်စနှစ်စသာ ကျယ်ပြော လှသော မိုးထက်ဝဠာမှာ မသိမသာလွင့်မျောပါနေ၏။

အပတောမှုား၌ သစ်စေးထိုးလုပ်သားဖြစ်သော ကိုလူမောင်သည် ဆောက်ပြား၊ ဓားနှင့် ဘောက်ခွက်များကိုယူကာ အိမ်ကထွက်လာလေ သည်။

ရွာဖျားအရောက်တွင် အိမ်ဘေးအာဖီအောက်၌ နီးဖြာနေသော ဦးဘအောင်ကြီးက "လူမောင် ဘယ်လဲကွ"ဟု လှမ်းမေး၏။

"သစ်စေးထိုးလေ အဘ"

ကိုလူမောင်က ပြန်ဖြေသည်။

"မင်း သစ်စေးထိုးတာ ဘယ်တောတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကညင်တောင်ကြောက အပတောပါအဘ"

"အေး . . အေး သတိဝီရိယနဲ့သွားကွ"

"ဗျာ, အဲဒီဘက် ဘာသံကြားလို့လဲအဘ"

ကိုလူမောင် စိုးရိမ်စွာမေးလိုက်မိ၏။

"အဲဒီဘက် ဝံတစ်ကောင် သိပ်ဆိုးနေတယ်ကြားလို့ကွ၊ ဟိုတစ်နေ့ကပဲ ပြင်ဟာရွာသား ကြိမ်ခုတ်သမားတစ်ယောက်ကို ပြေးကုတ်လို့တဲ့ အဲဒီဘက်သွားရင် သတိဝီရိယနဲ့သွားပေ့ ကြားလား"

"ဟုတ်ကဲ့"

အမှန်က ထိုသတင်းကို သူလည်းကြား၏၊ သို့သော် များစွာမစိုးရိမ်မိ။ ဝံများသည် မလှုပ်သာမရှောင်သာမှသာ လူကို ကိုက်ခဲကုတ်ခြစ်ရသည် မဟုတ်လား။

ယခု လူကြီးဖြစ်သော ဦးဘအောင်ကြီးက "သတိဝီရိယနဲ့သွား"ဟု ဆိုလိုက်သောအခါ သူ့စိတ်ထဲမှာ ထင့်သွားလေသည်။

သို့သော် ဤရာသီမှာ "တော်သလင်း လက်တွင်းအိပ်"ဟူသော ဆောင်ပုဒ်နှင့်အညီ သစ်စေးဈေးအကောင်းဆုံးရနိုင်သော ရာသီဖြစ်သဖြင့် သူလက်လွှတ်မခံနိုင်။

ထို့ကြောင့်လည်း သစ်စေးထိုးရန် ကညင်တောင်ကြောရှိ အပတောဘက်သို့ ထွက်လာလေသည်။

*

အပတောဆိုသည်မှာ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးမှ ဒေသခံလူများအတွက် အိမ်သုံးသစ်ဝါးများ ခုတ်သုံးနိုင်ရန် ခွင့်ပြုထားသော သစ်တောဖြစ်သည်။





အပတောများ၌ တော်သလင်းလရသော သစ်စေးသည် မိုးလွတ်လျှင်အကောင်းဆုံးဖြစ်၏။

အနီ၊ အညို၊ အနက်ဟု သုံးမျိုးသုံးစား ခွဲခြားထားရာတွင် ပထမတန်းစား အနက်ထဲပါသည်။

အညိုက ဒုတိယ၊ အနီက တတိယဖြစ်၏။

ပထမတန်းစား သစ်စေးတစ်ပိဿာလျှင် သူတို့ဒေသ၌ ကိုးကျပ်တစ်ဆယ်ဈေးရှိ၏။ မန္တလေးရောက်လျှင် ဆယ့်ကိုးကျပ် နှစ်ဆယ်ဈေးထိ ရနိုင်လေသည်။

ထို့ကြောင့်လည်း ကိုလူမောင်သည် အပတောထဲရောက်သည်နှင့် တစ်ပြိုင်နက် သစ်စေးရနိုင်သော သစ်စေးပင်များကို ဦးစွာရှာရလေသည်။

သစ်စေးမပါလျှင် လုံးဝမဖြစ်သော လုပ်ငန်းများမှာ ဘုရားရွှေချခြင်းနှင့် ရွှေခွက်၊ ကွမ်းအစ်၊ လင်ပန်း စသည့် မြန်မာ့ရိုးရာ သရိုးကိုင်ယွန်းထည်လုပ်ငန်းများထိ ဖြစ်လေသည်။

သစ်စေးပင်တစ်ပင်ကိုတွေ့သော ကိုလူမောင်သည် ပထမဦးစွာ ဆောက်ပြားနှင့် တစ်တောင်ကျော်ကျော် အပေါ်မှ အောက်ဘက်သို့ မန်းကြိုးနှစ်ချောင်းလှီးထွင်းရသည်။

သဘောမှာ ရော်ဘာစေးခံသလို သစ်စေးမျောလမ်းကို သစ်ခေါက်ခွံအတိုင်း ဘယ်ညာနှစ်ဘက်လှီးထွင်းပြီး အောက်တွင် သစ်စေးစီးလမ်းနှစ်ခုကို ဆုံစည်းပေးထားရခြင်းဖြစ်သည်။

ဤသည်ကို မန်းကြိုးထွင်းသည်ဟု ခေါ်၏။

မန်းကြိုးနှစ်ခု၏ ပေါင်းဆုံရာအောက်၌ ကိုလူမောင်က အသင့်ပါလာသော အောက်ခွက်ကို ထိုးစိုက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ခွက်ဆိုသည်မှာ ဝါးဆစ်ကို တစ်ထွာတစ်မိုက် တစ်ဖော် ချွန်ခုတ်ဖြတ်ပြီး သစ်စေးခံရသော ဝါးဆစ်ခံခွက်ကိုဆိုလေသည်။

သစ်စေးပင်တစ်ပင်တွင် ဘောက်ခွက် သုံးလေးခွက်ခံပြီးသော အခါ ကိုလူမောင်သည် နောက်သစ်စေးပင်တစ်ပင်ကို ရှာရ၏။

သစ်စေးပင်ရှာရင်း ဦးဘအောင်ကြီး၏စကားကို ပြန်လည်ကြား ယောင်မိကာ အမြဲသတိထား၍ သွားလာနေရသည်။

နောက်ထပ် သစ်စေးပင်တစ်ပင်ကို တွေ့ပြန်သောအခါ ပထမ နည်းတူ မန်းကြိုးထွင်း၍ သစ်စေးခံရပြန်သည်။

သည်လိုနှင့် ကိုလူမောင်သည် တစ်ပင်ပြီးတစ်ပင် တစ်နေရာပြီး တစ်နေရာ သစ်စေးခံနေရလေသည်။ ❋

ထိုနေ့က ကိုလူမောင်သည် အပတောထဲတွင် တမင်းထုပ်စားပြီး တစ်နေ့လုံး သစ်စေးထိုးနေ၏။ မိုးချုပ်မှ အိမ်ပြန်လာသည်။

ဦးဘအောင်ကြီး သတိပေးလိုက်သော ဝံဆိုးနှင့်ကား လုံးလုံးမတိုး မိခဲ့ပေ။

နောက်တစ်နေ့မှာလည်း ကိုလူမောင်သည် ပထမနေ့အတိုင်း သစ်စေးသွားထိုးရသည်။ တောထဲတွင် မည်သည့်ဘေးဥပဒ်အန္တရာယ်နှင့်မှ မတွေ့မကြုံခဲ့ရ။ သည်လိုနှင့် နောက်တစ်နေ့ နောက်တစ်နေ့။

❋

သည်နေ့တော့ ကိုလူမောင် သစ်စေးကောက်ထွက်ရမည့်ရက် ဖြစ်သည်။ သူ ပထမဦးဆုံး သစ်စေးခံထားခဲ့သော ဘောက်ခွက်များမှာ နှစ်ရက်ခန့်ကြာသွားပြီ။ ယခုဆိုလျှင် သူခံထားခဲ့သော ဘောက်ခွက်ထဲတွင် သစ်စေးရည်များသည် နှစ်ကျပ်သား၊ သုံးကျပ်သားထိပင် ရလောက်နိုင်ပြီ။





ထို့ကြောင့် "ပလုပ်"ကိုလွယ်ကာ သစ်စေးကောက်ထွက်လာလေ သည်။

ပလုပ်ဆိုသည်မှာ သစ်စေးခံခွက်ကိုခေါ်သည်။ နှီးကိုရက်ပြီး သစ် စေးနှင့် သရိုးကိုင်ထား၏။ အမြင့်တစ်ပေနှင့် လုံးပတ်တစ်ပေခွဲခန့်ရှိသည်။ အပေါ်သေး၍ အဝကျဉ်းသည်။ အောက်ကားပြီး ဘူးသီးပုံဖြစ်၏။

ကိုလူမောင်သည် ဘောက်ခွက်ထဲမှ သစ်စေးရည်များကို ပလုပ်ထဲ သွန်ထည့်သည်။ ပြီးထိုခွက်ကိုပြန်ခံ၏။ သည်လိုနှင့် ဘောက်ခွက်တစ်ခွက် ပြီးတစ်ခွက် သစ်စေးပင် တစ်ပင်ပြီးတစ်ပင် ကူးကာကူးကာ သစ်စေး ကောက်သွား၏။

သစ်စေးကောက်သမား တစ်ယောက်အတွက် တစ်နေ့လျှင် ဘောက်ခွက်အလုံးခြောက်ရာထိ ကောက်နိုင်သည်။ သူ၏ ဘောက်ခွက် ပိုင်ဆိုင်မှုမှာ ဘောက်သုံးထောင်ထိရှိလေသည်။

ယနေ့ သူ သစ်စေးကောက်သွားပြီး ဘောက်လဲထားခဲ့သော သစ်စေးပင်များကို နောက်နှစ်ရက်ကြာမှ တစ်ဖန်လာ၍ သစ်စေးကောက် ရပေဦးမည်။

❋

နွေရင့်ရက်သို့ ရောက်လာသည်။

အပတောရှိ သစ်စေးပင်များသည် အပွင့်ဝေဝေဆာဆာ ပွင့်နေ ကြလေပြီ။ အပွင့်ပွင့်နေသော သစ်စေးပင်များသည် သစ်စေးရည် အထွက် နည်းသွားကြသည်။

သို့သော် ကိုလူမောင်ကား ရသမျှသော သစ်စေးရည်များကို ကြိုး စားပမ်းစားလိုက်ကောက်နေ၏။



www.burmeseclassic.com

တစ်နေ့လုံးအတွက် သူ သစ်စေးကောက်၍ ရမည့်ငွေမှာ လေးငါးကျပ်ဖြစ်သဖြင့် သစ်စေးကောက်ရင်း ပျော်နေသည်။

သစ်စေးပင်တစ်ပင်မှ သစ်စေးရည်ကို အောက်ခွက်တစ်ခွက်ထဲ သွန်ထည့်နေစဉ် သစ်ကိုင်းခြောက်တစ်ခုဆို တစ်စုံတစ်ယောက်တက်နင်းမိ၍ ဖြောင်းခနဲကျိုးသံတစ်ခုကို ရုတ်တရက်ကြားလိုက်ရသည်။

ကိုလှမောင်သည် အသံကြားရာဆီသို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ရောမဝံကြီးတစ်ကောင်သည် မာန်ဖီကာ သူ့ဆီပြေးလာ၏။

ဦးဘအောင်ကြီး သတိပေးဖူးသော ဝံဆိုးမှာ ဒီကောင်ပဲဖြစ်ရမည်ဟု အတွေးရောက်ကာ ခေါင်းနားပန်းကြီးသွား၏။

သူ့ခါးတွင်ထိုးထားသော ဓားမတိုကို ရုတ်ခနဲဖြုတ်ကာ ဝံကြီးကို ရင်ဆိုင်လိုက်သည်။ 'ဟေး' ဟု ခြိမ်းခြောက်သံပေး၍လည်း ခြောက်လှန့်ကြည့်၏။

သူ့အသံ သူ့လှုပ်ရှားမှုကြောင့် ပြေးလာသော ဝံဆိုးကြီးက ခြေလှမ်းတုံ့သွားသည်။

သို့သော် ဝံဆိုးက ထွက်ပြေးသွားခြင်း မရှိ၊ သူ့အလစ်ကိုသာ လှည့်ပတ်၍ချောင်းမြောင်းနေ၏။

အမှန်မှာ ဤဝံဆိုးသည် လူအလစ်ကိုချောင်း၍ ကိုက်တတ်ပုံရသည်။ ယခု သစ်ကိုင်းခြောက်ကျိုးသံကြောင့် သူ့ကို အမြင်ဦးသွား၍သာ။

ကိုလှမောင်သည် ဝံကြီးလှည့်ပတ်ရာကို မျက်တောင်မခတ်ဝံ့ဘဲ လိုက်ကြည့်နေရ၏။ ဝံကြီးကလည်း သစ်စေးပင်များကို အကာအကွယ်ယူကာ ကိုလှမောင်အလစ်ကိုသာ လှည့်ပတ်ချောင်းနေသည်။





သစ်ပင်ပေါ်တက်သွားပြီး သူ့ကိုယ်ပေါ်များ ခုန်ချလေမလားဟု သောစိုးတထိတ်ထိတ်နှင့် ကိုလှမောင်သည် ဝံကြီးအား မျက်စိအောက်က အပျောက်မခံဝံ့၊ လိုက်ကြည့်နေရသည်။ ဝံကြီးကြောက်၍ ပြေးလိုပြေးငြား အသံနှင့်လည်း ခြိမ်းခြောက်အော်ဟစ်၏။ သို့သော် ဝံကြီးကား မပြေး၊ သူ့အလစ်ကိုသာ ချောင်းနေ၏။

ကိုလှမောင် ဝံနှင့် နဖူးတွေ့ဒူးတွေ့ တစ်ခါမှမတွေ့ဖူး မကြုံဖူးသော်လည်း တွေ့ဖူးကြုံဖူးကြသော လူကြီးသူမများ ပြောစကားကိုတော့ အမှတ်ထားမိသည်။

"တောထဲတောင်ထဲ ဝံနဲ့တွေ့လို့များ မင်းတို့ထွက်ပြေးမယ်တော့ မကြံနဲ့၊ လူထွက်ပြေးရင် ဝံက နောက်ကလိုက်လာပြီး ခုန်အုပ်လိုက်တော့တာပဲ၊ အဲဒါကြောင့် ဝံနဲ့တွေ့ရင် ရဲရဲသာရင်ဆိုင် ဝံကလူကိုကိုက်ဖို့လာရင် သူ့နှာခေါင်းကို လက်နှစ်ဖက်နဲ့ ဘယ်ညာ အကာအကွယ်ယူပြီး လှုပ်ယမ်းပြေးလာတတ်တယ်၊ အဲဒီအခါမှာ လက်ထဲရှိတာနဲ့ နှာနုသာ ဖြတ်ရိုက်၊ ဝံရဲ့နှာနုဟာ အင်မတန်နာတတ်တယ်၊ သူ့နှာနုကို နည်းနည်း ထိမိတာနဲ့ ဝံဟာ အော်ပြီးပြေးတော့တာပဲ"

ထိုစကားကို သတိရသဖြင့် ကိုလှမောင်သည် လက်က ဓားမကို မြဲမြဲဆုပ်ထား၏။ သူ့ကို ဝံဆိုးကြီးကိုက်ရန် ပြေးလာသည်နှင့်တစ်ပြိုင်နက် နှာနုကို ဓားနှင့်ဆီးခုတ်ရန်ဖြစ်သည်။

ကိုလှမောင်အား လှည့်ပတ်ချောင်းနေသောဝံကြီးသည် ကိုလှမောင်အလစ်မပေးသဖြင့် စိတ်ဆိုးလာပုံရ၏။ တဟည်းဟည်းမာန်ဖီကာ ကိုလှမောင်ဆီ တည့်တည့်ပြေးလာသည်။ ကိုလှမောင်မှာ ရုတ်တရက် ခေါင်းနားပန်းကြီးသွားသော်လည်း မျက်တောင်မခတ်ရဲ။

www.burmeseclassic.com



ကိုလူမောင် အနားရောက်သောအခါ ဝံကြီးသည် ကိုလူမောင်အား ခုန်အုပ်ရန် ရုတ်တရက် ပတတ်ရပ်လိုက်၏။ ဝံကြီး၏အရပ်မှာ ကိုလူမောင်နှင့်အတူတူ ဖြစ်သွားလေသည်။

ဝံကြီးခုန်အအုပ်တွင် ကိုလူမောင်ကလည်း ဓားနှင့်ဆီးခုတ်သည်။ သို့သော် ဝံကြီး၏နှာနုကို မခုတ်မိ၊ ဝံကြီး၏ လက်တစ်ဖက်ကိုသာ ခုတ်မိသွားသည်။

ဝံကြီး၏ဘယ်ညာနှစ်ဖက် လက်ရိုက်ချက်ကြောင့် သူ့ဓား လွင့်စဉ်သွား၏။ ဝံကြီး၏လက်တစ်ဖက်မှာ ဓားဒဏ်ရာရသွားသလို သူ့လက်တစ်ဖက်မှာလည်း ဝံကြီး၏ လက်သည်းရာကြောင့် ချက်ချင်းသွေးထွက်လာသည်။

လက်တစ်ဖက်တွင် ဒဏ်ရာရသွားသော်လည်း ဝံကြီးသည်မပြေးမဆုတ်၊ ရှေ့သို့သာ ဒေါသတကြီးနှင့်တိုးလာ၏။ သူကသာ နောက်ဆုတ်ရသည်။

လက်မှလွင့်စဉ်သွားသောဓားကို လှမ်းကြည့်ရာ ဝံကြီးနောက်ရောက်နေ၏။ မည်သို့ လုပ်ရပါမည်နည်း။

ကိုလူမောင် ဇောချွေးတွေပြန်နေပြီ။

ဓားတစ်ချက်ထိထားသော ဝံကြီးသည် မပြေးသော်လည်း စောစောကလောက်တော့ မရဲတင်းတော့။ မဝံ့မရဲသာ သူ့ဆီတိုးလိုက်လာ၏။

ကိုလူမောင်သည် နောက်သို့ လေးငါးလှမ်းအဆုတ်မှာ အကြံတစ်ခု ရုတ်တရက်ပေါ်လာသည်။

သူ့ခါးတွင်လွယ်ထားသော ပလုပ်ကိုသတိရလိုက်၏။

ပလုပ်ထဲတွင် သစ်စေးရည်များရှိလေသည်။





ဤတစ်ခါ သူ့အနားသို့ရောက်လာ၍ သူ့ကိုခုန်အုပ်ရန် ဝံကြီး ပတတ်ရပ်သည်နှင့် ဝံကြီးမျက်နှာကို ပလုပ်ထဲမှသစ်စေးရည်နှင့် လှမ်းပက်ရလျှင် . . .

ကိုလူမောင်သည် ပလုပ်ဘူးကို ချက်ချင်းဖြုတ်ပြီး နောက်ဆုတ်နေသောခြေလှမ်းကို ရပ်လိုက်သည်။

မရဲသော်လည်း ကြောက်ကြောက်နှင့် "လာစမ်း လာစမ်း"ဟု အကြောက်ပြေ အော်ဟစ်ဆဲဆိုလိုက်သည်။

သူထင်သည့်အတိုင်းပင် သူ့ရှေ့တိုးလာသော ဝံဆိုးကြီးက သူ့ကို ခုန်အုပ်ရန် ပတတ်ရပ်လိုက်၏။

"ဖြန်း"

"ဖြန်း"

ကြံစည်ထားသည့်အတိုင်းပင် ကိုလူမောင်သည် ဝံကြီး၏မျက်နှာဆီ သစ်စေးရည်နှင့် လှမ်းပက်ကာ ရှောင်ပေးလိုက်၏။

ဓားနှင့်ခုတ်ထား၍ လက်တစ်ဖက်နာနေသော်လည်း ပြန်မပြေးသော ဝံကြီးသည် ဤတစ်ခါတော့ ဆူဆူဝါးဝါးအော်ဟစ်ကာ ဦးတည်ရာမဲ့ ပြေးတော့သည်။

သို့သော် ဝံကြီးကား ကိုလူမောင်အနားမှ ဝေးဝေးသို့ရောက်မသွား။ သူပြေးတိုင်း သစ်စေးပင်တစ်ပင်ပင်နှင့် ဝင်တိုးတိုက်မိကာ ကိုလူမောင်အနားမှာပင် အလဲလဲအပြိုပြိုနှင့် ပတ်ချာလည်လှည့်ပြေးနေ၏။

ဤမျှဆိုလျှင် ကိုလူမောင် သိလိုက်ပေပြီ။

ဝံဆိုးကြီး၏ မျက်စိနှစ်ကွင်းထဲ သစ်စေးရည်များ ဝင်သွားကာ ဝံကြီးသည် လောလောဆယ် မျက်စိကန်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုလူမောင်သည် စောစောက ဝံဆိုးကြီးပုတ်ချလိုက်၍ သူ့လက်မှ လွတ်ကျသွားသောဓားကို ပြေးကောက်လိုက်သည်။

ထိုအချိန်မှာပင် ထွက်ပြေးရင်း သစ်စေးပင်ကြီး တစ်ပင်ကို တည့်တည့်မတ်မတ် ခေါင်းဝင်တိုက်ကာ ဖင်ထိုင်ကျသွားသော ဝံဆိုးကြီးသည် သွေးရူးသွေးတန်းနှင့် အော်ဟစ်ထလာသည်။ မမြင်မစမ်းနှင့်လည်း ကို လူမောင်ရှိရာဘက် ပြေးလာပြန်၏။

ဤတစ်ခါမှ ကိုလူမောင်သည် ဝံကြီး၏နှာနုတည့်တည့်ကို သူ့ဓားနှင့် ရဲရဲဝံ့ဝံ့ ဆီးခုတ်ချလိုက်လေ၏။

သစ်ခုတ်၊ ဝါးခုတ်၊ ကြိမ်ခုတ်၊ သစ်စေးကောက်သူများအား တစ်နွေလုံးဒုက္ခပေးခဲ့သော ဝံဆိုးကြီး၏ သေခါနီးအော်သံသည် ဤတစ်ခါတော့ အပတောတစ်ခုလုံးကို ပဲ့တင်ထပ်သွားပါတော့သည်။

(၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ၊ ကလျာအမျိုးသမီးမဂ္ဂဇင်း)

***

## နွားနောက်ကြီးနှင့်တောခွေးများ

နွေဦး၏လေရူးသည် သစ်တောထဲ အချိန်မှရွေး ဝင်ရောက်မွှေနှောက်လာတတ်သည်။ လေထဲတွင် ရွက်ဝါခြောက်များ ပလူပျံလာကြသည်။ သစ်ရွက်ကြွေသံကို ကြားရတိုင်း သူတို့၏ဝမ်းဗိုက်တွေက ပို၍ဆာလောင်မွတ်သိပ်လာကြသည်။

ဆောင်းနှောင်းသမယက မွေးပေါက်ထားသော သားသမီးများ၏ အစာတောင်းသံကြောင့်လည်း သားသည်အမေများသည် ပို၍ဒေါသကြီးလာကြသည်။ နို့ဆွဲလွန်းသော ကလေးငယ်များကို ဖယ်ရှားတွန်းကန်ပစ်သံ၊ ကလေးများ အော်သံ၊ မိခင်များ ခြိမ်းခြောက်မာန်ဖီသံတို့နှင့် သားရဲတွင်းသည် အမြဲဆူညံလာတော့သည်။

ဂိမ္ဟန္တ၏တောအလုံးသည် အောက်ခြေရှင်းနေသဖြင့် မြင်ကွင်းက ပိုကျယ်လာသည်။ ရွက်ကြွေရွက်ခြောက်များပေါ် ပြေးသွားသော သားကောင်တစ်ကောင်၏ခြေသံကို ဝေးဝေးကပင်ကြားလာရသည်။

www.burmeseclassic.com



မြေမှထွက်သော ပုတတ်တစနှင့် သစ်ဥသစ်ဖုမျိုးကို တူးဖော်စားနေသော သားကောင် အမဲကောင်များကလည်း ပေါများလာသည်။

နေ့၌ထွက်သော သားကောင်ဖြစ်စေ၊ ညဉ့်၌ထွက်သော သားကောင်ဖြစ်စေ နွေလည၌ ရွက်ကြွေတောထဲ သားကောင်လိုက်ရသည်မှာ ပို၍လွယ်ကူလာလေသည်။

နေ့တွင် နေရောင်ခြည်နှင့် မြင်နိုင်သလို ညဉ့်အခါမှာလည်း သူတို့၏သားကောင်များကို ကြယ်ရောင်လရောင်များက ညွှန်ပြအသိပေးတတ်ကြသည်။ မည်မျှ မှောင်မည်းသိပ်သည်းနေသော ညဉ့်ယံ၌ဖြစ်စေ အောက်ခြေရှင်းနေသော ရွက်ကြွေတောထဲပြေးသွားသော သားကောင်ကို သူတို့သည် အဝေးကြီးကပင် မြင်နိုင်ကြသည်။

ထို့ကြောင့် ဤလိုပူပြင်းခြောက်သွေ့သော နွေရာသီကာလတစ်လျှောက်တွင် သူတို့သည် သားကောင်လိုက်ခြင်းကို ညဉ့်အခါသာ ဆင်နွှဲချင်ကြသည်။ လိုက်ဖမ်း၍ရသော သားကောင်ကို ညဉ့်၌သာအကုန်အစင်စားကာ နေ့တွင် သူတို့၏ကမ္ဘာဖြစ်သော သားရဲတွင်းထဲ ဝင်နားနေချင်ကြသည်။ သားရဲမြေတွင်းတွေမှာ နေ့တွင်အေး၍ ညတွင်နွေးသည်။ ဆောင်းနှင့်မိုးတွင် နွေးထွေး၍ နွေလတွင်အေးမြသည်။ ထို့ကြောင့်လည်း ညက သားကောင်ရ၍ ဗိုက်ဖြည့်ထားသောသူတို့သည် နေ့တွင် သားရဲတွင်းထဲ၌ အိပ်စက်၍လည်းကောင်း၊ မှေးယစ်ငိုက်ခံ၍လည်းကောင်း၊ အထီးသည် အမအနီး၌လည်းကောင်း၊ အမသည် အထီးအနား၌လည်းကောင်း ကလူကျီစယ်ကာ ကာမဂုဏ်အာရုံကို ခံစားတတ်ကြသည်။

သူတို့သည် အစာအာဟာရ၌ ချင်ခြင်း တပ်မက်ခြင်းကြီးမားကြသလို ကာမဂုဏ်အာရုံ အတွေ့အထိ၌လည်း အလိုရမ္မက်ကြီးမားကြသည်။





ထို့ကြောင့် မိတ်လိုက်ခြင်း၊ သားမွေးခြင်းတို့မှာ သူတို့အတွက် ရာသီမရွေး အခါမရွေး အကာလိကောပင်။

ဤသည့်အကြောင်းများကြောင့်လည်း သူတို့သည် သူတို့၏ကမ္ဘာဖြစ်သော သားရဲတွင်းကို နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ပြောင်းရွှေ့ချဲ့ထွင်ကြရသည်။ ချဲ့ထွင်၍မရလျှင် ပြောင်းရွှေ့ကြရသည်။ ပြောင်းရွှေ့သောအခါမှာလည်း တစ်ကောင်စ နှစ်ကောင်စ မဟုတ်၊ တစ်သိုက်တစ်မြုံတစ်ထွေး အစုအဝေးနှင့်ပြောင်းကြသည်။

သူတို့နေရာသစ်သို့ပြောင်းရွှေ့ချိန်တွင် အုပ်စုထဲမှ လိမ္မာပါးနပ်ပြီး သားရဲတွင်းဖောက်လုပ်ခြင်း၌ အတွေ့အကြုံရင့်ကျက်သော ခေါင်းဆောင်ဖြစ်သူ တစ်ကောင် သို့မဟုတ် နှစ်ကောင်ကို ဦးစွာလွှတ်ပြီး အန္တရာယ်ကင်းမှ အုပ်စုလိုက် ပြောင်းရွှေ့တတ်ကြသည်။ သားရဲတွင်းအသစ်၌မူ သူတို့သည် ထင်သလိုပျော်ပါးကြပြီး အမများက တစ်ခါသားပေါက်လျှင် ခြောက်ကောင် ခုနစ်ကောင်ထိ ပေါက်တတ်ကြသည်။ ဤလို သားမွေးသားပေါက်ကောင်းသဖြင့်လည်း အမများတွင် နို့သီးခြောက်စုံ ခုနစ်စုံပါရှိခြင်းဖြစ်သည်။ အမများ သားပေါက်ချိန်တွင် သားရဲတွင်းဝန်းကျင်သည် ကလေးညည်းသံများနှင့် ဆူညံနေတတ်လေသည်။

သူတို့သည် အလိုရမ္မက်ကြီးခြင်း၊ သားစားကြူးခြင်း၊ ရန်လိုခြင်း၊ တိုက်ခိုက်ရဲခြင်းတို့ကြောင့်လည်း အမျိုးလေးပါးဖြစ်သော ခွေး၊ ခွေးအ၊ မြေခွေးတို့က သူတို့ကိုကြောက်ကြသည်။ အသံကြားကတည်းက ဝေးဝေးသို့ ရှောင်ရှားကြသည်။ သူတို့ကား အမျိုးကိုလည်း ငဲ့ညှာထောက်ထားကြသူ မဟုတ်။ သူတို့ ဝမ်းမီးတောက်လာလျှင် အမျိုးတူညီအစ်ကိုတော်များကို မဆိုထားနှင့် အချင်းချင်းပင် ကိုက်စားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမများသည် သားပေါက်ချိန်၌ အထီးများကိုစိတ်မချ သဖြင့် အခါမလပ် စောင့်ကြည့်နေတတ်ကြသည်။ သားကောင်လိုက်ရာ၌ပင် စိတ်မဖြောင့်နိုင်ကြ။ သားကောင်လိုက်ရန် သားရဲတွင်းထဲက အတူ ထွက်ခွာလာကြသော အထီးများသည် အမများမရိပ်မိအောင် သားရဲတွင်း ထဲပြန်လှည့်ကာ ကလေးသူငယ်များကို ကိုက်စား ပစ်တတ်ကြသဖြင့် ဖြစ်သည်။

ထိုသို့ ကလေးများကိုပြန်စားသော အထီးများကို ဖမ်းမိသွားလျှင် သားသည်အမေများသည် ထိုအထီးအားဝိုင်းကိုက်ကာ သားရဲတွင်းမှ နှင် ထုတ်မောင်းလွှတ်လိုက်ကြလေသည်။ သို့သော် ကြာရှည်လေးပင်စွာ မဟုတ်။ အမများ အလိုရမ္မက်ကြီးနေချိန်တွင် အထီးများသည် သားရဲ တွင်းနားပြန်လာပြီး အမများနှင့်ပျော်ပါးကာ သားရဲတွင်းထဲ ဝင်ရောက် လာကြပြန်လေ၏။

ဤသို့ အလိုရမ္မက်ကြီးခြင်း၊ သားစားကြူးခြင်း၊ ရန်လိုခြင်း၊ တိုက် ခိုက်ရဲခြင်းတို့ကြောင့်လည်း "တောခွေး"ဆိုလျှင် မည်သည့်တောတိရစ္ဆာန် မဆို အသံကြားရုံနှင့် လန့်ပြေးတတ်ကြသည်။ သူတို့ကလည်း သားကောင် ဆိုလျှင် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့လို အင်အားနည်းတိရစ္ဆာန် များကို မဆိုထားနှင့် ဝက်ဝံ၊ ပြောင်၊ နွားနောက်၊ ကျွဲ၊ ကျားနှင့် ကုန်းနေ သတ္တဝါထဲတွင် ကိုယ်ခန္ဓာအကြီးမားဆုံးနှင့် ခွန်အားဗလအကြီးမားဆုံးဖြစ် သော တောဆင်ကြီးများကိုပင် လိုက်၍ဖမ်းစားတတ်ကြလေသည်။

တောရိုင်းတိရစ္ဆာန်ကြီးများကို သူတို့က ဖမ်းဆီးစားသောက်နိုင် ကြခြင်းမှာ သူတို့အား သဘာဝကပေးထားသော သူတို့၏ ကျင့်ငယ်ရေ ဆားတစ်ပါးကြောင့်လည်း ဖြစ်လေသည်။





တောခွေးသေးရည် မျက်စိထဲဝင်မိလျှင် မည်သည့်တောတိရစ္ဆာန် မဆို ရုတ်တရက် ခဏတော့ မျက်စိမမြင်ဘဲ ကန်းသွားတတ်ကြသည်။

ဤသည်ကို အခွင့်ကောင်းယူကာ တောခွေးများသည် သူတို့ထက် အဆပေါင်းများစွာ ခွန်အားဗလကြီးမားသော တောတိရစ္ဆာန်များကို ဖမ်းစားသတ်ဖြတ်နေကြခြင်း ဖြစ်လေသည်။

*

နွေရင့်ရက်၏ လသာညတစ်ညတွင် တောခွေးအုပ်တစ်အုပ်သည် အမဲလိုက်ရန် သားရဲတွင်းထဲက ထွက်လာကြလေသည်။

တောခွေးထီးများနှင့်အတူ တောခွေးမများလည်း သားရဲတွင်းထဲမှ ထွက်လာကြသောအခါ နို့စို့အရွယ်သာရှိသေးသော တောခွေးငယ်များ ကလည်း မိခင်၏အနံ့ကိုခံကာ သားရဲတွင်းမှ ထွက်လိုက်ပါလာကြသည်။

အရွယ်မရောက်ကြသေးသော ကလေးငယ်များကို သားရဲတွင်းထဲ မိခင်များက ပြန်သွင်းကြ၏။ ချော့မြှူ၍ပြန်သွင်းနေကြသလို ခြိမ်းခြောက် ၍လည်း ပြန်သွင်းကြသည်။ နွေရင့်ရက်ဖြစ်သဖြင့် စမ်းချောင်းများ ခြောက် ခန်းသွားကြရာ သူတို့၏ အမဲလိုက်ရပ်ဝန်းဒေသမှာ ပိုမိုကျယ်ပြန့်လာ သည်။ ဆောင်းကာလကလို စမ်းချောင်းနားရေသောက်ရန်လာသော သားကောင်ကို အလွယ်တကူ ဖမ်းယူစားသောက်နိုင်ကြခြင်း မရှိသည်မှာ ရက်သတ္တပတ်ပေါင်းများစွာ ကြာခဲ့ပြီ။

ထို့ကြောင့် သူတို့အားလုံးသည် ဝမ်းမီးတောက်လောင်လာ၍ ဒေါသပိုကြီးလာကြသည်။ မိခင်များ အစာရေစာ မဝမလင်ဖြစ်လာသော အခါ မိခင်များ၏နို့ရည်ပေါ် အမှီသဟဲပြုနေကြရသော တောခွေးပေါက် စနလေးများမှာလည်း တစ်နေ့မှ ဝမ်းဝသည်မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဝမ်းမဝလေ မိခင်၏နို့ကို မလွှတ်တမ်းခဲထားလေ စို့လေပင်။

ကလေးနို့စို့၍ ဝမ်းဗိုက်ပိုဟာလာသော တွေခွေးမတွေမှာလည်း ဒေါသပိုကြီးလာကြသည်။ အဲထီးများ အလျှိုအလျှို ထွက်သွားကြပြီဖြစ်သော်လည်း အမများမှာ ကလေးများကြောင့် နှောင့်နှေးကြန့်ကြာကာ သားရဲတွင်းထဲမှ လွယ်လွယ်နှင့်ထွက်မရ ဖြစ်နေကြသည်။

အနံ့ခံကောင်းသော ကလေးများသည် မိခင်နောက်က လိုက်လာကြရာ ခေါင်းနှင့်ဓေ့ လက်နှင့်ပုတ်ပြီး သားရဲတွင်းထဲ ပြန်သွင်းကြရ၏။ အရွယ်မရောက်သေးသော သူတို့၏ကလေးငယ်များကို အပြင်သားရဲတွင်း နှုတ်ခမ်းဝတွင်လည်း မထားခဲ့ရဲသော တောခွေးမတွေမှာ ကလေးတွေကြောင့် သားကောင်လိုက် နောက်ကျနေကြသည်။

စိတ်မရှည်သော တောခွေးမကြီးတစ်ကောင်သည် သားရဲတွင်းဝမှ လေးငါးဆယ်လှမ်းထိ ထွက်လိုက်ပါလာသော သားဆိုးတစ်ကောင်ကို ကုပ်မှကိုက်ချီကာ သားရဲတွင်းဝနား လွှင့်ပစ်လိုက်သည်။ ထိုတောခွေးမ၏ သားအော်သံကြောင့် တခြားသောတောခွေးမများပါ အထိတ်တလန့်ဖြစ်ကုန်ကြသည်။ ဤလို အစာရေစာ ရှားပါးငတ်မွတ်နေချိန်တွင် တောခွေးထီးများသည် သားကောင်လိုက်ရန် ထွက်သွားသလိုလိုနှင့် သားရဲတွင်းထဲ ပြန်ပြီး ကလေးများကို ကိုက်သတ်စားနေဖြီအထင်နှင့် အသံကြားရာမှ ခြေလှမ်းတုံ့ပြီး ပြန်ပြေးရောက်လာကြသည်။

သားရဲတွင်းနားရောက်မှ သား/သည်မိခင်တစ်ကောင်နှင့် သူ့သား၏ အဖြစ်ကိုမြင်ရကာ သားရဲတွင်းနားမှ ပြန်သွားကြလေသည်။ သားဆိုးအမေလိုဖြစ်နေသော တောခွေးမကြီးသည် သူ့သားငယ်အား သားရဲတွင်းနှုတ်ခမ်းနားပေါ် လွှင့်ပစ်ထားပြီး ရှုတ်ခြည်းကိုယ်ရောင်ဖျောက်ပြေးသွားသည်။





သို့သော် ဝေးဝေးလံလံသို့ကားမဟုတ်၊ သူ့သားသည် သားရဲတွင်းထဲသို့ ပြန်ဝင်မဝင် တစ်နေရာက ချောင်းကြည့်နေသေးသည်။ မိခင်ကြီးက ကိုက်လွှင့်ပစ်ထားခြင်းခံရသော တောခွေးငယ်သည် မိခင်ကြီး၏အနံ့နှင့် မိခင်ကြီးကို မမြင်ရသောအခါ အန္တရာယ်ကိုကြောက်ရွံ့ပြီး သားရဲတွင်းထဲ ပြန်ဝင်ပြေးလေ၏။

သို့မှသာ တောခွေးမကြီးသည်လည်း သူ့အဖော်များနောက်ကို သားကောင်လိုက်ရန် စိတ်ချလက်ချ ပြေးလာရတော့သည်။

❋

လရောင်ဖျန်းထားသော ရွက်ကြွေသစ်ခြောက်တောထဲတွင် တောခွေးများသည် တစ်ကောင်နှင့်တစ်ကောင် ညင်းညင်းညှံ့ညှံ့ အသံပေးကာ သားကောင်ကိုရှာဖွေလျက် ရှိကြသည်။

သူတို့သည် သားကောင်လိုက်ရာ၌ ခွေး၊ ခွေးအများလို အူခြင်း ဟောင်ခြင်းကိုမပြုကြ။ ညင်းညင်းညှံ့ညှံ့ ညည်းတွားသံကို ပြုကာသာ တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်ကြသည်။ သူတို့သည် သားရဲတွင်းနှင့် မိုင်ပေါင်းများစွာ အဝေးထိသွားကာ သားကောင်ကိုရှာကြသည်။

သို့သော် ဤတောဤတောင် တစ်ဝိုက်တွင် လွန်ခဲ့သော ရက်သတ္တပတ်ခန့်က တောမီးကြီးလောင်သွားသဖြင့် သားကောင်များကို တော်တော်နှင့်ရှာမရ။ ထိုအခါ သူတို့သည် သားကောင်များ ရနိုင်သောနေရာထိ ဝေးဝေးသို့ ထွက်ခွာလာကြရပြန်လေသည်။

သည်လိုနှင့် သူတို့သည် သန်းခေါင်ယံ၌ နွားနောက်ကြီး တစ်ကောင်ကိုတွေ့ကြရလေသည်။ ဝမ်းမီးတောက်၍ ဒေါသကြီးနေကြသော တောခွေးအုပ်သည် နွားနောက်ကြီးကို ဝိုင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သားကောင်လိုက်ရာ၌ ရဲရင့်ကျွမ်းကျင်ကြသူများဖြစ်ရာ မည်သူသည် ရှေ့ကဆီး၍ မည်သူမည်သူများက ဘေးနှစ်ဖက်တွင် နေရာယူကြရမည် ဆိုသည်ကို တိုင်ပင်ထားသလို အကွက်ကျကျ အသင့်ဖြစ်နေကြသည်။ ထို့ကြောင့် တောခွေးအုပ်ကြီးသည် နွားနောက်ကြီးအား ရှေ့က ဆီးသည့်အကောင်ကဆီး၊ ဘေးက ဝိုင်းသည့်အကောင်ကဝိုင်း၊ နောက်က လိုက်သည့်အကောင်ကလိုက်နှင့် တစ်ကောင်ဆင်းတစ်ကောင်တက် ဝိုင်းလိုက်လာကြသည်။

ရှေ့ကပြေးဆီးသော တောခွေးကြီးတစ်ကောင်သည် နွားနောက်ကြီးပြေးလာလိမ့်မည်ဟုထင်သော လမ်းကဖြတ်ပြီး ကိုင်းနေသောသစ်ပင်တစ်ပင်ပေါ် ပြေးတက်ကာ ကြိုစောင့်နေသည်။ သူတို့သည် မတ်နေသော သစ်ပင်ပေါ် သာ မတက်နိုင်ကြသော်လည်း ကိုင်းနေသောသစ်ပင်များကိုမူ အားလုံးတက်နိုင်ကြသည်။

သည်လိုနှင့် နွားနောက်ကြီးက သူတက်နေသော သစ်ပင်အောက် ရောက်လာသောအခါ နွားနောက်ကြီး၏ခေါင်းပေါ် သေးပန်းချလိုက်သည်။ တောခွေးပန်းချလိုက်သော သေးရည်က နွားနောက်ကြီး၏ မျက်စိထဲဝင်သွားသောအခါ ရှုတ်တရက်ပြာဝေပြီး အမြင်ကန်းသွားသည်။

ထိုအချိန်တွင် သေးပန်းချလိုက်သော တောခွေးကြီးသည် နွားနောက်ကြီး၏မျက်လုံးကို ဖောက်ကိုက်ရန် နွားနောက်ကြီး၏ဦးကင်းပေါ် ခုန်ချလိုက်သည်။ နွားနောက်ကြီးမှာ မျက်စိစပ်ပြီး အတင်းရုန်းကန်နေစဉ် သူ့ခေါင်းပေါ် ခုန်ချလိုက်သော တောခွေးကြီးအား ဦးချိုနှင့် တအားဝှေ့ကော်လိုက်ရာ တောခွေးကြီးမှာဗိုက်ပွင့်ပြီး မြေကြီးပေါ် ဝုန်းခနဲပြုတ်ကျလာသည်။





မြေကြီးပေါ်တွင် တကိန်ကိန်အော်မြည် ညည်းတွားနေသော တောခွေးကြီးကို နွားနောက်ကြီးက သွေးရူးသွေးတန်းနှင့် မမြင်မစမ်း ထိုးဝှေ့ထိုးခတ်နေချိန်မှာပင် သူ့နောက်နှင့်ဘေးက ပန်းလိုက်လာကြသောခွေးအုပ်က နွားနောက်ကြီးနားရောက်လာပြီး ဝိုင်းထားလိုက်ကြသည်။

တောခွေးများဝိုင်းထားခြင်းကို ခံနေရသော နွားနောက်ကြီးသည် မည်းမည်းမြင်ရာကို ဝှေ့ခတ်နေ၏။ ထိုစဉ် တောခွေးများသည် စုတ်ဖွားဖွားဖြစ်နေသော သူတို့၏အမြီးများကို အင်္ဂါအောက်ကုပ်သွင်းလိုက်ကာ အမြီးကိုသေးရည်ဆွတ်ပြီး နွားနောက်ကြီး၏မျက်နှာကို ဝိုင်းပက်ကြသည်။

စောစောကတောခွေးကြီး သေးရည်ထိမှန်ထားသဖြင့် မှုန်ဝါးဝါးဖြစ်နေသော နွားနောက်ကြီး၏မျက်လုံးထဲ နောက်ထပ်တောခွေးသေးရည်တွေ ထပ်ဝင်လာပြန်သောအခါ နွားနောက်ကြီးမှာ လုံးဝမျက်စိမမြင်ဘဲဖြစ်သွားလေ၏။

ဤသည်ကို အခွင့်ကောင်းယူကာ တောခွေးများသည် နွားနောက်ကြီးကိုဝင်ဆွဲကြ၏။ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်နှက်နေသော တိုက်ပွဲသူရဲကောင်း တောခွေးတစ်ကောင်သည် နွားနောက်ကြီး၏ ဇက်ပေါ်ခွတက်ကာ မျက်လုံးတစ်ဖက်ကို ဖောက်ပစ်လေသည်။

ထိုတောခွေးကြီးက နွားနောက်ကြီး၏ မျက်လုံးတစ်ဖက်ကို ကိုက်ဖောက်ပစ်လိုက်သည်ကို မြင်သောအခါ ရန်လိုနေသော ခွေးမကြီးတစ်ကောင်ကလည်း နွားနောက်ကြီး၏ဇက်ပေါ် ခုန်တက်ကာ နောက်မျက်လုံးတစ်ဖက်ကို ကိုက်ဖောက်ပစ်လိုက်ပြန်၏။

သည်လိုနှင့်တောခွေးများသည် သွေးရူးသွေးတန်းနှင့်ပြေးနေသော နွားနောက်ကြီး၏ ကိုယ်ပေါ်ကို သူထက်ငါဦး ခုန်တက်ကြကာ . . .



www.burmeseclassic.com

www.burmeseclassic.com



. . . အွာရေနုအူတွေကို ကိုက်ဆွဲသူကဆွဲ၊ ဖမ်းဗိုက်ကို ဖောက်ကိုက်သူက ဖောက်ကိုက်နှင့် နွားနောက်ကြီးကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

နွားနောက်ကြီးဦးချိုနှင့် ဝှေ့မိသော တောခွေးသုံးလေးကောင်ကမူ တအိုင်အိုင်အော်ကာ နေရာ၌မှာကျန်နေခဲ့ကြ၏။ သို့သော် ကျန်တောခွေးများကမူ ဒဏ်ရာအနာတရနှင့် ကျန်ရစ်ခဲ့ကြသော အဖော်တောခွေးများကို လုံးဝပြန်လှည့်မကြည့်အားကြ၊ နွားနောက်ကြီး ပြေးရာနောက်ကိုသာ ဝိုင်းလိုက် ဝိုင်းကိုက်ပြီး ပါသွားကြ၏။

မကြာခင်မှာပင် နွားနောက်ကြီးသည် မြေပြင်၌ဗိုင်းဗိုင်းလဲကာ ဆန့်ငင်ဆန့်ငင်နှင့် အသက်ပျောက်သွားလေသည်။ ထိုအခါ တောခွေးများသည် နွားနောက်ကြီး၏ ကိုယ်ခန္ဓာတစ်ခုလုံးကို တစ်ညလုံး ကိုက်ဝါးဖွဲ့စားကြ၏။ ထိုအချိန်တွင် စောစောက နွားနောက်ကြီးဦးချိုနှင့် အဝှေ့အခတ်ခံထားရသော ဒဏ်ရာရတောခွေးများကမူ တအင့်အင့်အော်ညည်းကာ အသက်ငင်လျက်ပင် ရှိနေကြလေသည်။

သို့သော် ဤတိုက်ပွဲတွင် ဒဏ်ရာအနာတရမဖြစ်ဘဲ အောင်သေအောင်သား စားနေကြသော တောခွေးများကမူ သူတို့၏ ဝမ်းဗိုက်ထဲ နွားနောက်သားတွေ ပြည့်သွားသောအခါ ဗိုက်လေးလေးနှင့် သူတို့၏ သားရဲတွင်းရှိရာသို့ ပြန်လာကြလေသည်။

(၁၉၈၉ ခုနှစ်၊ မေလ၊ ချယ်ရီမဂ္ဂဇင်း)

❋❋❋

# တားစင်မှာကျားတင်ထား၏

ကျွန်တော်တို့အရပ်သည် နယ်စွန်နယ်ဖျားကျသည်။

တောတောင် ထူထပ်သည်။

ထို့ကြောင့် သားရဲတိရစ္ဆာန်များ ပေါများသည်။

အရှေ့ဘက် တောင်မြင့်တန်းပေါ်၌ နေဝန်းနီနီကို မြင်နေရသော တစ်နံနက်တွင် ဝါးတစ်စည်းထမ်းပြီး ရွာထဲဝင်လာသော ဦးဘမောင်သည် တွေ့သမျှလူကြီး လူငယ်များကို "ဗျို့ . . "ဟစ်သွားသည်။

"ရွာထိပ်ကစမ်းပေါက်မှာ ကျားခြေရာတွေ တွေ့ခဲ့တယ်ဗျို့၊ ရွာပြင်ထွက်ပြီး ထင်းခွေ ရေခပ် ကလေးသူငယ်တွေကို မလွှတ်ကြနဲ့"

အထူးသဖြင့် ကလေးသူငယ်များကိုတွေ့လျှင် . . .

"ဟေ့ကောင်လေးတွေ ရွာပြင်က စမ်းနားကိုမသွားကြနဲ့နော်၊ စမ်းထဲ ရေဆင်းသောက်သွားတဲ့ ကျားခြေရာတွေ အဘတွေ့ခဲ့တယ်၊ နည်းနည်းနောနော ခြေရာကြီးတွေမဟုတ်ဘူး၊ ဆင်ခြေရာလားထင်ရတယ်"

ထိုသို့လည်း ခြိမ်းခြောက်ပြောထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီး သိပ်စကားကြီးတာ ကျားခြေရာများ ဘယ်လိုလုပ် ဆင်ခြေရာလောက် ရှိနိုင်မလဲ၊ အလကား တို့ကို ကြွားသွားတာ"

ကျွန်တော်တို့ ကလေးတစ်သိုက်က ဦးဘမောင်၏စကားကို ဝိုင်းပြီး ပြက်ရယ်ပြုခဲ့ကြတယ်၊ သို့သော် ဘာမှမကြာလိုက် ဦးဘမောင်ပြောသော ထိုညဉ့်၌ပင် ကျွန်တော့်ဘကြီးဦးထွန်းဖြူခြံမှ သုံးနှစ်သားနွားပေါက်တစ်ကောင်ကို ရိုးကျားကြီးကိုက်သွားကြောင်း မိုးလင်းသည်နှင့် သတင်းကြားကြရလေသည်။

ဘကြီးထွန်းဖြူခြံက နွားပေါက်တစ်ကောင်ကို ကျားကိုက်သွားကြောင်းသတင်းမှာ ချက်ချင်း တစ်ရွာလုံးပျံ့နှံ့သွားလေသည်။

ရာသီမှာဆောင်းသမယ နတ်တော် ပြာသိုလ။

ဤရာသီကို ကျွန်တော်တို့အရပ်က "ကျားကျ"ရာသီဟု သတ်မှတ်ထားကြသည်။

အကြောင်းမှာ ဤရာသီ၌ ကျားများမိတ်လိုက်လေ့ရှိရာ ရိုးမမှ ကျားများသည် မိတ်လိုက်ရင်း နယ်ကျွံကာ ကျွန်တော်တို့ရွာဘက် သုံးနှစ်တစ်ခါ လေးနှစ်တစ်ခါ ရောက်လာတတ်ကြသဖြင့် ဖြစ်သည်။ ကျားမှာ တစ်ကောင်တည်းမဟုတ်၊ နှစ်ကောင် သို့မဟုတ် သုံးလေးကောင်လည်း ဖြစ်တတ်သည်။ ကျားမနောက်လိုက်လာသည့် ကျားမှန်သမျှ ကျွဲနွားများကို တွေ့လျှင် နေ့ညမရွေး ကိုက်သတ်စားသောက်တတ်ကြသည်။

မိတ်လိုက်ရင်းက ကျွဲနွားများကို တစ်ကောင်ပြီးတစ်ကောင် ကိုက်သတ်စားသောက်နေသော ကျားများကို ကျွန်တော်တို့ဆီကလူများသည် ကျားစားပြီး၍ကျန်သော နွားအသေကောင်နှင့် "သုတ်ကိုင်း"ထောင်၍ ဖမ်းသတ်တတ်ကြသော အလေ့အထရှိလေသည်။





ကျွန်တော်တို့ဆီက ရွာခံမုဆိုးများတွင် ဒူးလေး၊ လင်းလေး သောင်းချောက်ကလွဲပြီး သေနတ်မရှိကြ။

ထို့ကြောင့် ကျားကိုဖမ်းသတ်ရန် နည်းလမ်းမှာ သုတ်ကိုင်းထောင် ဖမ်းကြသော နည်းလမ်းတစ်ခုသာ ရှိလေသည်။

ထို့ကြောင့် ညက ဘကြီးထွန်းခြံမှ ဆွဲသွားသောနွားပေါက်ကို လူစုခွဲ၍ အလျှင်လိုက်ရှာကြသည်။

ကျားများသည် ကျွဲနွားများကို ကိုက်သတ်စားရာ၌ လျှိုမြောင် ချောက်နားတွင် စားတတ်ကြသည်။ သူတို့ စား၍ကျန်သော ကျွဲသေ နွားသေများကိုလည်း နောက်တစ်နေ့ နောက်တစ်ည လာစားရန် သစ်ရွက် သစ်ခက်များနှင့် ဖုံးအုပ်၍ဝှက်ထားခဲ့တတ်ကြသည်။

ရွာမုဆိုးများနှင့် အရပ်သားများလိုက်ကြသောအခါ ညက ကိုက်စားသွားသော ဘကြီးထွန်း၏နွားပေါက် အပေါ်ကိုယ်ခန္ဓာတစ်ပိုင်းကို ကင်ပွန်းချိုင့်တွင် တွေ့ကြရသည်။ အောက်ပိုင်းတစ်ခုလုံးမှာမူ ညက ကျားအဝအပြစားသွားသဖြင့် ခြေထောက်ရိုးနှင့်ခွာသာ ကျန်တော့သည်။

ကျားများ၏ သဘာဝမှာ လူနှင့် မည်သည့်တိရစ္ဆာန်ကိုစားစား အောက်ပိုင်းကစ၍ စားတတ်သည်။ လူဆိုလျှင် မှောက်လျက်အနေအထား ပြုလုပ်ကာ အောက်ပိုင်းကိုစားသည်။ လူကို မှောက်လျက်သာစားရခြင်းမှာ လူ့မျက်နှာကို မကြည့်ဝံ့၍ မကြည့်ရဲ၍ လူနှင့်မျက်နှာချင်းဆိုင် မစားရဲ၍ဟု မုဆိုးများကပြောကြသည်။

သည်လိုနှင့် ဘကြီးထွန်း၏ နွားပေါက်အပေါ်ပိုင်းကို ကင်ပွန်းချိုင့်တွင်ရှာ၍ တွေ့ကြသောအခါ ကျားစားပြီး၍ကျန်သော နွားပေါက်အောက်ပိုင်းနှင့် ထိုကျားကို သုတ်ကိုင်းကြီးထောင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျားသည် ညကျလျှင် ကျန်တစ်ပိုင်းကို မုချ လာစားမည် ဖြစ်သည်။

ကျားစားသွား၍ တစ်ပိုင်းတစ်စကျန်သော နွားသေကိုတွေ့ကြရသောအခါ ကျားကိုင်းထောင်ရာ၌ အစဉ်အလာကြီးမားသော ရွာမုဆိုးကြီး ဦးဘာဟိုးဆီ ချဉ်းကပ်ကြသည်။ ဦးဘာဟိုးတို့သားအဖသည် ကျားစား၍ ကျန်သော နွားသေကိုယ်ခန္ဓာ တစ်ပိုင်းတစ်စရှိနေသောနေရာကို ချက်ချင်း လိုက်လာကြည့်ကာ ကျားကိုင်းထောင်ရန် အပူတပြင်း ပြင်ဆင်ကြလေသည်။

ဦးဘာဟိုးတို့ မုဆိုးသားအဖသည် နွားသေရှိရာနားတွင် ကိုင်းတံလုပ်ရန် လူကြီးခြေသလုံးကြွက်သားခန့်ရှိသော ဖြူးဖြူးဖြောင့်ဖြောင့် သစ်ပင်တစ်ပင်ကို ဦးဆုံးရှာကြသည်။

သစ်ပင်ကိုတွေ့ပြီဆိုလျှင် အခက် အလက် အရွက်သင်သတ်ကာ သစ်ပင်ဖျားတွင် ကိုင်းကြိုးကိုတက်ချည်ရသည်။

ကိုင်းတံ၏ခံနိုင်ရည်အင်အားကို မှန်းဆ၍ ကုပ်လိုက်၊ ဆန့်လိုက်၊ ကွေးလိုက်၊ ဖြောင့်လိုက်လုပ်ကြရသည်။

ထိုလုပ်ငန်းသည် ကျားထောင်ရာ၌ ပထမဦးဆုံးလုပ်ငန်းဖြစ်သည်။

ကိုင်းတံ၏အဆုံးတွင် ကိုင်းကြိုးကိုချည်ပြီး ကိုင်းကြိုးထဲကို"တောင့်" ဟုခေါ်သော သစ်သားလုံးရှည်ရှည် ရာစ်တောင်ခန့်တစ်လုံးကို စွပ်ထည့်ထားရသည်။

ဤသို့ "သစ်သားတောင့်"ထည့်ထားရခြင်းမှာ ကျားက ကိုင်း၌ မိနေစဉ် ကိုင်းကြိုးကိုမာန်ဖီပြီး ကျားကိုက်ပါက ကြိုးကိုမထိအောင်ဖြစ်လေသည်။





"တောင့်"ဟုခေါ်သော သစ်သားလုံးမှာ လူကြီးလက်ကောက်ဝတ်လောက်ရှိပြီး အလယ်ဗဟိုတွင် ကိုင်းကြိုးတစ်ပင် ဝင်ဆံ့ရုံအပေါက်တစ်ပေါက်သာပါသည်။

ထို့ကြောင့် ကိုင်းတွင်မိသောကျားက ကိုင်းကြိုးကိုကိုက်လျှင် "တောင့်"သစ်သားလုံးကိုသာကိုက်မိပြီး ကိုင်းကြိုးမပြတ်နိုင်ပေ။

ကိုင်းတံ၊ ကိုင်းကြိုး၊ တောင့် စသည်များအပြင် ကိုင်းသီးခေါ် မောင်းခလုတ်တပ်ရန် "ကုတ်"တစ်ခုကိုလည်း မြေပြင်တွင်စိုက်ရသည်။ "ကုတ်"ဟုခေါ်သော ငုတ်စိုက်ပြီးလျှင် စည်းဝိုင်းဝိုင်းရသည်။ ထိုစည်းဝိုင်းထဲတွင် ကျားစား၍ကျန်နေခဲ့သော နွားသေတစ်ပိုင်းကို ငုတ်စိုက်ချည်၍ ထားရသည်။

နွားသေ တစ်ပိုင်းတစ်စကို "ကိုင်းကွင်း"ဟုခေါ်သော ကျားလက်တစ်ဖက်ကိုမိမည့် ကြိုးဝိုင်းထဲအသွင်းတွင် မုဆိုးတို့၏ထုံးစံအတိုင်း တောပိုင်တောင်ပိုင်များကို ပသတင်မြှောက်ကာ ခွင့်တောင်းကြရသည်။

ထို့နောက် ကျားစား၍ အပေါ်တစ်ပိုင်းသာကျန်သော နွားမျက်နှာကို သနပ်ခါးလိမ်းကျံပေးရသည်။ ခေါင်းတွင် တောပန်းတောင်ပန်းတွေဝေနေအောင်ပန်ပေးထားရသည်။ နွားအမြီးကိုရလျှင် နွားအမြီး၊ မရလျှင် အရိုးအရင်းတစ်စစကို နွားပါးစပ်ထဲထည့်ပေးပြီး မုဆိုးကြီးက . . .

"ကဲ, နင့်အမြီးကို နင်တံပူလုပ်စား၊ နင့်ခေါင်းမှာလဲ ပန်းတွေပန်ပေးထားပြီ၊ နင့်မျက်နှာမှာလဲ သနပ်ခါးတွေ လိမ်းပေးထားပြီးပြီ၊ ညကျရင် နင့်ချစ်သူကို နင်ရအောင်ခေါ်" ဟုပြောကာ . . .

ကိုင်းတံများတွင် နွားခလောက်တစ်လုံး ချည်ထားခဲ့ပြီး ရွာမုဆိုးကြီး ဦးဘာဟိုးတို့သားအဖ မိုးမချုပ်မီ ရွာအရောက်ပြန်လာကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကိုရောက်လျှင် အားကောင်းမောင်းသန် ရွာသားကြီးများအား လှံ့ရှည်များ အဆင်သင့်ရှာထားကြရန်နှင့် ကင်ပွန်းချိုင်မှ နွားခလောက် မြည်သံကို နားစွင့်ကြရန် ရွာကိုတပ်လှန့်ထားလိုက်လေသည်။

"ဂလောင်"

"ဂလောင်"

"ဂလောင်"

သန်းခေါင်မတိုင်မီပင် ကင်ပွန်းချိုင်ထဲမှ နွားခလောက်မြည်သံကို ကြားကြရသည်။ ဤမျှဆိုလျှင် ဦးဘာဟိုးကျားကိုင်း၌ ကျားတစ်ကောင် မိနေလေပြီဆိုသည်ကို မေးစရာပင်မလိုတော့။ ကျားကရုန်းလေ ကိုင်းဖျား တွင်ချည်ထားသော နွားခလောက်က ဂလောင် ဂလွမ်မြည်လေပင်။

ကင်ပွန်းချိုင်မှ နွားခလောက်မြည်သံကို ကြားရသည်နှင့်တစ်ပြိုင် နက် ဦးဘာဟိုးတို့သားအဖနှင့် အားကောင်းမောင်းသန် ရွာသားကြီးတွေမှာ မီးတုတ်ကိုယ်စီ လှံကိုယ်စီနှင့် ကင်ပွန်းချိုင်သို့အပြေးလိုက်ကြရသည်။

ကိုင်းတွင်မိနေသော ကျားကြီးကို မြင်ရသော်လည်း ကိုင်းနားကို ချက်ချင်းမကပ်ရဲကြသေး။ ကိုင်းတွင်မိနေသည်ဆိုသော်လည်း ကျားလက် တစ်ဖက်သာမိနေသဖြင့် ကျန်လက်တစ်ဖက်နှင့် ကုန်ခြစ်ဆွဲဖမ်းပြီး ကိုက်မှာစိုးရိမ်ရသဖြင့် ကျားကြီးလက်လှမ်းမမီရာမှာ ခဏရပ်ကာ အကြီး အသေး ကျားမိနေသောကိုင်း၏ ခံနိုင်ရည်အခြေအနေကို လေ့လာကြ ရသည်။ ဤနေရာတွင် ကျားနှင့်လူတို့ အစွမ်းပြိုင်ကြရသည်။

ကိုင်းတွင် လက်တစ်ဖက်မိနေသော ကျားကြီးသည် လူများကို မြင်သောအခါ ခြေနှစ်ချောင်း လက်တစ်ဖက်နှင့် မြေပြင်ကိုထောက်ကာ လူများရှိရာသို့ ကိုက်ရန်ပြေးလာသည်။





ကျားကို လူများက လှံ့ရှည်တွေနှင့် တည့်ခံထားကြသည်။

ချက်ချင်း ကျားကို ဝင်မထိုးရဲကြသေး။

လူများကိုကိုက်ရန် ကျားကရှေ့တိုးလာစဉ် ကိုင်းတံမှာဆွဲအားနှင့် သုတ်ပါလာပြီး လူတွေကနောက်ဆုတ်နောက်ဆုတ်နှင့် လှံတည့်၍ခံထား ကြသည်။ ကျား၏ဆွဲအား ကုန်သွားသောအခါ ကိုင်းတံက ကျားကိုပြန်ဆွဲ သွားပြန်၏။

ကိုင်းတံဆွဲအားကို လက်တစ်ဖက်ထဲနှင့် ကုတ်ခြစ်မခံနိုင်သော ကျားမှာ ခြေနှစ်ချောင်းလက်တစ်ချောင်းထောက်ကာ ကိုင်းတံဆွဲရာနောက် ဖင်တရွတ်ဆိုက်ပါသွားပြန်သည်။

ထိုအခါ လူတွေက လှံရှည်တွေကိုရှေ့တည့်၍ ကျားနှင့် မျက်နှာ ချင်းဆိုင်ကာ ရှေ့သို့တိုးလိုက်ကြပြန်သည်။ ကိုင်းတံဖြောင့်သွားပြီး ဆွဲအား ကုန်သွားသောအခါ ကျားကတစ်ပြန် ကိုင်းတံကိုဆွဲပြီး လူတွေကိုကိုက်ရန် လိုက်ပြန်၏။

ဤသို့ ကျားတစ်ပြန် ကိုင်းတံတစ်ပြန် ရွာသားကြီးများတစ်ပြန် အားစမ်းနေကြသည်ကို ကိုင်းတံဖျားတွင် ချည်ထားသောနွားခလောက်က ဂလောင် ဂလွမ်မြည်ပြီး ညကြီးမင်းကြီး ဩဘာပေးနေလေသည်။

ခလောက်သံအပြင် လူအော်သံ ကျားဟောက်သံတွေနှင့် ပတ်ဝန်း ကျင်မှာ အမ္ဗာပျက်နေသလား ထင်ရသည်။

ကိုင်းတွင် ကျားမိပြီကြားကတည်းက သို့မဟုတ် နွားခလောက် မြည်သံကြားကတည်းက တစ်ရွာလုံး လှုပ်လှုပ်ရွရွနှင့် နိုးသွားကြရာ ကင်ပွန်းချိုင်တောင်ခြေရင်းမှ လူနှင့်ကျားတို့ အားပြိုင်အော်ဟစ်နေကြ သံကို ရွာကပင် အတိုင်းသားကြားနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသူများနှင့် ကျွန်တော်တို့ ကလေးသူငယ်များမှာ ကျားမိနေသော ကင်ပွန်းချိုင်တောင်ခြေသို့ မလိုက်ပါကြရသော်လည်း ကျားအော်သံ၊ လူအော်သံ၊ နွားခလောက်မြည်သံများကို နားစွင့်ကာ မည်သူမျှ အိပ်မပျော်ဖြစ်နေကြလေသည်။

❋

ကိုင်းတွင်မိနေသော ကျားက လူများကိုကိုက်ရန် ကိုင်းတံကို တအားကုန်ဆွဲပြီး ရှေ့တိုးလာလျှင် ကြောက်တတ်သူများ နောက်ဆုတ်ပြေးကြ၏။ ရဲရင့်သော ကျားထိုးဖူး၍ အတွေ့အကြုံရှိသူများကမူ နောက်ဆုတ်မခံဘဲ "ကျား ကျား ဘသားဟေ့"ဟု အသံနက်ကြီးနှင့်အော်ပြီး သူ့ကိုယ်သူပြန်အားပေးကာ ကျား၏အာခေါင်၊ မျက်လုံး၊ ရင်ပုံ စသည့် တစ်ခုခုကို လှမ်းထိုး၍ ကျားကို စတင်တိုက်ခိုက်တော့သည်။

ထိုအခါ ကျန်လူများကလည်း ထိုကျားသမား အားရှိလာအောင် "ယောက်ျား ဘသားကွ ဘယ်လူဟေ့ ဘယ်ဝါဟေ့"နှင့် ဝိုင်းအော်အားပေးကြသည်။

ပထမဦးဆုံး ကျားကို စထိုးရဲသူမှာ ရွာဦးသူရဲကောင်းပင်။

"ဘယ်လူ့နွားကို ကိုက်တုန်းက ဘယ်လူဟာ ကိုင်းထဲကကျားကို ဘယ်လိုစထိုးလိုက်တာ ဘယ်နေရာထိပြီး ကျားကြီး ဘယ်လိုဖြစ်သွားတာ၊ ဘယ်လူ့နွားကို ကိုက်တုန်းကတော့ ဘယ်သူပေါ့၊ ကျားကြီးက မာန်ဖီပြီး ကိုက်မလို့ ပြေးအလာမှာ လူက ပြေးထိုးလိုက်တာ တည့်လိုက်တဲ့လက်မှန်ချက်ကလဲ မပြောပါနဲ့တော့၊ ကျားလည်ပင်ရင်းကို စိုက်နေတာ" စသည်စသည်ဖြင့် ကျွန်တော်တို့ရွာဦး ကျားတစ်ကောင် သုတ်ကိုင်းတွင်မိ၍ ရပြီဆိုလျှင် ကျားထိုးသူရဲကောင်းတို့၏ ရဲစွမ်းသတ္တိမှာ တစ်လကိုးသီတင်း





ပြောမဆုံး၊ ကျားထိုးသူရဲကောင်းကို ချီးမွမ်းမဆုံး ဂုဏ်ပြုစကားပြောမဆုံး ဖြစ်နေတတ်သည်။

ထို့ကြောင့်လည်း ယခုဘကြီးထွန်း၏ နွားပေါက်ကိုကိုက်သော ကျားအား "မည်သူ အရင်ထိုးမလဲ"ဟု တစ်ဦးနှင့်တစ်ဦး ထင်ကြေးပေးရင်း ငြင်းခုံရင်း ကျွန်တော်တို့ကလေးများနှင့် ရွာရှိမိန်းမသူများမှာ မည်သူမျှ မအိပ်ကြတော့ဘဲ နားစွင့်စောင့်စားနေကြလေသည်။

ကင်ပွန်းချိုင်တောင်ခြေမှ "ကျား ဘသားဟေ့ ကျားဆိုမှကျား"ဟု အော်လိုက်သော ယောက်ျားကြီးများ၏ အဆက်မပြတ် အော်ဟစ်နေကြသံကို ရွာက အတိုင်းသားကြားနေကြရသည်။

ဤသို့ အဆက်မပြတ်အော်သံများမှာ ကိုင်းတွင်မိနေသောကျားကို တစ်ဦးတစ်ယောက်က စထိုးလိုက်ပြီဖြစ်သဖြင့် နောက်လူများလိုက်ထိုးပြီး အော်ကြသံများပင်။

မကြာခင်မှာပင် "ကျား ကျား ကျား"ဟူသော ရွာသားကြီးများ၏ ကျားထိုးသံတိတ်သွားလေ၏။ ဤမျှဆိုလျှင် ကိုင်း၌မိနေသော ကျားကြီး သေလေပြီဆိုသည်ကို ရွာသူမိန်းမများနှင့် ကျွန်တော်တို့ကလေးသူငယ်များ အားလုံးသိလိုက်ကြပြီး ဖြစ်လေသည်။

❋

မနက်မိုးလင်းသောအခါ တစ်ရွာလုံးရှိ ကျွန်တော်တို့ကလေးသူငယ်များမှာ အဝတ်အဆင် သစ်သစ်လွင်လွင်များကိုဝတ်ပြီး ရွာနှစ်ရွာကြားရှိ ကွင်းပြင်သို့သွားကြရသည်။ ထိုရွာနှစ်ရွာကြားရှိ ကွင်းပြင်တွင် ညက ရသောကျားသေကို လူတစ်ရပ်မလွတ်တလွတ် စင်ပေါ်၌ ကားယင်တင်ထားသည်။

www.burmeseclassic.com



ကိုးတောင်နီးပါးခန့်ရှိသော ကျားကြီးအား ညက ပထမဦးဆုံး စထိုးသူမှာ အောက်ရွာက ဦးဝမောင်ဖြစ်သည်။

ကျွန်တော်တို့ ကလေးသူငယ်များ ကျားတင်ထားသော ကားစင်ရှိရာ ကွင်းထဲအရောက်မှာ ဦးဝအောင် ဤကျားကြီးကို မည်သို့မည်ပုံ စထိုးလိုက်ကြောင်း လူကြီးတွေက စုထိုင်ပြောနေကြသည်။

ကျွန်တော်တို့တစ်ရွာလုံးရှိ ကလေးသူငယ်များကမူ ကားတင်ထားသောကျားစင်အောက်ကို တစ်ယောက်ပြီးတစ်ယောက် ဝင်ကြရသည်။

ဤသည်မှာ လူကြီးများက အန္တရာယ်ကင်းအောင်ဟု ဝင်ခိုင်းကြသဖြင့် ဖြစ်လေသည်။

အမှန်တကယ် အန္တရာယ်ကင်းမကင်းကိုတော့ မသိ၊ ကြောက်ရွံ့၍မဝင်ရဲသော မိန်းကလေးများပါ မိဘများက ဆွဲဆိုအော်ငေါက်၍ အတင်းဝင်ခိုင်းကြသည်။

(၁၉၉၈ ခုနှစ်၊ မတ်လ၊ နယ်စပ်ဖွံ့ဖြိုးရေးမဂ္ဂဇင်း)

***

# သစ်ဆွဲလမ်းကသစ်ခြောက်ပင်

"ဗညို ဗညို လမ်းသစ်မှာသရဲခြောက်တယ်ဆိုတာ ဟုတ်တယ်ဗျ" မောင်လှအေးက နံနက်စောစောစီးစီး စခန်းထဲရောက်လာပြီး ပြော၏။

မိုးနှောင်းကမှ တောရှင်းငုတ်တုတ်ထားသော သစ်ဆွဲလမ်းသစ်မှာ သရဲခြောက်သည်ဟူသော လူပြောသူပြောကို ဦးဗညိုကြားခဲ့ရသည်မှာတော့ ဤသစ်ယာကုန်းစခန်းရှိ သစ်များကို စထုတ်ကတည်းကပင် ဖြစ်သည်။

သို့သော် တောလမ်းသစ်တို့၏ထုံးစံအတိုင်း တစ်ယောက်ယောက် နောက်ပြောင်တာ၊ သို့မဟုတ် အတက်နည်းနည်းကြမ်းသော သစ်ဆွဲလမ်းတွင် ကျွဲသမားများ မဆွဲချင်ကြ၍ တမင်ကလီကမာပြောကြခြင်းသာဟု ထင်ခဲ့သည်။ ထို့ကြောင့်လည်း အမှုမဲ့အမှတ်မဲ့သာ နေခဲ့သည်။

သည်လိုနှင့် ငွေရှင်းပြီးတိုင်း သူဝိုင်းမှ ကျွဲရှဉ်းအချို့ ယုတ်လျော့သွားကြသည်။



www.burmeseclassic.com

အားထားရသော ဘိုတင်ကြီးများပင် ယုတ်လျော့သွားကြသော ကျွဲရှဉ်းများထဲပျှသွားရာ တစ်နေ့မှာ လူအောင်ဆီ ဦးဗညိုလိုက်သွားသည်။ လူအောင်၏ကျွဲရှဉ်းကို စက်ထဲသွားတွေ့၏။

လူအောင်သည် လည်ပတ် တစ်ယောက်ဖက်လောက်ရှိသော သူ့ကျွဲကြီးတစ်ရှဉ်းနှင့် မဖြစ်စလောက် စက်ကပ်သစ်တွေကို စက်ထဲ ဆွဲပို့နေသည်။

"ဟင်, လက်စသတ်တော့ မင်းက ဒီကိုရောက်နေတာကိုးကွ လူအောင်ရ"

"ဟုတ်ကဲ့ ကျွဲခေါင်းကြီး၊ ကျွန်တော် ဒီမှာ စက်ကပ်သစ်တွေ လာဆွဲနေတယ်"

"ဟ, မင်းတို့လိုဘိုတင်ကြီး ကျွဲရှဉ်းတွေက စက်ကပ်သစ်တွေလာဆွဲနေပါတယ်ဆိုတော့ တောထဲကသစ်တွေကို ငါက ဘယ်စမ်းပေါက်က ခရုထွေကိုကောက်တပ်ပြီး ထုတ်ရမှာလဲကွ၊ ငါက မင်းတို့အားကိုးနဲ့ ဝန်ယောက်ကြီးဆီမှာ အာမခံထွေခံထားလိုက်တာ"

ဦးဗညိုက စိတ်ဆိုးသွားသလို ခပ်ထန်ထန်ပြောပစ်လိုက်၏။

"ကျွန်တော်တို့လဲ ငွေပိုရတဲ့အလုပ် လုပ်ချင်ကြပါတယ် ကျွဲခေါင်းကြီး၊ ဒါပေမယ့် လမ်းသစ်မှာ သရဲခြောက် . . ."

"ပေါက်တတ်ကရကွာ လမ်းသစ်ဆိုတော့ အတက်နည်းနည်းကြမ်းလို့ လှက်ကြောမတင်းတဲ့ အကောင်တွေက ပြောကြတာများ. . ."

"မဟုတ်ဘူး ကျွဲခေါင်းကြီး ကျွန်တော့်ကိုယ်တွေ့ပါ"

"ဟင်, မင်းကိုယ်တွေ့"

"ဟုတ်ကဲ့"





"ကဲ, ဒါဆိုပြောပါဦးကွာ၊ လမ်းသစ်မှာ သရဲက မင်းကို ဘယ်လိုခြောက်လဲဆိုတာ"

"အသံနဲ့ခြောက်တာဗျ"

"ဘယ်လိုအသံနဲ့ ခြောက်လဲ"

"ကျွဲခေါင်းကြီးမှတ်မိမှာပါ၊ အဲဒီနေ့က ကျွဲခေါင်းကြီးတို့စခန်းဝိုင်းမှာ မောင်ရွှေမိန်းမယူလို့ ကောင်ညှင်းပေါင်းကျွေးတဲ့နေ့လေ"

"အေးပါ ငါမှတ်မိပါတယ်၊ မင်းကို လမ်းသစ်က သရဲက ဘယ်လိုခြောက်လဲဆိုတာသာ ပြောစမ်းပါ"

"ကျွန်တော် အဲဒီနေ့က ဝိုင်းထဲအစောကြီး အစောဆုံးရောက်လာတယ်ဆိုတာလဲ ကျွဲခေါင်းကြီးမှတ်မိ. . ."

"အေးပါ ငါမှတ်မိပါတယ်၊ ငွေကိုစ္စတောင် အဲဒီနေ့က မင်းပြောသေးတယ် ဗာရဏသီ ချဲ့မနေစမ်းပါနဲ့"

ကျွဲရှဉ်းတွေနည်းသွား၍ စိတ်တိုနေသော ဦးဗညိုက လူအောင်ကို စိတ်မရှည်ချင်တော့၊ သူသစ်ဆွဲမလာသောအပြစ်ကို တစ်နည်းနည်းနှင့် ဖုံးကွယ်ချင်သဖြင့် ဗာရာဏသီချဲ့နေသည်ဟု ထင်လိုက်သည်။

သို့သော် လူအောင်ဆိုသူကလည်း ဘာပြောပြော စီကာပတ်ကုံး ပြောတတ်သူဖြစ်ရာ . . .

"ကျွန်တော် ကျွဲတပ်တက်လာတော့ မနက်ထ လဆုတ်တစ်ရက်လက ဝံပုန်းတောင်ထိပ်က သစ်ပင်တွေပေါ်မှာ ရှိနေသေးတယ်၊ သစ်ဆွဲလမ်းထဲမှာလဲ လရောင်ပြောက်တိပြောက်ကျားနဲ့ဗျ၊ ကျွဲရှဉ်းက ကျောက်မောင်နှမလမ်းခွဲရောက်တော့ အတက်မို့ ကျွဲတွေကို ကျွန်တော်က တက်စမ်း တက်စမ်းလို့ ငေါက်လိုက်တယ်၊ ကျွဲတွေက ခလောက်သံ . . ."

www.burmeseclassic.com



. . . တခုံခုံနဲ့ တက်ကြရော၊ တက်စမ်း တက်စမ်းဆိုတဲ့ အသံက မစဲတော့ဘူးဗျ၊ ရှေ့ကွေ့ရောက်နေတဲ့ တစ်ယောက်ကများ ကျွဲမောင်းနေတာလားထင်ပြီး ကျွန်တော် ရှေ့ကွေ့ကို ဝေး ဟေး တိုက်ခေါ် သေးတယ်၊ ဘယ်လူမှ မထူးဘူး အနား . . ."

"တစ်ယောက်ယောက်နောက်တာ ဖြစ်မှာပေါ့ကွ"

"ဟုတ်တယ် အစကတော့ ကျွန်တော်လဲ အဲ့သလိုထင်တာပ၊ နောက် ကိုအေးဆောင်ကြီးနဲ့တွေ့လို့ ပြောပြတော့မှ သရဲခြောက်မှန်း သိရတော့တယ်"

"အေးဆောင်ကြီးက မင်းကို ဘယ်လိုပြောလို့လဲ"

"ကျောက်မောင်နှမ လမ်းခွဲအလွန်မှာ အရင်ကကျွဲသမားတွေကို ကျားဆွဲဖူးတယ်ဆို ကျွဲခေါင်းကြီး ပိုသိမှာပေါ့"

"ဟကောင်ရာ ကျွဲသမား ကျားဆွဲတာများ ဆန်းသလားကွ၊ လမ်းခွဲမှာတင် မဟုတ်ဘူး အရင်က ကျောက်ဖစ်လုံးနဲ့ ဝံပုန်းတောင်ဆင်း မှာလဲ ကျွဲသမားတွေ ကျားဆွဲလို့ သေဖူးပျောက်ဖူးတာပဲ ငါသိတာပ လူအောင်ရာ"

"ကိုအေးဆောင်ကြီးကတော့ အဲဒါတွေခြောက်တယ်လို့ပြောတယ်၊ သရဲသံနားစွဲသွားရင် စိတ်ချောက်ချားပြီး ရူးရင်ရူး မရူးရင်သေတတ်တယ်လို့ပြောလို့ ကျွန်တော်လဲ ကျွဲခေါင်းကြီးတို့ စခန်းဝိုင်းထဲ တက်မလာရဲတော့တာ"

"အဲဒါဆိုလဲ အဲဒီအသံကို နားမစွဲဖို့ မင်းသိထားတာပဲ တစ်ယောက်ထဲ မတက်နဲ့ပေါ့ကွ၊ ကြောက်ရင် အဖော်သုံးလေးရှဉ်းနဲ့ တက်လဲ ရတာပဲ၊ ခု မင်း အဲဒီသရဲသံ နားစွဲနေလို့လား"





"နားတော့ မစွဲပါဘူး ဒါပေမယ့် တစ်မျိုးကြီးပဲဗျ၊ အသံကတိုးမေမယ့် ဝမ်းခေါင်းသံကြီးနဲ့ တက်စမ်း တက်စမ်း အော်နေတာ ခုထိတွေးမိပြီး ကြက်သီးထချင်သလိုပဲ"

"ဒါတွေ အလကားပါကွာ၊ မင်းတို့ကို ဝန်ထောက်ကြီးဦးထွန်းသာမြင့်လဲ ခဏခဏပြောနေတာပဲ တစ္ဆေသရဲခြောက်တယ်ဆိုတာ ကိုယ့်စိတ်ထဲက ကိုယ်ပြန်ခြောက်တာဆို မဟုတ်လား၊ တောထဲတောင်ထဲက ကိုယ်တွေ့ရတွေလဲ မင်းတို့ကို ခဏခဏပြောပြဖူးတာပဲ၊ နောက်ဆုံး မင်းတစ်ယောက်ထဲကြောက်ရင် အဖော်နဲ့တက်ခဲ့စမ်းပါကွာ၊ ငါမှာ မင်းတို့အားကိုးနဲ့ ဒီသစ်ကွက်ဖိုးမကျေခင် ချောင်းအံရောက်ချပေးဖို့ တာဝန်ယူထားမိလို့ပါကွာနော် လူအောင်ရာ"

သူပြောတုန်းကတော့ "ဟုတ်ကဲ့ ဟုတ်ကဲ့"နှင့် ပုတ်သင်ညိုခေါင်းညိတ်လုပ်နေခဲ့သော လူအောင်ကား ယခုထိပေါ် မလာသေး။ သွားခေါ်လျှင် ကျွဲသော်လည်းကောင်း လူသော်လည်းကောင်း တစ်ခုခုအကြောင်းမြဦးမည်ကို သိသဖြင့် ဦးဗညိုသွားမခေါ် တော့။

သို့သော် ဤနေ့နံနက်ထမှာ လူအောင်ကို သရဲခြောက်သည်ဆိုသော သစ်ဆွဲလမ်းက ပြဿနာသည် အောင်သောင်းဆီမှ တစ်ဆင့် ကျွဲခေါင်းကြီးဦးဗညိုဆီ ရောက်လာပြန်ပြီ။

*

"မင်းတို့က တစ်ယောက်လာလဲ သစ်ဆွဲလမ်းကသရဲ တစ်ယောက် လ~လဲ သစ်ဆွဲလမ်းကတစ္ဆေနဲ့ ကဲ, ပြောစမ်းပါဦး မင်းကို ဘယ်လိုခြောက် လိုက်ပြန်ပလဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွဲခေါင်းကြီးကလဲဗျာ ကျွန်တော်က သရဲတစ္ဆေခြောက်တာ ကြောက်တတ်တဲ့ကောင်မှ မဟုတ်တာ"

"အေးလေကွာ အဲဒီဆိုလဲပြီးရောပေါ့၊ ခု မင်းက ငါ့ကို ဘာလာ ပြောနေစရာလိုလဲ"

ကျွဲရှဥ်းလည်းငှားမရ၊ ရထားသော ကျွဲရှဥ်းများပင် ယုတ်လျော့ သွား၍ စိတ်တိုနေသော ကျွဲခေါင်းကြီးက အောင်သောင်းကို အော်တော့၏။

"သရဲခြောက်တယ်ဆိုတာ အမှန်တကယ်မို့ ကျွန်တော်လာပြော တာ. ကျွဲခေါင်းကြီး မယုံမရှိနဲ့ဗျ၊ သစ်ဆွဲလမ်းက ခုပဲ ကျွန်တော်တက်လာ တာ. နွေခင်းကြောင်တောင်ကြီးဗျာ သိလား"

"အေး, ပြောပြော၊ ခု မင်းကို သစ်ဆွဲလမ်းကသရဲကြီး ဘယ်လို ခြောက်လွှတ်လိုက်လို့လဲ"

"လမ်းခွဲနားလဲရောက်ရော အများပြောကြသလို တက်စမ်း တက် စမ်းဆိုတဲ့ အသံကို ကြားရတာပဲ၊ အများကိုခြောက်သလို ဝမ်းခေါင်းသံကြီး နဲ့ဗျ၊ ကျွန်တော်က မကြောက်တတ်တဲ့ အကောင်ဆိုတော့ ပြုံးမိတာပေါ့၊ ကျွဲရှဥ်းခဏရပ်ထားပြီး စိတ်ထဲကလဲ 'တက်မယ်ကွ တက်မယ် စိတ်ချ၊ ယင်းမာတောအရောက် တက်မလို့လာတာ' လို့ပြောပြီး ဘယ်နေရာက ခြောက်နေလဲဆိုတာ ရှာကြည့်တယ်၊ အများပြောသလို လမ်းထဲက တက် စမ်း တက်စမ်းလို့အော်နေတာ မဟုတ်ဘူးဗျ"

"ဘယ်က အော်နေတာလဲ"

"လမ်းခွဲရှေ့မှာ ပျဉ်းမပင်ကြီးတစ်ပင်ရှိပါလား၊ အဲဒီအပင်ပေါ်က အော်နေတာဗျ"

"ဟေ . . ."





ဤတစ်ခါတော့ ကျွဲခေါင်းကြီးလည်း မျက်လုံးပြူးသွား၏။

အောင်သောင်းပြောသော သစ်ဆွဲလမ်းနားက ပျဉ်းမပင်ကြီးကို လည်း ဦးဗညို မျက်စိထဲမြင်လာ၏။

သစ်ဆွဲလမ်းက ပျဉ်းမပင်ကြီးမှာ တောင်စောင်းကမ်းပါးယံမှ သစ် ဆွဲလမ်းပေါ် ကိုင်းနေသည်။ လူကြီးတစ်ယောက်ဖက် နီးပါးပင်ရှိသော ပျဉ်းမပင်ကြီးဖြစ်ရာ ကိုင်းကြီးကိုင်းငယ်တွေမှာလည်း အရပ်လေးမျက်နှာ ဖြန့်ကြက်နေသည်။

ထိုပျဉ်းမပင်ကြီးပေါ်က အော်ခြောက်နေသဖြင့်လည်း 'တက်စမ်း တက်စမ်း' ဆိုသော သူ့အသံကို လမ်းခွဲပတ်ဝန်းကျင် သိကြားနေကြရခြင်း ဖြစ်ပေမည်။

"မင်း ပျဉ်းမပင်ပေါ်ကော သေသေချာချာ မော့မကြည့်ခဲ့ သေးလား"

"ဟာ, ကြည့်တာပေါ့ဗျ၊ ဘယ်လူမှ သစ်ပင်ပေါ်မှာမရှိပါဘူး၊ လူရှိရင် ဒီရာသီမှာ အမြင်သာကြီးဗျ၊ ခါချဉ်ထုပ် အုန်းမှုတ်ခွက်လောက် တွေကလွဲပြီး ပျဉ်းမပင်ပေါ်မှာ ဘာမှမရှိပါဘူး"

ဤတစ်ခါလည်း ကျွဲခေါင်းကြီးဦးဗညိုမှာ 'ဟေ' ခနဲဖြစ်ကာ ပါးစပ် အဟောင်းသား ဖြစ်သွားပြန်၏။

ဤရာသီမှာ အောင်သောင်းပြောသလို ပျဉ်းမပင်ကြီး အရွက်ခြွေ ထားရာ လူသူလေးပါးတစ်ယောက်ယောက် ခြောက်လှန့်နှောက်ပြောင် လျှင် မြင်ကိုမြင်ရမည်ဖြစ်သည်။

"ပျဉ်းမပင်ကြီးပေါ်က အော်ခြောက်နေတာတော့ သေချာတာပေါ့ ကွနော် အောင်သောင်း"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်ဗျာ၊ နေ့ခင်း လင်းလင်းထင်းထင်းကြီးဆိုတော့လဲ ကျွန်တော် ပျဉ်းမပင်ကြီးကို လှည့်ပတ်ကြည့်တာ ပျဉ်းမပင်ပေါ်က တက်စမ်း တက်စမ်းလို့ အော်ခြောက်နေတာဗျ"

"မင်း ပျဉ်းမပင်ပေါ်တက်ကြည့်ဖို့ ကောင်းတယ်၊ ဘယ်အကိုင်းက အော်ခြောက်နေလဲဆိုတာ. . ."

"ဟာ၊ ကျွဲခေါင်းကြီးကလဲ နေ့ခင်းကြောင်တောင် ဆိုပေမယ့် အဲသည်လောက်တော့ ကျွန်တော်လဲ ဘယ်ရဲတော့မလဲဗျ"

"မင်း တောထဲမှာ ကျားသစ်တွေ ဝံတွေနဲ့တောင် သတ်ထားတဲ့ အကောင်"

"ကျားသစ်တို့ ဝံတို့ဆိုတာက တိရစ္ဆာန်တွေဗျ၊ ဝန်ထောက်ကြီး ပြောသလို အသိဉာဏ်ရှိတာမဟုတ်ဘူး လူက သတ်ရဲတာပေါ့၊ ခုဟာက နေ့ခင်းကြောင်တောင်ကြီးမှာ နာနာဘာဝ တစ်ကောင်က 'တက်စမ်း တက်စမ်း' လို့ ဝမ်းခေါင်းသံကြီးနဲ့ သစ်ပင်ပေါ်က အော်နေတော့ ကျွန်တော်လဲ ကျွဲတွေ ကမန်းကတန်းမောင်းပြီး လစ်လာရတာပဲ၊ ဘာပဲ ပြောပြော ဘယ်လောက်ပဲ စိတ်ထဲက မကြောက်ဘူးဆိုဆို ကြက်သီးတော့ ထသွားတာပဲ ကျွဲခေါင်းကြီး"

"အေးကွ မင်းပြောရင်တော့ ငါယုံတယ်အောင်သောင်း၊ မင့်ကျွဲ ထွန်းမြင့်တို့နဲ့ ခဏထားခဲ့ကွာ၊ ခု ငါနဲ့ တစ်ခေါက်သွားကြည့်ရအောင်"

"ဖြစ်ပါ့မလားဗျာ"

"ဘာဖြစ်လို့လဲ"

ဦးဗညိုက အောင်သောင်း၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပစ် လိုက်သည်။





"ကျွန်တော်ကတော့ တစ်ယောက်ထဲလဲ သွားကြည့်ခဲ့ပြီးပြီ၊ ကျွဲခေါင်းကြီး အပင်ကိုကြည့်ချင်သေးတယ်ဆိုရင် သွားလေ"

"အေးကွ အသံကြီးက တစ်မျိုးကြီး"

"ဝမ်းခေါင်းသံကြီးနဲ့ တမင်လုပ်ပြီး အော်ခြောက်နေတာဗျ လာ လာ. . ."

အောင်သောင်းက လာလာဆို၍သာ နောက်ကလိုက်လာရသော် လည်း ဤတစ်ခါတော့ ကျွဲခေါင်းကြီး ကျောချမ်းလာပြီ။

တက်စမ်း တက်စမ်းဟု အော်နေသောအသံမှာလည်း ပျဉ်းမပင် ကြီးနှင့် နီးလာလေ ပိုကျယ်လာလေပင်။

"တက်စမ်း တက်စမ်း"

"ဟော၊ အသံတစ်မျိုးဖြစ်သွားတယ်၊ ကျွဲခေါင်းကြီး သတိထား မိလား"

"အေး . . အေး"

လမ်းခွဲကွေ့လွန်သည်နှင့် လမ်းပေါ်အုပ်မိုးနေသော ပျဉ်းမပင်ကြီး ပေါ်သို့ ဦးဗညိုလှမ်းကြည့်လိုက်သည်။

အောင်သောင်းပြောသလို အရွက်ခြွေထားသော ပျဉ်းမပင်ကိုင်း ခက်များ အစိုးပြိုင်းပြိုင်းတွင် ဖိုးပုတ်ခွက်လောက်ရှိသော ခါချဉ်ထုပ်များ ကလွဲပြီး ဘာမှမမြင်ရ။

သို့သော် 'တက်စမ်း တက်စမ်း'ဟုမြည်နေသော အသံကမူ သူတို့ နှစ်ယောက် ပျဉ်းမပင်ကြီးအောက် ရောက်လာကြသည်ထိ အော်မြည် ခြောက်လှန့်နေတုန်း။

"တက်စမ်း . . . တက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပျဉ်းမပင်ပေါ် မော့ကြည့်ကြသည်။

ဘာမှ အထွေအထူး မမြင်ရ။

ဝေဖြာဖြန့်ကြက်နေသော ခက်လက်များတွင် အိုးပုတ်ခွက်ပုတ် သာသာ ခါချဉ်ဆုပ်များစွာကိုသာ တွေ့ရသည်။

"တက်စမ်း . . တက်စမ်း"

"တက် . . တက်မယ်ကွ ငါတက်လာခဲ့"

"ဝုန်း"

"ဟိုက်"

"အ . . မယ် . . လေးဗျ သေပါပြီ"

အောင်သောင်း၏ တက်မယ်ကွ ငါတက်လာခဲ့မယ် ဟူသော စကားပင်မဆုံးလိုက်ရ၊ သူတို့နှစ်ယောက် မျက်စိထဲတွင် တစ်ယောက် ဖက်လောက်ရှိသော မည်းမည်းလုံးလုံး သရဲကြီးတစ်ကောင်သည် ပျဉ်းမ ပင်ကြီးပေါ်က ဝုန်းခနဲခုန်ချလိုက်လေသည်။

ထိုအခါ ကျွဲခေါင်းကြီးဦးဗညိုနှင့် အောင်သောင်းတို့ နှစ်ဦးမှာ တစ်ယောက်ကိုတစ်ယောက်ပင် ဂရုမစိုက်နိုင်ကြတော့ဘဲ အမယ်လေး အဘလေးအော်ကာ စခန်းသို့ပြေးလာကြလေသည်။

✻

အမယ်လေး အဘလေးအော်ကာ စခန်းသို့ သေပြေး ရှင်ပြေး ပြေးလာကြသော ဦးဗညိုနှင့် အောင်သောင်းတို့ကြောင့် စခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွား၏။

ညနေစောင်းတွင် စခန်းထဲလာ၍ ခေါင်ရည်ရောင်းနေကျ ချင်း အဘိုးကြီးအမယ်ကြီး လင်မယားနှစ်ယောက်တို့ပင် လန့်ဖျပ်သွားကြသည်။





သစ်ဆွဲလမ်းနားက သစ်ခြောက်ပင်အကြောင်းနှင့် ယနေ့ သူတို့ နှစ်ယောက်ကိုယ်ပေါ် သရဲကြီး ခုန်ချခြောက်လှန့်လိုက်၍ ပြေးလာကြ ရကြောင်း ဦးဗညိုကပြောသောအခါ ချင်းအဘိုးကြီးမှာ ခွက်ထိုးခွက်လန် ရယ်လေသည်။

ယခုပြောသော တစ္ဆေသရဲတွေ သူတို့တောင်ပေါ်မှာ မကြာခဏ အခြောက်ခံရသည်ဟုဆိုသည်။

ထိုသရဲတစ္ဆေများကို သူတို့က သစ်ပင်ခေါင်းများပေါ်တွင် မွေး ထားပြီး တခြား ချေ၊ ဝက်၊ သမင်၊ ဒရယ်၊ တောကြက်စသည် အသား မရသောနေ့မှာ သတ်စားသည်ဟုဆိုလေသည်။

လူတွေမှာ အံ့ဩပြီး ချင်းအဘိုးကြီးကို သေသေချာချာမေးကြ လေသည်။

ချင်းအဘိုးကြီး ပြောပြသည်မှာ တိရစ္ဆာန် တစ်ကောင်ဟုတော့ နားလည်ကြသော်လည်း မည်သည့်အကောင်မှန်း ပုံဖော်၍မရကြ။

ထိုအခါ ချင်းအဘိုးကြီးက ဦးဗညိုနှင့် အောင်သောင်းတို့အား ခြောက်လှန့်လိုက်သော သရဲကို ယခုသွားဖမ်းလျှင်လည်း ရရမည်ဟု ဆိုသဖြင့် စခန်းထဲရှိ လူတပ်ကြီးနှင့် ပျဉ်းမပင်အောက် ရောက်သွား ကြသည်။

အဘိုးကြီးသည် ပျဉ်းမပင်ပေါ် တက်သွား၏။

လူတွေ အောက်က ဝိုင်းကြည့်နေကြသည်။

ခဏအကြာမှာပင် . . . .

ပျဉ်းမပင်ကြီး၏ ခွကြားသစ်ခေါင်းမှ သင်းခွေချပ်တစ်ကောင်ကို ဆွဲထုတ်ကာ အောက်သို့ပစ်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(သင်းခွေချပ်များသည် လှပရှည်သလောက် အသံမျိုးစုံကိုတုရ၍ အော်တတ်သည်။ လူသံ၊ ကြက်တွန်သံ၊ ငှက်အော်သံတို့မှာ သင်းခွေချပ်တို့ နားအစွဲဆုံး အသံများဖြစ်သည်။ ယခုသစ်ဆွဲလမ်းမှ ကျွဲတက်လမ်းကို ရောက်တိုင်း လူတွေက ကျွဲများကို 'တက်စမ်း တက်စမ်း'ဟုမောင်းနှင်သော အသံကို နေ့စဉ်ကြားရ၍ နားစွဲကာ ထိုအသံဖြင့် ကျွဲခလောက်သံကြားတိုင်း လူတွေကိုပြန်ခြောက်သည်။

အမှန်က သင်းခွေချပ်သည် ပင်ကိုအားဖြင့် အလွန်ကြောက်တတ်သောတိရစ္ဆာန်ဖြစ်သည်။ သူခြောက်သော်လည်း လူတွေက ပြေးမသွားဘဲ သစ်ပင်အောက်ကိုသာ ရောက်လာသောအခါ ခါချဉ် စားနေရာမှ အကြောက်လွန်ပြီး သစ်ပင်ပေါ်က လိမ့်ကျလာတာဖြစ်သည်ဟု ချင်းအဘိုးကြီးက ကေန်ကေဖွင့်ဆိုလေသည်။)

(သစ်ဆွဲသမားများ ပြောသောပုံပြင်များမှ)

(၁၉၉၆ ခုနှစ်၊ ရတနာသစ်မဂ္ဂဇင်း)

**ဗိုးတေဇ**

BURMESE CLASSIC

www.burmeseclassic.com